

# ဝဏ္ဏအောင်

ကောက်ဥ၏ဝင်းယန့်ခွမ်းရှု

မာယာကျွန်ရက်

ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း

တိုးတက်ရေးစာပေ

# ဝဏ္ဏအောင်

## မာယာကွန်ရက်

(ဒုတိယပိုင်း-ဓာတ်သိမ်း)

တိုးတက်ရေးစာပေ

## အခန်း (၁၃)
## သစ္စာရှင်ခွင်

လဝန်းအား ကဗျာဆရာများ၏ဖွဲ့ဆိုသီကုံးခြင်း၊ တေးရေး သူတို့၏ ဖော်ကျူးသီဆိုခြင်း၊ စာရေးဆရာများ၏ချစ်ခြင်းမေတ္တာအ တွက် ရေးသားဖွဲ့နွဲ့ခြင်း ပြုလေ့ရှိပေသည်။

လဝန်းအားကြည့်ကာ တချို့က ပီတိဖြာတတ်ကြသည်။ တချို့ကမူ ပူဆွေးတတ်ကြ၏။ အချို့က ဝမ်းနည်းတတ်ကြပေသည်။ တချို့က အရက်သောက်တတ်ကြသည်။

ထိုသို့သောလူများထဲတွင် ချန်းစွမ်းချိုဖုန်းနှင့် ကို့ကျဲကျုံးလီ တို့လည်း ပါရှိကြလေသည်။ သူတို့သည် ဝါးအိမ်ကလေးရှေ့တွင် ဝါး စားပွဲနှင့် ကုလားထိုင်တို့ကိုချကာ လရောင်ကို ခံစားရင် မျက်နှာချင်း ဆိုင်ထိုင်၍ အရက်သောက်နေကြသည်။

သူတို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြပါ။ အကြောင်းမှာ ... မိမိတို့နှစ်ယောက်၏အာရုံအား အိမ်ကလေးပေါ်မှ

တီးခတ်နေသော ဝမ်းစွေချင်း၏ဗျပ်စောင်းသံက ညှို့ယူဖမ်းစားထားခြင်းကြောင့်ပင် မဟုတ်ပါလား။

ဗျပ်စောင်းသံသည် အလွန်သာယာ၍ ငြိမ့်ညောင်းလှပေသည်။ သို့သော် ... အလွန်ကြေကွဲဝမ်းနည်းဖွယ်ကောင်းသော သံစဉ်တစ်ခု ဖြစ်နေသည်။

လုံမင်းသားကို့ကျဲကျူးလီသည် အရက်ခွက်ကို နှုတ်ခမ်းတွင်တေ့ကာ ဖြည်းညင်းစွာ မော့သောက်နေရာမှ မျက်စိကို မှိတ်ထားလေသည်။ မေတ္တာစားသမား ချန်းစွမ်းချိဖုန်းကမူ အရက်သောက်နေရာမှ ဝမ်းစွေချင်းထံကို လှမ်းကြည့်နေသည်။

ဝမ်းစွေချင်း၏မျက်ဝန်းအစုံတွင် မျက်ရည်များစီးဆင်း ကျနေသည်။ သူမ၏မျက်နှာသည် ကြေကွဲဝမ်းနည်းခြင်း၊ နူးညံ့သိမ်မွေ့ခြင်း စသည့်ခံစားချက်များ ပေါ်လွင်နေသည်။

မေတ္တာစား ချန်းစွမ်းချိဖုန်းသည် သူမအား ကြည့်ရင်း ရင်ထဲ၌ ဖော်မပြနိုင်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရလေသည်။ ယင်းကြောင့် ... လုံမင်းသားအား နှစ်သိမ့်နိုင်ရန် လှည့်ကြည့်လိုက်လေသည်။

အကြောင်းကား ... လုံမင်းသား၏မှိတ်ထားသော မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသောကြောင့် ဖြစ်သည်။ သူသည်



လုံမင်းသားကို တီးတိုးခေါ်လိုက်သည်။

"အစ်ကိုညီလေး"

လုံမင်းသားသည် မျက်ဝန်းကိုမှိတ်လျက်မှပင် တီးတိုးမေးလိုက်သည်။

"ပြောပါ"

ချန်းစွမ်းချိဖုန်းက သူ့အား ကရုဏာသက်စွာ ကြည့်လိုက်လေသည်။

"ဝမ်းမိန်းကလေးရဲ့ ဗျပ်စောင်းသံကြောင့် မင်းရင်ထဲမှာ ညီမလေးကို သတိရပြီး ထိခိုက်နာကျင်နေတယ်ဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမဲ့ သူ့ကို ရွေးချယ်လိုက်တာဟာ မှန်ကန်တဲ့ ရွေးချယ်မှုမျိုးပါ"

လုံမင်းသားမျက်လုံးသည် မှေးမှိတ်လျက် ငြိမ်သက်နေလေသည်။ အတန်ကြာမှ ... သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟင်း ... ကျုပ်ဟာ ယောကျ်ားတစ်ယောက်ပါ၊ ဒါကြောင့် သစ္စာရှိပြီး ယောကျ်ားပီသစွာနဲ့ သူ့ကို ရွေးချယ်ခဲ့ပြီးပြီပဲ"

ချန်းစွမ်းချိဖုန်းသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးလေ၊ သူ အခု စိတ်ထိခိုက်နေတယ်၊ ငို

ကြွေးနေတယ်၊ ဒါကို မင်းအနေနဲ့ နှစ်သိမ့်အားပေးမှု မပြုသင့်ဘူးလား"

ထိုစကားကြောင့် ကို့ကျဲကျုံးလီသည် မျက်ဝန်းအား ဖြည်းညင်းစွာ ဖွင့်ကြည့်လိုက်လေသည်။ ယင်းနောက် ... ဝမ်းစွေချင်းထံသို့ လှမ်းကြည့်လိုက်သည်။

ဝမ်းစွေချင်းသည် မျက်ရည်များ သွင်သွင်စီးကျနေရာမှ ဗျပ်စောင်းကို ဖြည်းညင်းစွာတီးခတ်နေလေသည်။ ချန်းစွမ်းချိုဖုန်းက သူ၏ပခုံးကို တစ်ချက်ပုတ်လိုက်သည်။

"ကိုယ့်ညီလေး ... မင်း သူ့ကိုသွားပြီး နှစ်သိမ့်လိုက်ပါဦး"

ပြောပြီး ထရပ်လိုက်သည်။ ကို့ကျဲကျုံးလီက သူ့အား မော့ကြည့်လိုက်သည်။

"အစ်ကိုကြီး ... ဘယ်သွားမလို့လဲ"

ချန်းစွမ်းချိုဖုန်းသည် လဝန်းအား တစ်ချက်မော့ကြည့်လိုက်သည်။

"အင်း ... ရောက်တုန်းရောက်ခိုက် လဝန်းရဲ့အလင်းရောင်နဲ့ ပန်းပေါင်းစုံတောင်ကြားကို လေ့လာလိုက်ဦးမယ်ကွာ"

ကို့ကျဲကျုံးလီက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ ဒါပေမဲ့ အဝေးကြီးမသွားပါနဲ့၊ မိန်းကလေး



ပြောဖူးတဲ့ စကားအရဆိုရင် ဒီနေရာနဲ့ နောက်ဘက် ဆယ်မိုင်အကွာမှာ တောအုပ်တစ်ခုရှိပြီး မြွေဆိုးတွေ လာလေ့ရှိတယ်လို့ ပြောတာပဲ"

ချန်းစွမ်းချိုဖုန်းက ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... စိတ်ချပါကွာ၊ ကျုပ် အဲဒီလောက်ထိ မသွားပါဘူး"

ယင်းအချိန် ... ဗျပ်စောင်းကြိုး ပြတ်တောက်သံနှင့်အတူ ဗျပ်စောင်းသံမှာ တိခနဲ ပြတ်တောက်သွားခဲ့လေသည်။

ချန်းစွမ်းချိုဖုန်းနှင့် ကို့ကျဲကျုံးလီတို့သည် ပြိုင်တူလှည့်ကြည့်လိုက်သည်။ ဝမ်းစွေချင်း၏လက်ညှိုးကလေးမှာ နီရဲသောသွေးများ စီးကျနေပြီး တခြားလက်တစ်ဖက်နှင့် လက်ညှိုးလေးအား သွေးညှစ်ထုတ်နေ သည်ကို တွေ့မြင်လိုက်ရလေသည်။

ချန်းစွမ်းချိုဖုန်းသည် ကို့ကျဲကျုံးလီအား ကြည့်ကာ ပခုံးတစ်ချက် တွန့်လိုက်သည်။ ထို့နောက် ... ခြေလှမ်းကျဲဖြင့် ထွက်ခွာသွားလေသည်။

ကို့ကျဲကျုံးလီသည် သက်ပြင်းတစ်ချက်ချကာ ဝမ်းစွေချင်းထံသို့ လျှောက်လာခဲ့လေတော့သည်။

❋

ဝမ်းခွေချင်းသည် လက်ညှိုးကလေးအား လက်တစ်ဖက်ဖြင့် သွေးညှစ်ထုတ်နေသည်။ ကို့ကျဲကျုံးလီသည် သူမအနီးသို့ ရောက်ရှိလာကာ လက်ကလေးအား ငုံ့ကြည့်လိုက်သည်။

"ဘယ်လိုဖြစ်သွားတာလဲ"

ဝမ်းခွေချင်းသည် သူ့အား ဖြည်းညင်းစွာမော့ကြည့်လိုက်သည်။

"ကျွန် ... ကျွန်မလက်ကို ဗျပ်စောင်းကြိုးနဲ့ တိုက်မိသွားတယ်"

ကို့ကျဲကျုံးလီက မျက်ခုံးပင့်ကာ ပြောလိုက်သည်။

"ဗျပ်စောင်းကြိုးပြတ်တာက လက်ကိုစိုက်မိဖို့ သိပ်မလွယ်ဘူး၊ ကြည့်ရတာ မင်းက ဗျပ်စောင်းကို အားစိုက်တီးလိုက်သလား"

ဝမ်းခွေချင်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ဟုတ် ... ဟုတ်ပါတယ်"

ကို့ကျဲကျုံးလီသည် သူ့အား စိုက်ကြည့်လိုက်သည်။

"ကြည့်ရတာ ကျုပ်နဲ့ အစ်ကိုကြီးချန်းတို့ ပြောတဲ့စကားကို မင်း ကြားခဲ့ပြီထင်တယ်"

ဝမ်းခွေချင်းက ခေါင်းညိတ်လိုက်သည်။



"ဟုတ် ... ဟုတ်ပါတယ်"

ကို့ကျဲကျုံးလီက သက်ပြင်းတစ်ချက် ချလိုက်သည်။ သူသည် ဝမ်းခွေချင်း၏သွေးထွက်နေသော လက်ကလေးအား ငုံ့ကြည့်ကာ ကရုဏာသက်စွာ မေးလိုက်သည်။

"မင်းလက်ကို ပြပါဦး"

ဝမ်းခွေချင်းသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကျွန်မကို ဂရုမစိုက်ပါနဲ့ရှင်၊ အခုချိန်မှာ အရေးကြီးတာက ရှင့်ရင်ထဲမှာ ခံစားနေရတဲ့ဝေဒနာကို ဖြေသိမ့်ဖို့ နည်းလမ်းရှာသင့်ပါတယ်"

ကို့ကျဲကျုံးလီသည် သူမအား စိုက်ကြည့်နေ၏။ သူ၏ရင်ထဲတွင် မိမိမှာ အပြစ်တစ်စုံတစ်ရာ ကျူးလွန်မိသည့်အလား ခံစားနေမိလေသည်။

"ခွင့်လွှတ်ပါ၊ ကျုပ် သူ့ကို ဒီအချိန်မှာ သတိမရသင့်တော့ဘူးဆိုတာ နားလည်ထားပါတယ်၊ ဒါပေမဲ့ ..."

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်သည်။ ဝမ်းခွေချင်းက ခေါင်းညိတ်လိုက်၏။

"ကျွန်မ နားလည်ပါတယ်၊ ရှင်ဟာ မေတ္တာတရားကြီးမား

တဲ့ ယောကျ်ားတစ်ယောက်ဆိုတော့ သူ့ကို မေ့နိုင်ဖို့ မလွယ်ပါဘူး”

ကို့ကျဲကျုံးလီရင်ထဲ၌ နာကျင်လာလေသည်။ ဝမ်းဆွေချင်းသည် စကားကို ခေတ္တနားပြီးမှ စကားဆက်လိုက်သည်။

“ရှင် … သူ့ကို မေ့နိုင်ဖို့ မကြိုးစားပါနဲ့၊ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်မ ကျေနပ်ပါတယ်၊ ရှင်ဟာ ဘယ်တော့မှ ကျွန်မကို သစ္စာမဲ့မှာမဟုတ်ဘူး”

ကို့ကျဲကျုံးလီ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားလေသည်။ သူသည် နှုတ်ခမ်းကိုတင်းတင်းကိုက်လိုက်သည်။

“စိတ်ချပါ … ကျုပ် မင်းကို ဂရုစိုက်မှာပါ”

သူမက ပြုံးလိုက်သည်။

“ကျွန်မ ရှင့်ကို ယုံကြည်ပါတယ်၊ ရှင့်ရဲ့ရင်ခွင်ဟာ ကျွန်မအတွက် သစ္စာရင်ခွင်တစ်ခုပါပဲ”

ကို့ကျဲကျုံးလီသည် သူမကို စိုက်ကြည့်လိုက်သည်။ မှိန်ပျပျမီးရောင်အောက်တွင် သူမသည် အလွန်ချောမောသန့်ပြန့်နေသည်။ သူမသည် ဖြည်းလေးစွာ ထရပ်လိုက်သည်။

“မင်း ဘယ်သွားမလို့လဲ”

ကို့ကျဲကျုံးလီက ပျာပျာသလဲ မေးလိုက်သည်။ ဝမ်းဆွေချင်းက ခေါင်းငုံ့လိုက်သည်။



“ကျွန်မ အိပ်တော့မယ်”

ကို့ကျဲကျုံးလီသည် ကောင်းကင်ပေါ်သို့ တစ်ချက်မော့ကြည့်ကာ ခေါင်းညိတ်လိုက်သည်။

“ကောင်းတယ် … ညဥ့်နက်နေပြီဆိုတော့ အနားယူတာ ကောင်းပါတယ်”

ဝမ်းဆွေချင်းက သူ၏မျက်နှာအား လက်ကလေးဖြင့် ယုယကြင်နာစွာ စမ်းကြည့်လိုက်သည်။

“ဒါနဲ့ … ရှင်ရော …”

ကို့ကျဲကျုံးလီ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။ သို့သော် … မချိပြုံးပြုံးလိုက်ပြီး …

“ကျုပ် မအိပ်ချင်သေးဘူး”

ဝမ်းဆွေချင်း၏မျက်နှာလေး ညှိုးနွမ်းသွားလေသည်။

“ကို့ကျဲကျုံးလီ … ရှင့်အတွက် ကျွန်မနဲ့နေရတာ အကျဉ်းထောင်တစ်ခုထဲက ကြိုးမိန့်ပေးခံရတဲ့ အကျဉ်းသားတစ်ယောက်လိုများ ဖြစ်နေပြီလားရှင်”

သူက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

“ဟာ … မင်း ဘာတွေပြောနေတာလဲ၊ မင်းက ကျုပ်ဘဝရဲ့ အသက်သခင် ကျေးဇူးရှင်ပဲ၊ ဒီလိုထင်စရာအကြောင်း မရှိပါဘူး”

သူမက ခပ်ယဲ့ယဲ့ပြုံး၍ သက်ပြင်းချလိုက်သည်။

"အင်း ... ဒါပေမဲ့ တကယ်ဆိုရင် ကျွန်မ ရှင့်ကို ကျေးဇူး တရားဆိုတာနဲ့ ချည်နှောင်ပြီး ဒီနေရာကိုခေါ်လာသလို ဖြစ်နေပြီ"

သူမက စကားဆက်လိုက်သည်။

"အမှန်တော့ ဦးလေးလွှကာ သူ့ရဲ့မွေးရပ်ဌာနေကိုပြန်ပြီး ဇနီးသားသမီးတွေနဲ့ ပြန်လည်ဆုံတွေ့နေထိုင်ချင်တယ်လို့ ပြောလာတာကြောင့် ရှင့်ကို အကူအညီတောင်းမိတာပါ၊ ဒါပေမဲ့ ..."

ကိုကျဲကျုံးလီက မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

"ဒါပေမဲ့ ... ဘာဖြစ်သလဲ"

ဝမ်းစွေချင်းက ပြုံးလိုက်သည်။ ကြေကွဲဝမ်းနည်းသော အပြုံးမျိုးဖြစ်သည်။

"ရှင့်ရဲ့အသည်းနှလုံးကို ရင်းနှီးခဲ့ရလိမ့်မယ်လို့ ကျွန်မ တကယ်မထင်မိဘူး"

ကိုကျဲကျုံးလီ၏ရင်ထဲ၌ နာကျင်လာသည်။

"ဒါတွေပြောမနေပါနဲ့တော့၊ ကျုပ် မင်းကို ဂရုစိုက်မှာပါ"

ဝမ်းစွေချင်းသည် သူ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်လေသည်။ ယင်းနောက် အလွန်ပျော့ပျောင်းချိုသာသောအသံဖြင့် ...

"တကယ်ပဲလားဟင်"



ကိုကျဲကျုံးလီက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ ကဲ ... ညဉ့်နက်လှပြီ၊ မင်း အိပ်ပါတော့"

ဝမ်းစွေချင်းသည် သူ့အား မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ရှင်ရော"

ကိုကျဲကျုံးလီသည် သက်ပြင်းတစ်ချက် ကျိတ်၍ ချလိုက်သည်။

"အင်း ... အစ်ကိုကြီးချန်း ရောက်နေတုန်း ကျုပ် စကား ပြောဦးမယ်၊ နောက်နောင်ဆိုရင် တွေ့ဖို့အခွင့်အရေး အရမ်းနည်းပါး သွားပြီ မဟုတ်လား"

ဝမ်းစွေချင်း၏မျက်နှာပေါ်တွင် ပြုံးယောင်သမ်းလာလေသည်။ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"ကောင်းပြီလေ၊ ဒါဆိုရင် ကျွန်မ သွားအိပ်ပါတော့မယ်"

ကိုကျဲကျုံးလီသည် သူမ၏လက်ကလေးအား ဆွဲကိုင်ကာ အတွင်းခန်းထဲအထိ လိုက်လံပို့ဆောင်ပေးလိုက်လေသည်။ ဝမ်းစွေချင်းသည် ဝါးကွပ်ပျစ်ပေါ်တွင် လှဲချလိုက်ပြီး သိမ်မွေ့စွာ ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ကို့ကျဲကျုံးလီသည် ပြုံးလျက် ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုမပြောပါနဲ့၊ ကျေးဇူးတရားချင်းယှဉ်မယ်ဆိုရင် မင်းရဲ့ ကျေးဇူးက ပိုပါတယ်"

ပြောရင်း ငွမ်းစောင်တစ်ထည်အား ဖြန့်ကာ ဝမ်းစွေချင်း၏ ခန္ဓာကိုယ်အား လွှမ်းခြုံပေးလိုက်လေသည်။ ဝမ်းစွေချင်းသည် မျက်လုံးအား ဖြည်းညင်းစွာ မှိတ်လိုက်သည်။ သူမ၏နှုတ်ခမ်းအစုံသည် ပြုံးယောင်သမ်းနေလေသည်။ နူးညံ့သိမ်မွေ့၍ လှပသောအပြုံးဖြစ်၏။

တစ်ခဏအကြာ ... သူမထံမှ အသက်ရှူသံ မှန်မှန်ထွက်ပေါ်လာလေသည်။ ကို့ကျဲကျုံးလီသည် သူမအား စိုက်ကြည့်နေ၏။ လခြမ်းကွေးသဏ္ဍာန်မျက်ခုံးအစုံ ကော့သွယ်၍ ရှည်လျားသော မျက်တောင်မည်းများ ပန်းနုရောင်ပါးပြင်နှင့် ဖူးအိနေသော နှုတ်ခမ်းအစုံကြောင့် အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း နားလည်မိလေသည်။

ထို့ပြင် ... သူမ၏အလှသည် အတူအိပ်စက်စေရန် ဖိတ်ခေါ်နေသည့်အလား။ သို့သော် ... သူသည် သူမနှင့်အိပ်စက်လိုခြင်းမရှိပါ။ အကြောင်းကား ... ချန်းထန်စုံအား မြတ်နိုးတွယ်တာခဲ့သော သူ၏နှလုံးသားသည် သူမထံသို့ ရုတ်ခြည်းပြောင်းလဲရန် အင်အားမရှိ



သောကြောင့်ဖြစ်သည်။ သူသည် သက်ပြင်းတစ်ချက်ချကာ ခြေဖော့နင်း၍ အခန်းအပြင်သို့ လျှောက်လာခဲ့လေတော့သည်။

* * *

## အခန်း (၁၄)

## သံသယအထပ်ထပ်

ညဥ့်သည် ပို၍နက်ရှိုင်းလာသည်။

လဝန်းသည် ပို၍ဝိုင်းစက်တောက်ပလာသည်။

ရေတံခွန်မှ စီးဆင်းလာသော ရေများသည် စမ်းချောင်းက လေးအဖြစ် ကွေ့ပတ်စီးဆင်းနေသည့် ကျောက်တုံးတစ်တုံးပေါ်တွင် ချမ်းစွမ်းချိုဖုန်း ထိုင်နေသည်။ သူသည် တစ်စုံတစ်ခုအား နက်နက်ရှိုင်းရှိုင်း စဉ်းစားနေဟန်ရှိလေသည်။

ယင်းအချိန် ... ပေ့ါပါးသောခြေသံကြောင့် လှမ်းကြည့်လိုက်ရာ ကို့ကျဲကျုံးလီ လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရသည်။

ချမ်းစွမ်းချိုဖုန်းသည် သူ့အား အံ့ဩစွာ ကြည့်လိုက်၏။

"မင်း မအိပ်သေးဘူးလား"

ကို့ကျဲကျုံးလီသည် သူနှင့်မလှမ်းမကမ်းရှိ ကျောက်တုံးကြီး တစ်တုံးတွင် ဝင်ရောက်ထိုင်ချကာ မချိပြုံး ပြုံးလိုက်၏။



"ကျုပ် အိပ်ချင်တဲ့ဆန္ဒမရှိလို့ပါ"

ချမ်းစွမ်းချိုဖုန်းသည် သူ့အား စိုက်ကြည့်လိုက်၏။ ကို့ကျဲကျုံးလီ၏မျက်နှာတစ်ခုလုံးသည် သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။ မျက်လုံးအစုံကလည်း ယခင်ကဲ့သို့ ဝင်းလက်တောက်ပခြင်းမရှိဘဲ ရီဝေနေ၏။

"မင်းကိုကြည့်ရတာ ကျုပ် တကယ်စိတ်မသက်သာဘူးကွာ၊ အခုနေ မင်းရဲ့ဖြစ်ပျက်နေတဲ့မျက်နှာကို ချန်းစုံထန်ကသာ တွေ့မြင်မယ်ဆိုရင် ဘယ်လောက်ကြေကွဲဝမ်းနည်းနေမလဲ"

ကို့ကျဲကျုံးလီက ပြုံးလိုက်သည်။ နာကျင်ကြေကွဲသော အပြုံးမျိုးဖြစ်သည်။

"စိတ်ချပါ ... သူနဲ့ကျုပ် တွေ့ဆုံဖို့ မရှိနိုင်တော့ပါဘူး"

ချမ်းစွမ်းချိုဖုန်းသည် သူ့အား စေ့စေ့ကြည့်လိုက်၏။

"မင်း တကယ်ပဲ ဒီမှာ ဒီလိုဝေဒနာ ခံစားရင်း တစ်သက်လုံး သွားတော့မှာလား"

ကို့ကျဲကျုံးလီ၏မျက်နှာတစ်ခုလုံး ညှိုးနွမ်းသွားလေသည်။ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"ကျုပ် ဒီလမ်းကလွဲပြီး တခြားရွေးချယ်စရာလမ်း မရှိပါဘူး"

ချမ်းစွမ်းချိုဖုန်းသည် သူ့အား မျက်လုံးပင့်ကာ ကြည့်လိုက်

သည်။ အတန်ကြာမှ ... ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ...

"ကျုပ်ရဲ့စိတ်ရင်းအတိုင်း ပြောရရင် မင်းကို ဒီမှာ မနေစေချင်ဘူး"

ကို့ကျဲကျုံးလီသည် သူ့အား တွေဝေငေးငိုင်စွာဖြင့် ကြည့်နေလေသည်။ ချန်းစွမ်းချိုဖုန်းသည် ပခုံးတစ်ချက်တွန့်၍ စကားဆက်လိုက်သည်။

"ဒီစကားကို ကျုပ်ပြောတာဟာ ကျုပ်ညီမနဲ့ မင်းရဲ့စိတ်ခံစားမှုကြောင့် မဟုတ်ဘူးနော်"

ကို့ကျဲကျုံးလီသည် သူ၏စကားကြောင့် စိတ်ဝင်စားလာမိလေသည်။

"ဒါဖြင့် ပြောပါဦးဗျာ ... ဘာဖြစ်လို့လဲဟင်"

ချန်းစွမ်းချိုဖုန်းသည် သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းရဲ့အသက်အန္တရာယ်ကြောင့်ပဲ"

ကို့ကျဲကျုံးလီ၏မျက်ခုံးအစုံမှာ နဖူးပေါ်သို့ ပင့်တက်သွားလေသည်။

"ဘယ်လို ... ကျုပ်ရဲ့အသက်အန္တရာယ်ကြောင့် ... ဟုတ်လား"

ချန်းစွမ်းချိုဖုန်းက ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ် ... မင်းရဲ့အသက်အန္တရာယ်ကြောင့်ပဲ"

ကို့ကျဲကျုံးလီသည် သူ့အား မျက်မှောင်ကုတ်ရင်း ကြည့်လိုက်သည်။

"ဒီနေရာမှာ ဆက်နေရင်း မင်းကို လုပ်ကြံမည့်သူရှိတယ်"

ကို့ကျဲကျုံးလီသည် သူ၏စကားကြောင့် အနည်းငယ် အံ့ဩမိလေသည်။

"ဟုတ်လား ... ဘယ်သူလဲ"

ချန်းစွမ်းချိုဖုန်း၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်လာလေသည်။

"ပန်းပေါင်းစုံတောင်ကြားမှာ လူဘယ်နှယောက်ရှိလဲ"

ကို့ကျဲကျုံးလီ၏မျက်လုံးအစုံသည် နဖူးပေါ်သို့ ခုန်တက်သွားလေသည်။

"ဟင် ... အစ်ကိုကြီးချန်း ဆိုလိုတာက ကျုပ်ကို ဝမ်းစွေချင်းနဲ့ လွေထင်းရှန်တို့က လုပ်ကြံမယ်ဆိုပါတော့"

ချန်းစွမ်းချိုဖုန်းသည် သူ့အား စူးရှသောမျက်လုံးအစုံစိုက်ကြည့်လိုက်သည်။

"ဟုတ်တယ်"

ကို့ကျဲကျုံးလီသည် မိမိအတွက် စိုးရိမ်ကြီးနေသော ချန်း

စွမ်းချိုဖုန်းအားကြည့်ကာ ပြုံးလိုက်မိသည်။

"အစ်ကိုကြီးချန်း ... ခင်ဗျား ကျုပ်အတွက် စိုးရိမ်ကြီးနေပြီထင်တယ်"

ချန်းစွမ်းချိုဖုန်း၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်လာလေသည်။

"စိုးရိမ်ကြီးတာမဟုတ်ဘူး၊ မင်းရင်ဆိုင်ရတော့မယ့် အန္တရာယ်ခရီးကို ပြောနေတာကွ"

ကို့ကျဲကျုံးလီသည် သူ၏စကားကြောင့် တွေဝေသွားမိလေသည်။

"အစ်ကိုကြီးချန်း ... ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"

ချန်းစွမ်းချိုဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"လွေထင်ရှန်းဟာ ကိုးနဂါးသခင်ကြီး ချူးထင်ဟိုရဲ့ သစ္စာခံလူတစ်ယောက်ပါ၊ သူဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတောင်မှ ကျုပ်အဖေကို ကလဲ့စားချေဖို့ ကြိုးစားခဲ့သေးတယ်"

သူသည် ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး ...

"အခုလိုရုတ်ခြည်း ပြောင်းလဲပြီး ကျုပ်ကို မိတ်ဆွေဖွဲ့တာဟာ တကယ်သံသယ ဖြစ်စရာပဲ၊ ကျုပ် ဘယ်လိုမှ သူ့ကို ယုံကြည်လို့မရဘူး"



ကို့ကျဲကျုံးလီသည် တွေဝေသွားမိပြန်၏။ အတန်ကြာမှ ... သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အင်း ... အစ်ကိုကြီးချန်းအနေနဲ့ သူ့ရဲ့ရန်ငြိုးကြီးမှုကို သိရှိထားတော့ ဒီလိုသံသယဝင်တာကို အပြစ်မတင်ပါဘူးလေ၊ ဒါပေမဲ့ ..."

မေတ္တာခေး ချန်းစွမ်းချိုဖုန်းသည် သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ဒါပေမဲ့ ... ဝမ်းမိန်းကလေးကို ဘာဖြစ်လို့ သံသယဝင်လဲလို့ ပြောချင်တယ် မဟုတ်လား"

လှံမင်းသားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ချန်းစွမ်းချိုဖုန်းသည် သူ့အား ကရုဏာသက်စွာ ကြည့်လိုက်လေသည်။

"ကိုးနဂါးသခင်ကြီး ချူးရဲ့သစ္စာခံတစ်ယောက်နဲ့ ပတ်သက်နေတဲ့သူကို ကျုပ်က သံသယမဝင်သင့်ဘူးလား"

လှံမင်းသားသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"အစ်ကိုကြီးချန်း ... သူ လွေထင်းရှန်နဲ့ ပတ်သက်ခဲ့တာက

ဆေးကုသပေးရင်း ကြုံဆုံခဲ့ရတဲ့ ပတ်သက်ခြင်းမျိုးပါ၊ အခုလည်း ကျုပ် ဒီကိုလာခဲ့ရတဲ့ အဓိကအချက်ဟာ လွေထင်းရှန်ဟာ အသက်ကြီးလာလို့ သူ့ဇနီးသားသမီးတွေရှိတဲ့ရွာကို ပြန်ချင်တယ်လို့ ပြောလာတာကြောင့် စောင့်ရှောက်သူ ကင်းမဲ့သွားတဲ့အတွက် စောင့်ရှောက်ရအောင် လာခဲ့ရတာပါ"

မေတ္တာဓား ချန်းစွမ်းချိုဖုန်းက သူ့အား အတန်ကြာအောင် စိုက်ကြည့်နေသည်။ ထို့နောက် ... ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

"အင်း ... မင်းဟာ ဖြေမရတဲ့ သစ္စာတရားနဲ့ ချုပ်နှောင်ခံထားရတဲ့လူတစ်ယောက်ဖြစ်နေပြီ၊ ဒါကြောင့် ဝမ်းမိန်းကလေးနဲ့ ပတ်သက်လာရင် မင်းရဲ့စိတ်၊ မင်းရဲ့မျက်လုံး၊ မင်းရဲ့နားတွေကို တင်းကျပ်အောင် ပိတ်ထားမယ်ဆိုတာ ကျုပ် နားလည်ပါတယ်"

ကို့ကျဲကျုံးလီရင်ထဲ၌ မွန်းကျပ်လာသည်။

"အစ်ကိုကြီးချန်းရယ် ... သူဟာ မျက်မမြင်ဒုက္ခိတတစ်ယောက်ပါ၊ ဒါကြောင့် ကျုပ်က သနားကရုဏာသက်မိတာပါ၊ ဒါပေမဲ့ သူ့လို နူးညံ့သိမ်မွေ့တဲ့ ဆေးပညာရှင်တစ်ယောက်က လူတစ်ယောက်ကို အသက် ဘယ်လိုကယ်ရမယ်ဆိုတာကလွဲပြီး ဘယ်လိုသတ်ရမယ်ဆိုတာ နားမလည်နိုင်ပါဘူး"



ချန်းစွမ်းချိုဖုန်းသည် သက်ပြင်းတစ်ချက် ချမိလိုက်လေသည်။

"မင်း ... မင်းပြောတာလည်း မှန်ပါတယ်၊ ကျုပ်လည်း ရက်များအတွင်းမှာ ရန်သူတွေနဲ့ မကြာခဏရင်ဆိုင်နေရလို့လား မသိဘူး လူတွေကို ယုံကြည်မှုနည်းပါးပြီး သံသယဝင်တတ်နေတယ်"

လှံမင်းသားသည် သူ၏စကားကြောင့် ခြောက်ကပ်ကပ်ဖြင့် ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ဟား"

"ဒါနဲ့ လွေထင်းရှန်ဆိုတဲ့လူက ဘယ်တော့လောက် ပြန်မှာတဲ့လဲ"

လှံမင်းသားက အနည်းငယ်စဉ်းစားလိုက်သည်။

"သူရဲ့ ပထမအစီအစဉ်ကတော့ ကျုပ်ရောက်ပြီး နောက်နေ့ပြန်မယ်လို့ပြောတာပဲ"

ချန်းစွမ်းချိုဖုန်းသည် မျက်မှောင်တစ်ချက်ကြုတ်ကာ စဉ်းစားနေ၏။ အတန်ကြာမှ ... ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"ကောင်းပြီ၊ ဒါဆိုရင် ကျုပ်လည်း သူနဲ့အတူပြန်မယ်"

လှံမင်းသား ပါးစပ်ပိတ်ထားလိုက်၏။ သို့သော် ... သူ၏ မျက်လုံးအစုံတွင်မူ ကြေကွဲဝမ်းနည်းသော ဟန်မူရာများ ပေါ်လွင်

လာလေသည်။ အကြောင်းကား … ချန်းစွမ်းချိုဖုန်းသည် ငွေရဲတင်းလွှေထင်းရှန်မှ မိမိအား ဒုက္ခပေးလာမည်ကို စိုးသဖြင့် ယခုကဲ့သို့ အစီအစဉ်ပြုလုပ်ကြောင်း နားလည်လိုက်မိသောကြောင့် ဖြစ်သည်။ ယင်းအချိန် … ချန်းစွမ်းချိုဖုန်းသည် ထိုင်ရာမှထကာ အပျင်းတစ်ချက် ဆန့်လိုက်သည်။

"ကဲ … သည်အချိန်ဆိုရင် ကျုပ်တို့ အနားယူကြစို့"

ကို့ကျဲကျုံးလီသည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ အစ်ကို"

ထို့နောက် … သူတို့နှစ်ယောက်သည် ပန်းချင်းယှဉ်ကာ ဝါးအိမ်ကလေးဆီသို့ ပြန်လာခဲ့ကြလေတော့သည်။

* * *



## အခန်း (၁၅)

## မဖိတ်ခေါ်ဘဲ ရောက်လာသောဧည့်သည်

ကြက်တွန်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

နေဝန်းနီသည် မိုးကုပ်စက်ဝိုင်းမှ ခေါင်းပြူစပြုလာသည်။ လဝန်းသည် တိမ်ပြာများကြားသို့ တိုးဝင်ကွယ်ပျောက်သွားလေသည်။

မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် အိပ်ရာမှနိုးလာသောအခါ … ကို့ကျဲကျုံးလီသည် အိပ်ပျော်နေလေပြီ။ မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် ကိုယ်လက်သန့်စင်ကာ ခါးတွင် ဓားကိုချိတ်လျက် ဝါးအိမ်ကလေးထဲမှ ထွက်လာခဲ့လေသည်။

ယင်းအချိန် … အိမ်ကလေးနံဘေးတွင် ငွေပုဆိန် လွှေထင်းရှန်သည် ဖြတ်တောက်ထားသောထင်းတုံးများကို လက်တစ်ဖက်တည်းဖြင့် ပိုင်းခွဲနေသည်ကို တွေ့မြင်လိုက်ရသည်။

မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် သူနှင့်မနီးမဝေးရှိ သစ်တုံး

တစ်တုံးပေါ်တွင် တက်ရောက်ထိုင်ချကာ ပခုံးတစ်ချက် တွန့်လိုက်သည်။

“သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ ငွေပုဆိန်ဟာ ထင်းခွဲတဲ့ပုဆိန်တစ်လက်ဖြစ်နေတယ်ဆိုတာ ကျုပ်ကိုယ်တိုင်သာ မတွေ့ခဲ့ရင် ဘယ်လိုမှ ယုံကြည်နိုင်စရာအကြောင်း မရှိပါဘူးဗျာ”

ငွေပုဆိန်လွှထင်းရှန်သည် သူ့အား စူးရှသောမျက်လုံးအစုံဖြင့် လှမ်းကြည့်ကာ တစ်ချက်ပြုံးလိုက်သည်။

“ကံကြမ္မာဆိုတာ မှန်းဆလို့မရသလို လူတွေရဲ့စိတ်ကိုလည်း မှန်းဆလို့မရပါဘူး၊ တကယ်လို့ သခင်မလေး ဝမ်းစွေချင်းကသာ ကျုပ်ကို စိတ်ရောလူပါ အပင်ပန်းခံပြီး ဆေးကုမပေးခဲ့ဘူးဆိုရင် ကျုပ်ရဲ့စိတ်တွေဟာ ဒီလိုပြောင်းလဲလာစရာအကြောင်း မရှိပါဘူး”

မေတ္တာဓား ချန်းစွမ်းချိဖုန်းသည် သူ့ရှေ့သို့ တုံးလေးတစ်တုံး ပစ်ပေးလိုက်သည်။ ငွေပုဆိန်လွှထင်းရှန်သည် သူပစ်ပေးလိုက်သော တုံးလေးအား တစ်ဖက်တည်းသောလက်ဖြင့် ခုတ်ပိုင်းချလိုက်၏။

‘ခုတ်’

ထင်းတုံးလေးသည် ထက်ခြမ်းကွဲသွားလေသည်။ သူသည်



ထိုထင်းတုံးကလေးအား ညွှန်ပြလိုက်သည်။

“လူ မပြောနဲ့ …သက်မဲ့အရာဝတ္ထုဖြစ်တဲ့ သစ်တုံးတွေတောင် ကျုပ်ရဲ့ပြောင်းလဲမှုကို မယုံစရာဖြစ်နေပါလား”

မေတ္တာဓား ချန်းစွမ်းချိဖုန်းသည် သူ၏စကားကြောင့် အားပါးတရ ရယ်မောလိုက်လေသည်။

“ဟား ဟား ဟား … ကျုပ် ယုံပါပြီဗျာ”

ငွေပုဆိန် လွှထင်းရှန်သည် သူ့အား အေးစက်စက်ဖြင့် စိုက်ကြည့်ကာ မေးလိုက်သည်။

“ဒါနဲ့ ခင်ဗျား ဘယ်တော့ပြန်မှာလဲ”

မေတ္တာဓား ချန်းစွမ်းချိဖုန်းသည် သူ၏အမေးကို အဖြေမပေးပါချေ။ သူသည် ငွေရဲတင်း လွှထင်းရှန်အား စိုက်ကြည့်လိုက်၏။

“ခင်ဗျားရော ဘယ်တော့လောက် ပြန်မလဲ”

ငွေရဲတင်းလွှထင်းရှန်က ပြုံးလိုက်သည်။

“ကျုပ်လား … ကျုပ် နံနက်စာစားပြီးရင် ပြန်မယ်”

ချန်းစွမ်းချိဖုန်းသည် ပြုံး၍ ခေါင်းညိတ်လိုက်၏။

“ကောင်းပြီ … ဒါဆိုရင် ကျုပ်တို့ အတူတူပြန်ထွက်ကြတာပေါ့”

ငွေရဲတင်းလွှေထင်းရှန်သည် သူ့အား အတန်ကြာ စိုက်ကြည့်နေပြီးမှ ခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ ... ကျုပ်လည်း လမ်းခရီးမှာ အဖော်ရတာပေါ့"

သူတို့နှစ်ယောက်သည် စကားအချီအချပြောရင်း ချန်းစွမ်းချီဖုန်းက သစ်တုံးများကိုပစ်ပေးကာ ငွေရဲတင်းလွှေထင်းရှန်သည် ထင်းများကို ခွဲနေလေ၏။ ယင်းအချိန် ... အဝေးဆီမှ အသံတစ်သံထွက်ပေါ်လာ၏။

"ကြက်ဥတွေ ကြက်ဥတွေ ... နံနက်ခင်း အာဟာရပြည့်စေမယ့် ကြက်ဥတွေ"

အသံသည် အိုမင်းရင့်ရော်ပြီး တုန်ခါနေသည်။ ချန်းစွမ်းချီဖုန်းနှင့် ငွေရဲတင်းလွှေထင်းရှန်တို့သည် အသံလာရာဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသောအခါ ... အဘွားအိုတစ်ယောက်သည် ခြင်းတောင်းလေးကိုဆွဲကိုင်၍ တောင်ကြားလမ်းကလေးမှ ထွက်လာသည်ကို တွေ့လိုက်ရလေသည်။ ချန်းစွမ်းချီဖုန်းက ပြုံးလိုက်သည်။ အလွန်လှို့ဝှက်သောအပြုံးဖြစ်သည်။

"မဆိုးဘူး ... ကျုပ်က နံနက်စာဆိုရင် ကြက်ဥပြုတ်ကို အကြိုက်ဆုံးပဲ"



လွှေထင်းရှန်သည် ကြက်ဥရောင်းသော အဘွားအိုအား စိုက်ကြည့်၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်လား ... ဒါဆိုရင် ခေါ်လိုက်လေ"

ချန်းစွမ်းချီဖုန်းက ခေါင်းညိတ်လိုက်သည်။ ထို့နောက် ... လက်တစ်ချက်ဝှေ့ယမ်းကာ ...

"ကြက်ဥရောင်းတဲ့ဘွားဘွား ကျေးဇူးပြုပြီး ဒီကိုလာပါဦးဗျာ"

ကြက်ဥရောင်းသောအဘွားအိုသည် သူ၏ခေါ်သံကြားလိုက်ရသောအခါ မျက်လုံးတစ်ချက် ဝင်းလက်သွားကာ အနီးသို့ လျှောက်လာသည်။ လက်ထဲမှ ကြိမ်ခြင်းတောင်းလေးကို မြှောက်ပြကာ ပြုံးချိုသော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ကြက်ဥကြီးတွေ လတ်ဆတ်ပြီးအလုံးကြီးတယ်ကွဲ့၊ သားတို့ အားပေးကြပါဦးကွယ်"

ချန်းစွမ်းချီဖုန်းသည် အဘွားအိုအား ပြုံး၍ကြည့်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော်တို့ အားပေးမှာပါ ဘွားဘွား"

အဘွားအို၏မျက်နှာတစ်ခုလုံး ပြုံးချိုသွားလေသည်။

"ဝမ်းသာလိုက်တာကွယ်၊ ကြက်ဥအားလုံးပေါင်း ဆယ်လုံး

ပဲ ပါပါတယ်၊ သားတို့ကသာ အားပေးမယ်ဆိုရင် ဆယ်လုံးကို နှစ်ကျပ်ဂဲပေးပါကွယ်"

ထိုအခိုက် ... လွေထင်းရှန်က ကြားဖြတ်မေးလိုက်သည်။

"အဘွား ... ဒီလိုပဲ ကြက်ဥ ရောင်းသလား"

အဘွားအိုက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

လွေထင်းရှန်သည် သူမအား စူးရှစွာ စိုက်ကြည့်လိုက်သည်။

"ဒါနဲ့ အရင်ရက်တွေက အဘွားကို မတွေ့မိပါလား"

အဘွားအိုသည် အရေးအကြောင်းရှုံ့တွနေသော မျက်နှာအား တစ်ချက်ပြုံးလိုက်လေသည်။

"အရင်ရက်တွေက အဘွားက ဈေးမှာပဲ ရောင်းတာကွဲ့"

"ဒါဖြင့် အခုရော ဘာဖြစ်လို့ ဒီမှာလာရောင်းတာလဲ"

"ဒီကနေ့ ဈေးထဲမှာ ကြက်ဥသည်တွေ အများကြီးဖြစ်နေတယ်ကွဲ့၊ ဒါကြောင့် အဘွားက ရွာထဲမှာပဲ လှည့်ပတ်ရောင်းမယ်ဆိုပြီး လာခဲ့တာပါ"

"ဒီနေရာမှာ ကျုပ်တို့အိမ်တစ်လုံးပဲရှိတယ်"

"ဟုတ်ပါရဲ့၊ အဘွားက ဒီနေရာမှာ ရွာလေးတစ်ရွာတော့ ရှိနိုင်ကောင်းတယ်လို့ ထင်ခဲ့မိတာပါ၊ ဘာပဲဖြစ်ဖြစ် အခု အဘွားရဲ့



ကြက်ဥတွေကို လူလေးတို့က အားပေးမှာ မဟုတ်လား"

လွေထင်းရှန်က စကားမပြောတော့ပါချေ။ သူသည် ချန်းစွမ်းချိဖုန်းအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ထင်းတုံးတစ်တုံးကို ခွဲစိတ်ရန် အသင့်ထောင်ထားလိုက်သည်။ ယင်းအချိန် ... အဘွားအိုသည် ချန်းစွမ်းချိဖုန်းအနီးသို့ တိုးကပ်သွားသည်။

"လူလေးရယ် ... အဘွားရဲ့ကြက်ဥတွေက အလုံးကြီးပါတယ်"

ချန်းစွမ်းချိဖုန်းသည် သူမ လှမ်းပေးသော ကြက်ဥခြင်းအား လှမ်းကိုင်လိုက်သည်။ ယင်းတဒင်္ဂလေးမှာပင် ... ဟန့်တားသံတစ်သံ ထွက်ပေါ်လာသည်။

"ရပ်လိုက်"

အားလုံးသောလူများသည် ဟန့်တားသံကြောင့် လှမ်းကြည့်လိုက်ရာ ... ကို့ကျဲကျုံးလီသည် အေးစက်စက်မျက်လုံးအစုံဖြင့် အဘွားအိုအား စိုက်ကြည့်လျက် တစ်လှမ်းချင်း လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

အဘွားအိုသည် သူ့အား တွေ့မြင်လိုက်ရသောအခါ မျက်လုံးများ ပြူးကျယ်သွားလေသည်။ သို့သော် ... သူမသည် ပြုံးလျက် ကြက်ဥများထည့်ထားသော ခြင်းတောင်းကိုဆွဲကာ ကို့ကျဲကျုံးလီထံ

သို့ လျှောက်လာလေသည်။

"ကြည့်ရတာ ဒီက လူလေးက ကြက်ဥပုပ်တွေ လာရောင်းတယ် ထင်လို့လား"

ကို့ကျဲကျုံးလီသည် သူမနှင့်မနီးမဝေးတွင် ရပ်တန့်လိုက်သည်။ ခေါင်းတစ်ချက်ခါယမ်းကာ အဘွားအိုအား စိုက်ကြည့်ရင်း အေးတိအေးစက်ဖြင့် ပြောလိုက်လေသည်။

"ကျုပ်က အဘွားရဲ့ကြက်ဥတွေ ပုပ်တယ်လို့ မပြောမိပါလား"

ချန်းစွမ်းချိုဖုန်းသည် သူ့အား ပြုံးလျက် ကြည့်လိုက်လေသည်။

"ဒါဖြင့် ဘာဖြစ်လို့ ဟန့်တားရတာလဲ"

ကို့ကျဲကျုံးလီက ပခုံးတစ်ချက် တွန့်လိုက်သည်။ ယင်းနောက် အဘွားအိုထံသို့ လျှပ်တစ်ပြက် ခုန်ဝင်သွားကာ ကြက်ဥခြင်းအား လက်ဝါးဖြင့် ပုတ်ထုတ်လိုက်သည်။

'ဝုန်း'

သူ၏လှုပ်ရှားမှုမှာ လျင်မြန်ပြီး တိကျလှပေသည်။ ယင်းကြောင့် ... ကြက်ဥခြင်းသည် အဝေးသို့ လွင့်စဉ်သွား၏။ အဘွားအို၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။ သူမသည် ထိတ်လန့်



တုန်လှုပ်စွာဖြင့် နောက်သို့ ကျွမ်းပစ်ရှောင်တိမ်းကာ မြေပေါ်သို့ ဝပ်ချလိုက်သည်။

ကို့ကျဲကျုံးလီသည် သူမ၏ဟန်မူရာအား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ... ချန်းစွမ်းချိုဖုန်းဆီသို့ ခုန်ဝင်ကာ မြေပြင်ပေါ်သို့ နှစ်ယောက်အတူ လှဲချလိုက်သည်။ ထိုတဒင်္ဂလေးမှာပင် ... လွင့်စဉ်သွားသော ကြက်ဥခြင်းထဲမှ ကြက်ဥများ အချင်းချင်း ရိုက်ပုတ်မိကာ ပေါက်ကွဲသံတစ်သံ ထွက်ပေါ်လာသည်။

'ဝုန်း'

ကို့ကျဲကျုံးလီနှင့် ချန်းစွမ်းချိုဖုန်းတို့သည် မြေပြင်ပေါ်မှ လူးလိမ့်ထရပ်လိုက်ကြလေသည်။ ကြက်ဥရောင်းသော အဘွားအိုကလည်း ထရပ်လိုက်သည်။

ရွှေထင်းရှုန်သည် ကို့ကျဲကျုံးလီမှ ကြက်ဥခြင်းအား လက်ဖြင့်ပုတ်ထုတ်လိုက်စဉ်ကပင် သစ်ပင်တစ်ပင်၏နောက်သို့ ဝင်ပုန်းနေခဲ့ရာ အခုမှ သစ်ပင်အကွယ်မှ ထွက်လာခဲ့လေသည်။

သူသည် တိမ်စိုင်တစ်ခုပမာ မည်းနက်နေသော မီးခိုးလုံးအား ကြည့်ကာ ခေါင်းတစ်ချက် ငဲ့ယမ်းလိုက်သည်။

"တကယ်ပြင်းတဲ့ ယမ်းအားပဲ"

ချန်းစွမ်းချိုဖုန်းသည် မီးခိုးလုံးအားကြည့်ကာ ခေါင်းညိတ်

လိုက်သည်။

“ဟုတ်တယ် ... ဒီယမ်းအားနဲ့သာ လူတစ်ယောက်ကို ထိလိုက်မယ်ဆိုရင် အရိုးအသားတောင် ရှာရမှာမဟုတ်ဘူး ... ကျုပ်တကယ် ကံကောင်းတယ်”

“ကျွန်မကတော့ ကံမကောင်းဘူး”

ဤစကားကို အဘွားအိုက ပြောလိုက်ခြင်းဖြစ်သည်။ သူမ၏အသံသည် ယခုအခါ အိုမင်းရင့်ရော်ခြင်းမရှိဘဲ ကြည်လင်နေလေသည်။ သို့သော် ... သူမ၏မျက်လုံးအစုံတွင်မူ ရက်စက်ကြမ်းကြုတ်လိုသော ဟန်မူရာများ ပေါ်လွင်နေသည်။

ကို့ကျဲကျုံးလီသည် သူမအား ကြည့်ကာ ပခုံးတစ်ချက် တွန့်လိုက်သည်။

“အချစ်ကနေ အမုန်းကို ကူးပြောင်းသွားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရက်စက်ကြမ်းကြုတ်မှုဟာ တကယ့်ကိုကြောက်စရာကောင်းတာပဲကိုး”

အဘွားအိုသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

“အင်း ... ဒီလိုအခြေအနေရောက်မှတော့ ကျွန်မက ဆက်ပြီး ဖုံးကွယ်နေစရာမလိုတော့ပါဘူးလေ”

ပြောရင်း မျက်နှာပေါ်မှ ပါးလွှာသော အရေပြားအား ဆွဲ



ခွာလိုက်သည်။ ထိုအခါ .... နုနယ်ချောမောလှပသော မိန်းကလေးတစ်ယောက်၏မျက်နှာ ပေါ်လွင်လာလေသည်။ ကို့ကျဲကျုံးလီသည် မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

“သြော် ... ကျုပ်တို့ရဲ့ မိတ်ဆွေဟောင်းကြီးကို၊ ပန်းပေါင်းစုံတောင်ကြားကို မျက်စိလည် လမ်းမှားပြီး ရောက်လာတာတော့ မဖြစ်နိုင်ပါဘူး ထင်တယ်”

မိန်းကလေးသည် အင်္ကျီအိတ်ထဲမှ ဖိုမလခြမ်းဓားကွေးနှစ်လက်အား ထုတ်ယူကာ ဓားတစ်လက်နှင့်တစ်လက် ပွတ်တိုက်လိုက်သည်။

“ဟုတ်ပါတယ် ... ကျွန်မ ရှင်တို့ရဲ့ မိတ်ဆွေဟောင်းကြီးကျူးမာဝေပါပဲ၊ ဒါပေမဲ့ မျက်စိလည်လမ်းမှားပြီး ရောက်လာတာတော့ မဟုတ်ပါဘူး၊ ရှင်တို့ရောက်တဲ့နေရာတိုင်းမှာ ကျွန်မတို့ရဲ့မျက်လုံးတွေ ရှိနေတာကြောင့် ရှင်တို့နဲ့ တွေ့ချင်လို့ လိုက်လာခဲ့တာပါ”

ကို့ကျဲကျုံးလီက ရယ်မောလိုက်သည်။

“သြော် ... ဒီလိုလား”

ယင်းအချိန် ... အခြေအနေကို စောင့်ကြည့်နေသော လွေထင်းရှန်က ကြားဖြတ်ပြောလိုက်သည်။

“ပန်းပေါင်းစုံတောင်ကြားကို မဖိတ်ခေါ်ဘဲ ရောက်လာတဲ့

ကျူးမိန်းကလေးကို ကျူပ် လွှေထင်းရှန်က လိုက်လိုက်လှဲလှဲ ကြိုဆိုပါတယ်”

ကျူးမာဝေ၏မျက်ခုံးအစုံသည် နဖူးပေါ်သို့ ပင့်တက်သွားလေသည်။

“အို ... ပန်းပေါင်းစုံတောင်ကြားကလူတွေက တကယ့်အိမ်ရှင်ကောင်းပီသတဲ့လူတွေပဲကိုး၊ ဒါပေမဲ့ ကျွန်မတစ်ယောက်တည်းကို ဖိတ်ခေါ်လို့မရဘူးနော်”

လွှေထင်းရှန်သည် မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

“ခင်ဗျားမှာ အဖော်ပါလာတယ်ဆိုပါတော့ ဟုတ်လား”

ကျူးမာဝေလည်း ခေါင်းတစ်ချက်ညိတ်လိုက်သည်။

“သိပ်ဟုတ်တာပေါ့၊ ကျွန်မမှာ အဖော်ငါးယောက်ပါသေးတယ်ရှင့်၊ ဟော ... ပြောရင်း ဆိုရင်း သူတို့လာကုန်ကြပြီ”

သူမသည် တောင်ကြားဝသို့ ညွှန်ပြကာ ပြောလိုက်သည်။ လွှေထင်းရှန်၊ ကို့ကျဲကျူးလီနှင့် ချန်းစွမ်းချိုဖုန်းတို့သည် သူမညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

မှန်ပါသည်။

တောင်ကြားဝမှ လူငါးယောက်တို့သည် ရှေ့ဆင့်နောက်ဆင့်



ဝင်ရောက်လာကြသည်။ ရှေ့ဆုံးမှ ဝင်ရောက်လာသူမှာ နီပွန်သိုင်းရာဇာ လောက်တိန်ဖြစ်သည်။ ဒုတိယဝင်ရောက်လာသူမှာ ကြိုးတန္တွေကျောက်စုစုဖြစ်၏။

ကျန်လူသုံးယောက်တို့ကိုမူ ကို့ကျဲကျူးလီတို့သည် အမည်မသိပါချေ။ ထိုလူသုံးယောက်တို့သည် ခန္ဓာကိုယ်ပေါ်တို့တွင် အနီရောင်ဝတ်စုံကို တူညီဝတ်ဆင်ထားကြပြီး ခါးတွင် ဓားကိုယ်စီ ချိတ်ဆွဲထားကြလေသည်။

သူတို့၏မျက်နှာများသည် သူတို့ခန္ဓာကိုယ်ပေါ်မှ ဝတ်စုံများကဲ့သို့ပင် တူညီနေကြလေသည်။ ထို့ကြောင့် ... သူတို့သုံးယောက်သည် အမြွှာညီအစ်ကိုသုံးယောက်ဖြစ်ကြောင်း အကဲခတ်မိနိုင်ခြင်းဖြစ်သည်။

ကို့ကျဲကျူးလီသည် ထိုလူသုံးယောက်အား အကဲခတ်ကြည့်နေစဉ် ... ဖိုမလခြမ်း ကျူးမာဝေသည် ကြည်လင်စွာ ရယ်မောလိုက်လေသည်။

“အဟင်း ဟင်း ... ကျွန်မမိတ်ဆွေငါးယောက်ထဲက နှစ်ယောက်ကတော့ ရှင်တို့နဲ့ မိတ်ဆွေဟောင်းတွေဆိုတော့ မိတ်ဆက်ပေးစရာမလိုတော့ပါဘူး၊ ဒါပေမဲ့ ကျန်တဲ့သုံးယောက်ကို ကျွန်မက မိတ်ဆက်ပေးရလိမ့်မယ်”

ကို့ကျဲကျူးလီက ပြုံး၍ မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"ကောင်းပါပြီ ... မိတ်ဆက်ပေးပါဦးဗျာ"

ဖိုမလခြမ်း ကျူးမာဝေသည် သူ့အား စူးရှစွာ စိုက်ကြည့်လျက် အေးတိအေးစက်လေသံဖြင့် တစ်ခွန်းချင်း ပြောလိုက်သည်။

"ကျွန်မတို့ရဲ့ ကြေးစားလောကထဲမှာ ထိပ်သီးကြေးစားဖြစ်တဲ့ ဓားပါရဂူသုံးဖော်ဆိုတာ သူတို့ပါပဲ"

ဓားပါရဂူသုံးဖော်ဆိုသောစကားကြောင့် မေတ္တာဓား ချန်းစွမ်းချိဖုန်းနှင့် လုံမင်းသား ကို့ကျဲကျူးလီတို့ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားကြလေသည်။ သို့သော် ... သူတို့သည် တစ်ချက်ပြုံးကာ လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်ကြ၏။

"တွေ့ရတာ ဝမ်းသာပါတယ်"

ဓားပါရဂူသုံးဖော်အနက် အစ်ကိုကြီးက သူတို့အား ဂါရဝပြုလိုက်လေသည်။

"ဟုတ်ကဲ့ ... ကျုပ်တို့ကလည်း ခင်ဗျားတို့လို သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ လူရွယ်သိုင်းသမားတွေနဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

ဖိုမလခြမ်းကျူးမာဝေသည် လွှေထင်းရှန်ဘက်သို့ လှည့်ကြည့်လိုက်လေသည်။



"ဘယ်လိုလဲ ... ပန်းပေါင်းစုံတောင်ကြားက အိမ်ရှင်ကြီး၊ ဧည့်သည်တွေများလို့ မခေါ်ဝံ့တော့ဘူးထင်တယ်"

"ဧည့်သည်တော် ဘယ်လောက်များများပါရှင် ပန်းပေါင်းစုံတောင်ကြားက အမြဲတံခါးဖွင့်ကြိုဆိုပါတယ်"

ဤစကားသံကြောင့် အားလုံးသောလူများသည် အသံထွက်ပေါ်လာရာသို့ ပြိုင်တူလှမ်းကြည့်လိုက်မိကြ၏။ ထိုအခါ ... ဝါးအိမ်ကလေး၏တံခါးဝတွင် ဝမ်းဇွေချင်းသည် ပြုံးလျက် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

ဖိုမလခြမ်းကျူးမာဝေသည် ဝမ်းဇွေချင်းအား တွေ့မြင်လိုက်သောအခါ အားပါးတရ ရယ်မောလိုက်၏။

"သြော် ... ကို့ကျဲကျူးလီရဲ့ ဇနီးလောင်းထင်တယ်"

ဝမ်းဇွေချင်း၏မျက်နှာတစ်ခုလုံး ပန်းနုရောင်သမ်းလာလေသည်။

"ဟုတ်ပါတယ် ... မမက ဘယ်သူပါလိမ့်"

ဖိုမလခြမ်း ကျူးမာဝေသည် သူမအား ခြေဆုံးခေါင်းဆုံးကြည့်ကာ ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"မမနာမည် ကျူးမာဝေပါ၊ မင်းသတို့သားလောင်းရဲ့ မိတ်ဆွေဆိုပါတော့"

ပြောပြီး ဝါးအိမ်ကလေးဆီသို့ လျှောက်သွားရန် ဟန်ပြင်လိုက်သည်။

"ရပ်လိုက်စမ်း"

လုံမင်းသားသည် အော်ဟစ်ဟန့်တားလျက် သူမ၏ဦးခေါင်းပေါ်မှ ခုန်ကျော်ကာ ဝိတ်ဆို့ရပ်တန့်လိုက်လေတော့သည်။

ကျူးမာဝေသည် သူ့အား မျက်ခုံးပင့်ကာ ကြည့်လိုက်လေသည်။ ယင်းနောက် အားပါးတရ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... အခုမှပဲ လုံမင်းသားရဲ့အသည်းနှလုံးရှိတဲ့နေရာကို တွေ့မြင်ရတော့တယ်"

သူမသည် မိမိ၏လူများဘက်သို့လှည့်ကာ လက်ဝှေ့ယမ်းပြလိုက်လေသည်။

"ဟေ့ ... ရှင်တို့တွေ့တယ်မဟုတ်လား၊ ဒီမျက်မမြင်လေးကိုသာ ဖမ်းမိရင် လုံမင်းသားဟာ ကျွန်မတို့ ကြိုးဆွဲရာကမယ့် ရုပ်သေးတစ်ရုပ်ဖြစ်လာမှာ သေချာတယ်နော်"

ထိုစကားကြောင့် လုံမင်းသား စိုးရိမ်သွားကာ ဝမ်းဈေချင်းအား လှမ်းကြည့်လိုက်သည်။

"ဝမ်းမိန်းကလေး ... သူဟာ ကျုပ်တို့ရဲ့မိတ်ဆွေ မဟုတ်ဘူး၊ ကျုပ်တို့ကို ဒုက္ခပေးမယ့်လူတွေ၊ မင်း အမြန်ဆုံး အိမ်ထဲဝင်နေ"



ဟု အော်ဟစ်သတိပေးလိုက်၏။

ဝမ်းဈေချင်းသည် သူ၏စကားကြောင့် ထိတ်လန့်တုန်လှုပ်သွားကာ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်လာလေတော့သည်။ သူမသည် ကြောက်ရွံ့တုန်လှုပ်စွာ ဖြင့် အိမ်ခန်းထဲသို့ ပြေးဝင်သွား၏။

ကျူးမာဝေသည် ဝမ်းဈေချင်းအား ကြည့်ကာ ရယ်မောလိုက်သည်။ သူမသည် လုံမင်းသား၏လက်ထဲ၌ လုံတိုနှစ်လက် ကိုင်ဆောင်ထားခြင်းမရှိကြောင်း တွေ့မြင်ရသဖြင့် အားတက်လာလေသည်။

"ကိုကျဲကျူးလီ ... ရှင့်ရဲ့သိုင်းပညာ ဘယ်လောက်ပဲ အစွမ်းထက်ပါစေ၊ ကျွန်မရဲ့ ဖိုမလခြမ်းဓားနှစ်လက်ကို လက်နက်မဲ့ယှဉ်ပြိုင်ရင် အလဟဿ အသက်ဆုံးရှုံးရလိမ့်မယ်နော်"

ကိုကျဲကျူးလီ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။ သူသည် ကျူးမာဝေပြောသော စကားကို မငြင်းဆိုမိပါချေ။

အကြောင်းကား ... ကျူးမာဝေသည် မိန်းကလေးတစ်ယောက် ဖြစ်သော်လည်း ထိပ်သီးသိုင်းပညာရှင်တစ်ယောက် ဖြစ်သဖြင့် လက်နက်မဲ့ယှဉ်ပြိုင်မည်ဆိုပါလျှင် အသက်မသေဆုံးသည့်တိုင်အောင် ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိနိုင်ကြောင်း နားလည်ထားသောကြောင့် ဖြစ်သည်။

အမှန်တွင် ... သူမသည် အိပ်ရာမှနိုးလာစဉ် ချန်းစွမ်းချို ဖုန်းအား ကြက်ဥလာရောင်းသောအဘွားအိုမှာ ကျူးမာဝေဖြစ် ကြောင်း အကဲခတ်လိုက်မိသဖြင့် စိုးရိမ်စွာဖြင့် အိမ်ကလေးထဲမှ ထွက် ခဲ့မိရာ လှံတိုနှစ်လက်ကို မေ့ကျန်ခဲ့ခြင်းဖြစ်သည်။

ချန်းစွမ်းချိုဖုန်းကို အကဲခတ်ကြည့်နေစဉ် ကို့ကျဲကျူးလီ၏ အခက်အခဲကို နားလည်လိုက်သဖြင့် ရင်ထိတ်သွားလေသည်။ သို့ သော် ... သူသည် ကို့ကျဲကျူးလီထံသို့ လျှောက်လာရန် အခွင့်အရေး မရခဲ့ပါချေ။ သူ့ရှေ့တွင် ဓားပါရဂူသုံးဖော်တို့သည် ပိတ်ဆို့ဟန့်တား ကြသည် မဟုတ်ပါလား။

သူသည် ငွေရဲတင်းသိုင်းသမား လွှေထင်းရှန်ထံသို့ မသိမ သာ မျက်လုံးဝေ့ကြည့်လိုက်သည်။ ငွေရဲတင်း လွှေထင်းရှန်ကလည်း သူ့အား အေးစက်စက်မျက်လုံးများဖြင့် လှမ်းကြည့်နေသည်ကို တွေ့ မြင်လိုက်ရလေ၏။

သူ့ရှေ့တွင် ကြိုးတန္တေကျောက်စုစုသည် ကြိုးကို ဝှေ့ယမ်း ကာ ပိတ်ဆို့ဟန့်တားထားသည်။ ချန်းစွမ်းချိုဖုန်းသည် ရင်ထဲ၌ လေး လံနေမိလေသည်။ ယခု ... သူတို့အားလုံးသည် ကျူးမာဝေတို့လူစု၏ စနစ်တကျဝိုင်းရံထားခြင်းကို ခံနေရသည် မဟုတ်ပါလော။

ထိုအချိန် ... နီပွန်သိုင်းသမား လောက်တိန်သည် အားပါး



တရ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ကျုပ်သည် ပန်းပေါင်းစုံတောင်ကြား ထဲကို စဝင်ခဲ့စဉ်က သူတို့ကို ဖမ်းဆီးနိုင်ဖို့ အတော်ကြိုးစားရမယ် ထင်ခဲ့တာ၊ အခုတော့ တကယ်ကံကောင်းတာပဲ"

သူသည် ဓားရှည်အား ဖြည်းညင်းစွာ ဆွဲထုတ်လိုက်၏။

"ဒါဆိုရင် ကျုပ်က ဟိုမျက်မမြင်လေးကိုမိအောင် ဖမ်းဆီး ထားလိုက်မယ်"

ကျူးမာဝေသည် ခေါင်းညိတ်လိုက်၏။

"ကောင်းတာပေါ့၊ ဒါဆိုရင် ဒေါင်းမင်းလက်နက်ပုန်းကို ရရှိ တာနဲ့ အတူတူပဲ၊ ရှင် အမြန်ဆုံးကြိုးစားလိုက်ပါ"

ထိုအချိန် ... အိမ်ထဲသို့ ပြေးဝင်သွားသော ဝမ်းစွေချင်သည် လက်တစ်ဖက်ဖြင့် နံရံများကိုစမ်းလျက် ပြန်ထွက်လာလေသည်။ ကို့ ကျဲကျူးလီ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

သူသည် အလွန်နားပါး၍ အကြားအာရုံထက်မြက်လှသော ဝမ်းစွေချင်သည် ဤတစ်ကြိမ် အဘယ်ကြောင့် ယခုကဲ့သို့ ပါးနပ်မှု မရှိဘဲ မိမိအား ဖမ်းဆီးချုပ်ကိုင်မည့်လူများ၏အနီးသို့ ပြန်ထွက်လာ သည်ကို စဉ်းစားမရအောင် ဖြစ်နေမိ၏။

သူသည် ဝမ်းစွေချင်းထံသို့ ပြေးလွှားသွား၍ ကာကွယ်

ပေးလိုသောဆန္ဒများ ဖြစ်ပေါ်လာလေသည်။ သို့သော် … ခန္ဓာကိုယ်မှာ တုတ်တုတ်မျှ မလှုပ်ဝံ့ပါချေ။

အကြောင်း ကား … အနည်းငယ်လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် ကျူးမာဝေ၏လခြမ်းဓားသည် ခန္ဓာကိုယ်ပေါ်သို့ လျင်မြန်စွာ ရောက်ရှိလာမည်ဖြစ်ကြောင်း နားလည်ထားသောကြောင့် ဖြစ်သည်။

ထိုအချိန် ဝမ်းစွေချင်းသည် ဝါးအိမ်ကလေး၏တံစက်မြိတ်အောက်သို့ ရောက်ရှိလာသည်။

"ကို့အစ်ကို … ရော့"

ရုတ်တရက် သူမ၏အင်္ကျီလက်စထဲမှ လုံတိုနှစ်လက်သည် လျင်မြန်သောအဟုန်ဖြင့် ကို့ကျဲကျူးလီထံသို့ ရောက်ရှိလာလေသည်။

ဖိုမလခြမ်းကျူးမာဝေ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ သူမသည် ကို့ကျဲကျူးလီလက်ထဲသို့ လုံတိုနှစ်လက် ရောက်ရှိသွားမည်ဆိုပါက ကျားကို အတောင်ပံတပ်ပေးသကဲ့သို့ ဖြစ်သွားမည်ကို နားလည်လိုက်၏။

ယင်းကြောင့် … စဉ်းစားခြင်းပင်မပြုဘဲ ကို့ကျဲကျူးလီထံသို့ ခုန်အုပ်ကာ လခြမ်းဓားနှစ်လက်ဖြင့် ထိုးစိုက်လိုက်သည်။ သူမသည် ကို့ကျဲကျူးလီ၏လက်ထဲသို့ လုံတိုနှစ်လက် မရောက်မီမှာပင် မိမိက



လက်ဦးမှုရယူနိုင်မည်ဟု မျှော်လင့်ထားသည်။

သို့သော် … သူမ၏မျှော်လင့်ချက်သည် လွဲချော်ပျက်ယွင်းသွားခဲ့လေသည်။ ကို့ကျဲကျူးလီ၏လုံကို ပစ်လွှင့်လာသည်ကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မျက်လုံးတစ်ချက် ဝင်းလက်သွားသည်။

ရုတ်ခြည်းပင် ခန္ဓာကိုယ်အား လှုပ်ခါလိုက်ပြီး လုံတိုပစ်လွှင့်လာသည့်လမ်းကြောင်းအတိုင်း လေထဲသို့ ခုန်ပျံရောက်ရှိသွားကာ လုံတိုနှစ်လက်အား တစ်ပြိုင်နက် ဖမ်းဆီးလိုက်လေသည်။

ယင်းအခိုက် … ဖိုမလခြမ်းဓား ကွေးနှစ်လက်သည် သူ၏ဦးခေါင်းနံဘေးမှ ဖြတ်ကျော်သွားသည်ကို မျက်လုံးထောင့်ဘက်မှ ရိပ်ခနဲတွေ့မြင်လိုက်ရလေသည်။ သူ၏ခန္ဓာကိုယ်အား ဂျင်တစ်လုံးကဲ့သို့ လှည့်ပတ်ကာ လုံတိုဖြင့် ကျူးမာဝေ၏ အရှိန်ဖြင့်ငိုက်ကျလာသော ကျောပြင်ကို ထိုးစိုက်ချလိုက်လေသည်။

"အား"

ကျူးမာဝေ၏စူးရှနက်ကျောသော အော်ဟစ်သံသည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာကောင်းလောက်အောင် ထွက်ပေါ်လာလေသည်။

နီပွန်သိုင်းရာဇာလောက်တံနှင့် ဓားပါရှူသုံးဖော်တို့သည်

ကျူးမာဝေ၏အော်ဟစ်သံကြောင့် အံ့သြထိတ်လန့်သွားကြသည်။ ကြိုးတန္တေကျောက်စုစုကလည်း ချာခနဲလှည့်ကြည့်လိုက်လေသည်။

သူတို့သည် မြေပေါ်တွင် မှောက်လျက်လဲကျနေသော ကျူးမာဝေအား တွေ့မြင်လိုက်သောအခါ အံ့သြခြင်းမက အံ့သြသွားကြသည်။

ထိုအချိန် ... လုံမင်းသားကို့ကျဲကျုံးလီသည် ကျူးမာဝေ၏ ကျောပြင်တွင် စိုက်သွင်းထားသော မိမိ၏လုံတိုအား ဆွဲနှုတ်လိုက်သည်။ နီရဲသောသွေးများ ပန်းထွက်လာသည်။ ထိုနီရဲသောသွေးများနှင့်အတူ ကျူးမာဝေ၏ဝိညာဉ်သည် ခန္ဓာကိုယ်မှ လွင့်မျောထွက်ခွာသွားလေတော့သည်။

✲

အဖြစ်အပျက်သည် လျှပ်စီးလက်သည့်အလား လျင်မြန်စွာ ပြောင်းလဲသွားလေသည််။

ကျူးမာဝေသည် တိုက်ပွဲအား အပေါ်စီးနေရာယူကာ စနစ်တကျရင်ဆိုင်ခဲ့လေသည်။ သို့သော် ... လုံမင်းသား၏လက်ထဲသို့ လုံတိုနှစ်လက် ရောက်ရှိသွားသည့်ခဏအတောအတွင်းမှာပင် ကျူးမာ



ဝေသည် မြေပြင်ပေါ်သို့ လဲကျသေဆုံးခဲ့ရချေပြီ။

နီပွန်သိုင်းရာဇာလောက်တိန်နှင့် ဓားပါရဂူသုံးဖော်တို့သည် ကျူးမာဝေ၏အဖြစ်အပျက်ကိုကြည့်ကာ ထိတ်လန့်တုန်လှုပ်သွားကြသည်။ ကြိုးတန္တေကျောက်စုစု၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားလေသည်။

"ကျူးညီမလေး"

သူသည် အသံကျယ်လောင်စွာ အော်ဟစ်လျက် ကျူးမာဝေထံသို့ ပြေးလွှားသွားရန် ဟန်ပြင်လိုက်သည်။

သို့သော် ... သူ၏ သွားလမ်းအား အဖြူရောင် အလင်းတန်းတစ်ခုသည် ပိတ်ဆို့ဟန့်တားလိုက်လေသည်။ ငွေရဲတင်းလွှထင်းရှန်၏ငွေရဲတင်းမှ ထွက်ပေါ်လာသော အလင်းတန်းပင်ဖြစ်သည်။

ကြိုးတန္တေကျောက်စုစုသည် ခန္ဓာကိုယ်ကို လေထဲသို့ နောက်ကျွမ်းပစ်၍ ခုန်လိုက်လေသည်။ ငွေရဲတင်းသည် သူ၏ဦးခေါင်းအနီးမှ ပွက်ကာသီကာ လွဲချော်သွားလေသည်။

ထိုအချိန်လေးမှာပင် ... ချန်းစွမ်းချိုဖုန်းသည် ခါးမှ ဓားကိုဆွဲထုတ်ကာ လက်တစ်ချက် ဝှေ့ယမ်းလိုက်လေသည်။ သူ၏ဓားသည် မြွေပောက်တစ်ကောင်ပမာ ဓားပါရဂူသုံးယောက်အနက် အနီးတွင် ရပ်နေသော ညီအငယ်ထံ တိုးဝင်သွားလေသည်။

ဓားပါရဂူသုံးယောက်သည် ကျူးမာဝေ၏အဖြစ်အပျက်ကိုကြည့်ကာ ငေးငိုင်သွားမိစဉ် တဒင်္ဂလေး၌ ချန်းစွမ်းချိုဖုန်းထံမှ တိုးဝင်လာသောဓားကြောင့် ထိတ်လန့်သွားကာ နောက်သို့ ပြိုင်တူခုန်ဆုတ်လိုက်ကြသည်။

သို့သော် ... ချန်းစွမ်းချိုဖုန်းနှင့် အနီးဆုံးတွင် ရပ်နေသော ညီငယ်၏ဝမ်းဗိုက်တွင် စူးရှနာကျင်သော ဝေဒနာတစ်ခုကို စူးစူးဝါးဝါး ခံစားရကာ လဲပြိုကျသွားလေသည်။

ဓားပါရဂူနှစ်ယောက်၏မျက်နှာများ မည်းမှောင်သွားကြလေသည်။

"ညီလေး"

သူတို့သည် ပြိုင်တူအော်ဟစ်ရင်း ဓားနှစ်လက်ကို စကြာပမာ ဝှေ့ယမ်းလျက် ချန်းစွမ်းချိုဖုန်းထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။ ချန်းစွမ်းချိုဖုန်းသည် ဓားကို ဝှေ့ယမ်းကာကွယ်လျက် နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်သွားလေသည်။

ထိုအချိန် ... ဓားပါရဂူနှစ်ယောက်တို့သည် ညီဖြစ်သူအား ပြိုင်တူပွေ့ချီလိုက်ကြသည်။

"ညီလေး ကျူး"

"ညီလေး ကျူး"



ဓားပါရဂူညီလေးကျူးသည် ဝေဒနာပြင်းပြင်းထန်ထန်ခံစားနေရာမှ အားယူ၍ မျက်လုံးဖွင့်ကြည့်လိုက်လေသည်။

"အစ် ... အစ်ကိုကြီး ကျူး၊ အစ် ... အစ်ကိုလတ်၊ ကျုပ် ... ကျုပ် မနေရတော့"

သူသည် စကားပင် ဆုံးအောင်မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေသည်။

အစ်ကိုကြီးကျူးနှင့် အစ်ကိုလတ်တို့သည် ညီငယ်၏အလောင်းအား မြေပြင်ပေါ်သို့ ဖြည်းညင်းစွာ ချလိုက်လေသည်။ ယင်းနောက် မာန်သွင်းအော်ဟစ်ကာ ချန်းစွမ်းချိုဖုန်းထံသို့ ပြိုင်တူ ခုန်အုပ်လိုက်သည်။

ချန်းစွမ်းချိုဖုန်းသည် ဓားကိုဝှေ့ယမ်းလျက် သူတို့အား ပြန်လည်တိုက်ခိုက်လိုက်လေသည်။ သံ သံချင်းထိသံများသည် အဆက်မပြတ် ထွက်ပေါ်လာလေသည်။

*

ချန်းစွမ်းချိုဖုန်းသည် ဓားပါရဂူနှစ်ယောက်နှင့် ပြင်းပြင်းထန်ထန်တိုက်ခိုက်နေလေသည်။ ငွေရဲတင်းလွှေထင်းရှုန်သည်လည်း

ကြိုးတစ္ဆေကျောက်စုစုနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်။ လုံမင်းသား ကို့ကျဲကျုံးလီကမူ နီပွန်သိုင်းရာဇာလောက်တိတ်နှင့် မျက်နှာချင်းဆိုင်ကာ ရပ်တန့်နေလေသည်။ နီပွန်သိုင်းရာဇာလောက်တိန်သည် ကျဉ်းမြောင်းသော မျက်လုံးအစုံဖြင့် ကို့ကျဲကျုံးလီအား စိုက်ကြည့်ကာ ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"လုံမင်းသား ကို့ကျဲကျုံးလီဆိုတဲ့ လျှမ်းလျှမ်းတောက်ကျော်ကြားမှုဟာ တကယ့်ကျော်ကြား ထိုက်ပါတယ်လေ"

လုံမင်းသားက ပြုံးလိုက်သည်။

"ချီးကျူးတာ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ကျုပ် နားမလည်နိုင်တာ တစ်ခုရှိနေတယ်၊ ခင်ဗျား အဖြေပေးနိုင်မလားဟင်"

လောက်တိန်၏မျက်ခုံးအစုံမှာ နဖူးပေါ်သို့ ပင့်တက်သွားလေသည်။

"မေးပါ ... ကျုပ်ဖြေနိုင်တာဆိုရင် အဖြေပေးပါ့မယ်"

လုံမင်းသားသည် သူ့အား စိုက်ကြည့်လိုက်သည်။

"ဒီပန်းပေါင်းစုံတောင်ကြားဟာ အင်မတန်မှ ချောင်ကျပြီး မြို့ရွာနဲ့ ဝေးကွာတဲ့နေရာပါ၊ ခင်ဗျားတို့ ဒီလောက်မြန်မြန်ဆန်ဆန် ရှာတွေ့တာဟာ တကယ် အံ့ဩစရာဖြစ်နေတယ်၊ ကြည့်ရတာ ခင်ဗျားတို့ထဲမှာ အကြားအမြင်ဝိဇ္ဇာတစ်ယောက်များ ပါရှိနေသလား"



လောက်တိန်သည် သူ၏အမေးစကားကြောင့် အလွန်ရယ်ရွှင်ဖွယ်ပြက်လုံးတစ်ခုအား ကြားလိုက်ရသည့်အလား အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ဟား"

"ဟား ဟား ဟား ဟား"

သူသည် အတန်ကြာမှ ရယ်မောခြင်းကို ရပ်တန့်လိုက်လျက် လုံမင်းသားအား စိုက်ကြည့်လိုက်၏။

"လုံမင်းသားကို့ ... မင်းဟာ ခေတ်လူငယ်တစ်ယောက်ပါ၊ ဒါနဲ့များတောင် အကြားအမြင်တို့၊ နတ်တစ္ဆေတို့ ဆိုတာကို ယုံကြည်နေရသလား"

လုံမင်းသားသည် သူ့အား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

"ဒါဖြင့် ကျုပ်တို့ရောက်နေတဲ့ နေရာတိုင်းကို ခင်ဗျားတို့ ဘာဖြစ်လို့ သိနေကြတာလဲ"

နီပွန်သိုင်းသမား လောက်တိန်သည် စကားမပြောတော့ပါ။ သူသည် အင်္ကျီအိတ်ထဲမှ စက္ကူဖြူတစ်ရွက်ကို ထုတ်ယူကာ ကို့ကျဲကျုံးလီထံသို့ ပစ်ပေးလိုက်သည်။

ကို့ကျဲကျုံးလီသည် ဖမ်းယူကာ ဖွင့်၍ဖတ်ကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေတော့သည်။

အကြောင်းကား ... စာရွက်ဖြူပေါ်တွင် ပန်းပေါင်းစုံတောင်ကြား၏မြေပုံကိုရွေးဆွဲထားပြီး ဒေါင်းမင်းလက်နက်ပုန်း လိုချင်သူများ ဤနေရာသို့ ကြွရောက်ခဲ့ကြပါဟု ရေးသားထားသောကြောင့်ဖြစ်သည်။

နီပွန်သိုင်းရာဇာ ယောက်တိန်သည် သူ့အားကြည့်ကာ ပြုံးလိုက်သည်။ ကောက်ကျစ်စဉ်းလဲသော အပြုံးဖြစ်၏။

"ဘယ်လိုလဲ ... ကျုပ်တို့ ဘာဖြစ်လို့ သည်နေရာကို ရောက်လာတယ်ဆိုတာ မင်း သိပြီမဟုတ်လား"

ကို့ကျဲကျုံးလီ၏မျက်လုံးအစုံသည် ကုတ်ဆင်းသွား၏။ သူသည် သက်ပြင်းတစ်ချက်ချကာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျုပ်သိပါပြီ၊ ဒါနဲ့ ကျုပ်တို့ရောက်နေတဲ့နေရာကို ဒီလောက်အထိ တိတိကျကျသိနိုင်တာ ဘယ်သူများပါလိမ့်"

နီပွန်သိုင်းသမားယောက်တိန်သည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်လေသည်။

"ဒီမေးခွန်းကိုတော့ ကျုပ် မဖြေနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်ကိုယ်တိုင် ဒီစာရေးပြီး ပို့ပေးတဲ့လူကို မသိလို့ဘဲ"



ကို့ကျဲကျုံးလီသည် သူ့စကားကြောင့် အံ့ဩသွားစေသည်။

"နေပါဦး ... ခင်ဗျားတို့ဟာ ကြေးစားတွေပါ၊ ဒါကြောင့် နေရာအတည်တကျမရှိဘဲ သွားလာနေကြတယ် မဟုတ်လား၊ ဒီစာက ဘယ်လိုလုပ်ပြီး ခင်ဗျားတို့ရှိတဲ့နေရာကို ရောက်လာရတာလဲ"

"စာပို့တဲ့လူကရော ကျုပ်တို့ရောက်နေတဲ့နေရာတိုင်းကို သိသလို ခင်ဗျားတို့ရောက်နေတဲ့နေရာကိုလည်း သိတာပဲ"

နီပွန်သိုင်းသမားယောက်တိန်သည် သက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်သည်။

"အဲဒီလူဟာ ဘယ်သူဘယ်ဝါဆိုတာ မသိရပေမယ့် ကျုပ်တို့ကို သူနဲ့ အမြဲဆက်သွယ်ဖို့ နေရာတစ်ခု စီစဉ်ပေးထားပါတယ်"

ကို့ကျဲကျုံးလီသည် စိတ်ဝင်စားလာမိ၏။

"ဩော် ... ဒီလိုလား၊ နေပါဦး ... သူက ခင်ဗျားတို့ကို ဆက်သွယ်ဖို့ ဘယ်နေရာကို စီစဉ်ပေးခဲ့လဲ"

နီပွန်သိုင်းသမားယောက်တိန်သည် ပခုံးတစ်ချက်တွန့်ကာ သူ့အား စိုက်ကြည့်လိုက်၏။ အတန်ကြာမှ အေးတိအေးစက်ဖြင့် တစ်ခွန်းချင်း ပြောလိုက်လေသည်။

"ဟို ... န ... ဂါး ... ဂေ ... ဟာ"

ထိုစကားကြောင့် ကို့ကျဲကျုံးလီ၏မျက်လုံးအစုံမှာ ပြူး

ကျယ်သွားမိလေသည်။ သူသည် မယုံကြည်နိုင်သော မျက်လုံးအစုံ ဖြင့်ကြည့်ကာ ...

"ကိုးနဂါးဂေဟာ ... ဟုတ်လား"

နီပွန်သိုင်းသမားလောက်တိန်က ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်"

ကို့ကျဲကျုံးလီ၏ရင်ထဲ၌ လေးလံလာမိလေသည်။ မိမိတို့ ရောက်ရှိနေသောနေရာမှန်သမျှကို မြေပုံဆွဲကာ ဖော်ပြနိုင်သော လျှို့ဝှက်လူသည် ကိုးနဂါးဂေဟာနှင့် တစ်စုံတစ်ရာပတ်သက်နေပြီဟု နားလည်လိုက်မိသည် မဟုတ်ပါလော။

ထိုလူသည် မည်သူဖြစ်မည်နည်း။ သူက မသိပါချေ။ ယခု အခြေအနေသည် ရန်သူမှာ အမှောင်တွင်း၌ ရှိနေပြီး မိမိတို့သည် အလင်း၌ရောင်ရှိနေကြောင်း နားလည်လိုက်မိလေသည်။

ထိုအချိန် ... နီပွန်သိုင်းသမား လောက်တိန်သည် သူ့အား အကဲခတ်ကြည့်ရင်း ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်လေသည်။

"လုံမင်းသားလေးလည်း အခုဆိုရင် မင်းရဲ့အခြေအနေကို မင်းတို့သိလောက်ကြပါပြီ၊ ဒါကြောင့် မင်းတို့ရဲ့မိတ်ဆွေကို ခေါင်းမင်း လက်နက်ပုန်းအပ်နှံဖို့ အကြံပြုပါတယ်"



လုံမင်းသားသည် မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"ဘယ်လို ... ခေါင်းမင်းလက်နက်ပုန်း အပ်ရမယ် ဟုတ်လား"

နီပွန်သိုင်းသမားလောက်တိန်က ခေါင်းညိတ်လိုက်လေ ကော့သည်။

"ဟုတ်တယ်"

ကို့ကျဲကျုံးလီသည် အေးစက်စက်ဖြင့် ရယ်မောလိုက်လေ၏။

"တိမ်တွေပြိုကျလာမယ်ဆိုရင်တောင်မှ ဒီလက်နက်ပုန်းကို ခင်ဗျားတို့လိုလူတွေလက်ထဲ မထည့်ဘူးဆိုတာ ခင်ဗျား နားလည်ထားစမ်းပါ"

နီပွန်သိုင်းသမား လောက်တိန်သည် သူ့အား အေးစက်သောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်၏။

"ဒါဆိုရင် မင်းတို့ဟာ တစ်နေ့မှာ ဒီလက်နက်ပုန်းကြောင့် အသက်ဆုံးရှုံးရလိမ့်မယ်"

လုံမင်းသားသည် သူ့အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

နီပွန်သိုင်းသမားလောက်တိန်က မဲ့ပြုံးပြုံးလိုက်လေတော့

သည်။

"စာရေးပြီး သတင်းပို့တဲ့ လျှို့ဝှက်လူဟာ ကျုပ်တို့သေဆုံး သွားမယ်ဆိုတောင်မှ တခြားကြေးစားတွေကို ဒီလိုစာမျိုးရေးပြီး သတင်းဖြန့်ဦးမှာပဲ၊ ဒါဆိုရင် မင်းတို့ဟာ ဘယ်အချိန်အထိ ကြံ့ကြံ့ခံ ပြီး ရင်ဆိုင်နိုင်မှာတဲ့လဲ၊ တစ်နေ့မဟုတ် တစ်နေ့မှာ လဲပြိုရမှာပဲ မဟုတ်လား"

လုံမင်းသားသည် သက်ပြင်းတစ်ချက် ချလိုက်လေ၏။

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့က အသက်သေဆုံးခဲ့မယ်ဆိုရင် တောင်မှ ဒေါင်းမင်းလက်နက်ပုန်းကို သူတစ်ပါးလက်ထဲ မရောက် အောင် ကာကွယ်ရလိမ့်မယ်"

နီပွန်သိုင်းသမားလောက်တိန်သည် သူ့အား စိုက်ကြည့် လိုက်သည်။

သူ၏မျက်လုံးအစုံတွင် လေးစားကြည်ညိုသော ဟန်မူရာ များ ပေါ်လွင်လာသည်။

"အင်း ... ဒေါင်းမင်းလက်နက်ပုန်းကိစ္စသာမရှိရင် ခင်ဗျား နဲ့ကျုပ်ဟာ အရင်းနှီးဆုံး မိတ်ဆွေတွေဖြစ်လာနိုင်တယ်"

ကို့ကျဲကျုံးလီက မချိပြုံးပြုံးလိုက်သည်။

"ဒါပေမဲ့ ... ခင်ဗျားက ဒေါင်းမင်းလက်နက်ကို မက်မော



တွယ်တာနေတယ် မဟုတ်လား"

နီပွန်သိုင်းသမားလောက်တိန်သည် သက်ပြင်းတစ်ချက်ချ ကာ ခေါင်းညိတ်လိုက်လေသည်။

"အင်း ... ဒေါင်းမင်း လက်နက်ပုန်းဆိုတာ သိုင်းလောက သားတိုင်း မက်မောနေတဲ့ ပစ္စည်းတစ်ခုပေါ့၊ ဒါကြောင့် ကျုပ်က လည်း မက်မောမိတယ်"

လုံမင်းသားသည် တစ်ချက်ပြုံးလိုက်သည်။

"ဒါဆိုရင် ကျုပ် ခင်ဗျားနဲ့ စကားဆက်ပြောစရာအကြောင်း မရှိတော့ဘူး"

ပြောပြီး လုံတိုနှစ်လက်အား ဘယ်ညာကိုင်ကာ ရင်ဘတ် ရှေ့တွင် လုံချွန်ထိပ်ဖျားဖြင့် မျက်နှာချင်းဆိုင်လျက် အနေအထားဖြင့် မတ်တတ်ရပ်ကာ တိုက်ခိုက်ရန် ပြင်ဆင်ထားလိုက်လေတော့သည်။ ထိုတဒင်္ဂအတွင်းမှာပင် ...

"အား"

"အင့်"

လူတစ်ယောက်၏စူးရှသော အော်ဟစ်သံများ ထွက်ပေါ် လာလေသည်။

ကို့ကျဲကျုံးလီနှင့်နီပွန်သိုင်းသမားလောက်တိန်တို့သည် ပြိုင်

တူလှည့်ကြည့်လိုက်သောအခါ ... ဓားပါရဂူနှစ်ယောက်သည် ရှေ့ဆင့်နောက်ဆင့် လဲပြိုကျသွားကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

*

နီပွန်သိုင်းသမား လောက်တိန်နှင့် ကြိုးတန္ဆေကျောက်စုစု တို့သည် မျက်လုံးများ ပြူးကျယ်သွားကြလေသည်။ သူတို့မျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်ခြင်း၊ မယုံကြည်နိုင်ခြင်းစသော ဟန်မူရာများ ပေါ်လွင်နေပေသည်။

မိမိတို့ စုစည်းလာကြသော လူခြောက်ယောက်သည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသော အနက်ရောင်ကြေးစားသိုင်းထိပ်သီးများ ဖြစ်ကြလေသည်။

ယင်းကြောင့် ... သူတို့သည် လုံမင်းသားနှင့် မေဗ္ဗာဓားသမားတို့ကို ဂရုမစိုက်နိုင်တော့ဘဲ ဖမ်းဆီးချုပ်နိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

သို့သော် ... မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်လေးအတွင်းမှာပင် မိမိတို့၏လူလေးယောက် မြေပြင်ပေါ်သို့ လဲကျသေဆုံး



သွားခဲ့ရသည် မဟုတ်ပါလား။

နီပွန်သိုင်းရာဇာလောက်တိန်သည် လေထဲတွင် နောက်ကျွမ်းပစ်၍ ခုန်ထွက်သွား၏။ ကျောက်စုစု၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားသည်။

"ခင်ဗျား သွားတော့မလို့လား"

လောက်တိန်က ...

"ဟုတ်တယ်၊ ခင်ဗျားရော"

ကျောက်စုစုက အံတင်းတင်းကြိတ်လိုက်သည်။ သူသည် ဇနီးဖြစ်သူ ဖိုမလခြမ်းကျူးမာဝေ၏အလောင်းကို နီရဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်လေသည်။ နီပွန်သိုင်းသမားသည် သူ့ကိုကြည့်ကာ စိတ်မရှည်ဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်သည်။

"ခင်ဗျားကိုကြည့်ရတာ ခင်ဗျားဇနီးအတွက် နောက်ဆံတင်းနေတယ်ထင်တယ်၊ ဒါဆိုရင်လည်း နေခဲ့ပါ၊ မကြာခင် ခင်ဗျားရဲ့ ဇနီးနဲ့ပြန်တွေ့ဆုံရမယ်လို့ ကျုပ်ပြောဝံ့တယ်"

ပြောပြီးချာခနဲလှည့်ကာ တောင်ကြားလမ်းကလေးထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေသည်။ သူသည် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်လျက် အေးတိအေးစက်မျက်လုံးအစုံဖြင့် ကို့ကျဲကျူးလီကို စိုက်ကြည့်လိုက်သည်။

"လုံမင်းသား ... ကျုပ်ဇနီးရဲ့အသက်အတွက် တစ်နေ့ ခင်ဗျားဆီမှာ အသက်ကြွေးလာတောင်းမယ်"

လုံမင်းသားက ပြုံးလိုက်လေသည်။ ယင်းနောက် ... ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်ပြီး ...

"ကောင်းပါပြီ၊ ကျုပ်စောင့်နေပါ့မယ်"

ကြိုးတန်ဆွဲကျောက်စုစုသည် စကားမပြောတော့ပါ။ သူ၏ခန္ဓာကိုယ်သည် တစ်ချက်လှုပ်ခါလိုက်သည်။ သူသည် လေထဲ၌ဝဲပျံကာ တောင်ကြားလမ်းကလေးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ထိုအခါ ... ဝန်းကျင်တစ်ခုလုံးသည် ရေတံခွန်မှ ရေကျသံများမှလွဲ၍ ပကတိတိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

*

မိုးခေါင်းကင်သည် တိမ်လိပ်တိမ်တိုက်များ ကင်းစင်လျက် ကြည်ပြာရောင်ဆေးခြယ်ထား၏။

ထိုကြည်ပြာရောင်ဆေးခြယ်ထားသော မိုးကောင်းကင်အောက်တွင် အလွန်မြင့်မားသော တောင်နှစ်လုံးသည် ရေညှိစိမ်းကပ်လျက်တည်ရှိနေသဖြင့် မြစိမ်းရောင်သမ်းလျက်ရှိလေ၏။



ဤမြစိမ်းရောင်သမ်းလျက်ရှိသော တောင်နှစ်လုံးအလယ်မှ ဖြူဖွေးသန့်စင်သောရေများ ပေါင်းစုံစည်းကာ ရေတံခွန်အဖြစ် စီးဆင်းနေသည်။

ရေတံခွန်ရေများသည် မြေမျက်နှာပြင်ပေါ် ရောက်ရှိလာသောအခါ အလွန်ကြည်လင်အေးမြသော စမ်းချောင်းလေးအဖြစ် သွယ်တန်းလျက် ကွေ့ပတ်စီးဆင်းနေလေသည်။

ကွေ့ပတ်စီးဆင်းနေသောစမ်းချောင်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ပန်းပေါင်းစုံတို့ ရောင်စုံပွင့်ဖူးလျက် ရှိနေကြသည်။ ထိုမြင်ကွင်းသည် အလွန်လက်ရာမြောက်သော ပန်းချီဆရာတစ်ယောက်၏လက်စွမ်းပြရေးဆွဲထားသော ပန်းချီကားတစ်ချပ်ပမာ လှပခန့်ညားပြီး စိတ်အေးချမ်းမှုကို ပေးစွမ်းနိုင်ပေသည်။

သို့သော် ... ထိုမြင်ကွင်းကိုတွေ့မြင်နေရသော်လည်း စိတ်အေးချမ်းမှုမရှိသည့် လူသုံးယောက်ရှိနေသေးသည်။ ယင်းလူသုံးယောက်ကား အခြားလူများ မဟုတ်ပါချေ။ လုံမင်းသားကို့ကဲ့ကျူးလီ၊ မေတ္တာဓားသမား ချန်းစွမ်းချိုဖုန်းနှင့် ငွေရဲတင်းလျှော့ထင်းရှန်တို့ ဖြစ်ကြလေသည်။

ဤမျှလှပခန့်ညားသော သဘာဝရှုခင်းအား တွေ့မြင်နေပါ

လျက် စိတ်အေးချမ်းသာမှုမရှိသောသူသည် စိတ်ခံစားမှုမမှန်သော အရူးများသာ ဖြစ်ပေမည်၊ ထိုသို့ဆိုလျှင် ... လှံမင်းသား ကို့ကျဲကျုံးလီ တို့သုံးယောက်သည် ရူးသွပ်နေသောလူများ ဖြစ်ကြ၍လော။

မဟုတ်ပါချေ။ သူတို့သည် အလွန်ဦးနှောက်ကောင်းသော ထပ်သီးသိုင်းသမားများ ဖြစ်ကြ၏။ ထို့ကြောင့် ... သဘာဝမြင်ကွင်း လှပခန့်ညားမှုကို ခံစားတက်ကြွသူများလည်း ဖြစ်လေသည်။

သို့သော် ... ယခုအခါ သူတို့မျက်စိရှေ့တွင် သွေးရဲရဲဖြင့် လူလေးယောက် သေဆုံးနေသည်ကို တွေ့မြင်ရသောကြောင့် လှပခန့်ညားသော သဘာဝရှုခင်းအား တွေ့မြင်နေရသည့်တိုင်အောင် စိတ်မအေးချမ်းနိုင်ခဲ့ပါချေ။

မေတ္တာ ဓားချန်းစွမ်းချိုဖုန်းသည် မိမိဓားတွင် ပေကျံနေသော သွေးများအား ဓားပါရဂူတစ်ယောက်၏ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားများနှင့် သုတ်လိုက်သည်။

"အင်း ... လဝန်းအလင်းရောင်နဲ့ တွေ့မြင်ခဲ့ရတဲ့ သဘာဝရှုခင်းအလှနဲ့ မိုးပြာရောင်ကောင်းကင်အောက်မှာ တွေ့မြင်ခဲ့ရတဲ့ သဘာဝရှုခင်းအလှကို နှိုင်းယှဉ်ခံစားကြည့်မယ်လို့ ညက တွေးထားမိတယ်"

သူသည် ခေါင်းတစ်ချက်ခါယမ်း၍ စကားဆက်လိုက်သည်။



"အခုတော့ ဒီအနိဋ္ဌာရုံကြောင့် သဘာဝရှုခင်းအလှကို မခံစားနိုင်တော့ပါဘူးကွာ"

ကို့ကျဲကျုံးလီက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကျုပ်ကြောင့် အစ်ကိုကြီးချန်း အခုလို စိတ်အနှောင့်အယှက်ဖြစ်ရတာ တကယ်ဝမ်းနည်းမိပါတယ်"

မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် သူ့အား မျက်လုံးပြူးကာ ကြည့်လိုက်၏။

"ညီလေးတို့ ... မင်းကြည့်ရတာ ဒီပန်းပေါင်းစုံတောင်ကြား ထဲမှာ နေမယ်လို့ ဆုံးဖြတ်ပြီးချိန်ကစပြီး ကျုပ်နဲ့ စိမ်းသွားသလိုပါပဲလား"

ကို့ကျဲကျုံးလီသည် ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။ လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြု၍ ရှင်းပြလိုက်သည်။

"ဒီလိုမဟုတ်ပါဘူးဗျ၊ ကျုပ်ရင်ထဲမှာ အစ်ကိုကြီးချန်းအတွက် အားတုံ့အားနာဖြစ်မိလို့ပါ"

မေတ္တာဓားချန်းစွမ်းချိုဖုန်းသည် ရယ်မောလျက် ခေါင်းခါယမ်းလိုက်သည်။

"ဟား ဟား ဟား ... ကျုပ်က မင်းရဲ့သဘောတရားကို အကြွင်းမဲ့ယုံကြည်ပါတယ်၊ ဒါပေမဲ့ အားတုံ့အားနာဖြစ်နေတယ်ဆိုတာ

သိလို့ ပြောလိုက်တာကွ"

ကို့ကျဲကျုံးလီ ရယ်မောလိုက်သည်။ ငွေရဲတင်းလွေထင်းရှန်သည် သူတို့နှစ်ယောက်အား တစ်လှည့်စီကြည့်ကာ ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"ကျုပ် သိုင်းလောကထဲမှာ လှည့်လည်ခဲ့တာ ကြာပါပြီ၊ ဒါပေမဲ့ မင်းတို့လို တစ်ယောက်နဲ့တစ်ယောက် တန်ဖိုးထားတဲ့ အတူမဲ့သစ္စာရှင်တွေကို ဒီတစ်ကြိမ်ပဲ တွေ့ဖူးသေးတယ်"

ယင်းအချိန် ... ဝမ်းရွှေချင်းသည် ကျေနပ်စွာပြုံးလျက် အိမ်ပေါ်မှ တစ်လှမ်းချင်း ဆင်းလာခဲ့လေသည်။ ထို့နောက် ... ကို့ကျဲကျုံးလီ၏အသံကြားရာသို့ မှန်းဆကာ လျှောက်လာလေသည်။ ကို့ကျဲကျုံးလီသည် သူမထံလျှောက်သွားကာ လက်တစ်ဖက်အား ဆွဲကိုင်ပေးထားလိုက်သည်။

"ဝမ်းမိန်းကလေး ... အိမ်ပေါ်မှာနေပါလား၊ ဘာဖြစ်လို့ဆင်းလာတာလဲ"

"ကို့ကျဲကျုံးလီ ... ရှင်တို့နှစ်ယောက်ရဲ့ တစ်ယောက်နဲ့တစ်ယောက် ကြီးမားတဲ့သစ္စာတရားထားနိုင်မှုကို ကျွန်မ ကြားတာနဲ့တင် လေးစားလို့မဆုံးပါဘူးရှင်"

ကို့ကျဲကျုံးလီသည် ပြုံးလျက် မေတ္တာဓား ချန်းစွမ်းချိုဖုန်း



အား လှမ်းကြည့်လိုက်သည်။ မေတ္တာဓား ချန်းစွမ်းချိုဖုန်းကလည်း သူ့အား ပြုံးလျက်ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။ ယင်းအချိန် ... ငွေရဲတင်း လွေထင်းရှန်သည် ဝမ်းရွှေချင်းအနီးသို့လျှောက်လာကာ ဦးညွတ်လိုက်၏။

"သခင်မလေး"

သူ၏စကားမဆုံးမီ ... ဝမ်းရွှေချင်းသည် ခေါင်းခါယမ်းကာ ကပျာကယာပြောလိုက်သည်။

"ဦးလေးလွေ ... ကျွန်မဟာ ရှင့်ကိုဆေးကုပေးတဲ့ ကျေးဇူးရှိတာကလွဲရင် သခင်မလေးလို့ ခေါ်ထိုက်တဲ့ဂုဏ်ရှိန် မရှိပါဘူး၊ ဒါကြောင့် ဝမ်းမိန်းကလေးလို့ပဲ ခေါ်ပါရှင်"

ငွေရဲတင်း လွေထင်းရှန်၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။ သူသည် ဝမ်းရွှေချင်းရှေ့တွင် ဒူးထောက်လိုက်၏။

"ကျုပ်ဟာ သိုင်းလောကသားတစ်ယောက်ပါ၊ ဒါကြောင့် သိုင်းလောကက ခေါ်ဝေါ်တဲ့ဝေါဟာရကို နှုတ်ကျိုးနေပါပြီး၊ နောက်ပြီး အသက်ရှင်သန်ရေးအတွက် ကုသပေးခဲ့တဲ့ ကျေးဇူးဟာ မနည်းတာကြောင့် သခင်မလေးလို့ ခေါ်ခွင့်ပြုစေချင်ပါတယ်"

ဝမ်းရွှေချင်း၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသောဟန်မူရာများ ပေါ်လွင်လာလေသည်။ သူမသည် ခါးညွတ်ကွေးလျက်

လွှထင်းရှန်၏ခန္ဓာကိုယ်အား လက်ကလေးဖြင့် စမ်းသပ်လိုက်လေသည်။

"တော်ပါတော့ ... တော်ပါတော့၊ အခုချက်ချင်း ထလိုက်ပါရှင်၊ ကျွန်မ အနေခက်အောင် မလုပ်ပါနဲ့"

ငွေရဲတင်း လွှထင်းရှန်သည် ဒူးထောက်ရာမှ ထရပ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် သခင်မလေး"

ဝမ်းစွေချင်းသည် လှုပစ္စာပြုံး၍ လက်ဝှေ့ယမ်းလိုက်သည်။

"အဲ ... တော်ပါတော့ရှင်၊ ဒါနဲ့ ဦးလေးလွှ ဘယ်တော့ ခရီးထွက်မှာလဲ"

ငွေရဲတင်း လွှထင်းရှန်သည် ကောင်းကင်အား တစ်ချက် မော့ကြည့်လိုက်သည်။

"နေတောင် အတော်မြင့်နေပြီပဲ၊ ဒီအချိန် ပန်းပေါင်းစုံ တောင်ကြားက စထွက်မှ ညနေဆည်းဆာချိန်ကျရင် တံငါရွာကို ရောက်မှာပါ။ အဲဒီကမှတစ်ဆင့် ခရီးဆက်ရမှာဆိုတော့ အချိန်ရှိတုန်း အခုပဲ ခရီးစထွက်ပါတော့မယ်"

ဝမ်းစွေချင်းသည် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အင်း ... တွေ့ကြုံဆုံကွဲဆိုတဲ့ ကံကြမ္မာဟာ လောကရဲ့



ဖြစ်သင့်ဖြစ်ထိုက်တဲ့အကြောင်းအရာ တစ်ခုပါပဲလေ"

သူမက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်မရဲ့ဖခင် သမားတော်ကြီး သေဆုံးချိန်ကစပြီး ကျွန်မဘဝထဲကို ဖခင်တစ်ယောက် အစားထိုးရောက်လာသလို ပြုစုကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ဦးလေးလွှကို ဂါရဝပြုပါတယ်"

ငွေရဲတင်း လွှထင်းရှန်၏မျက်နှာပေါ်တွင် ထူးဆန်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ကျုပ်ရဲ့ကျေးဇူးထက်စာရင် သခင်မလေး ဝမ်းရဲ့ကျေးဇူးဟာ ပိုပြီးကြီးမားပါတယ်ဗျာ"

ဝမ်းစွေချင်းသည် မချိပြုံး ပြုံးကာ ခေါင်းခါယမ်းလိုက်သည်။

"ကဲပါရှင် ... ဒါတွေ ပြောမနေပါနဲ့တော့၊ လောလောဆယ် ရှင့်ကို နံနက်စာ စားသင့်ပါပြီ"

ငွေရဲတင်း လွှထင်းရှန်က ယခုမှ ဝမ်းဗိုက်ကိုပွတ်၍ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါရဲ့၊ ကျုပ်တို့လည်း တိုက်ခိုက်ရတာနဲ့ နံနက်စာစားဖို့မေ့နေတာ အခုမှပဲ ဗိုက်ထဲမှာ ဆာလောင်လာတော့တယ်"

ဝမ်းစွေချင်းသည် လှပစွာ ပြုံးလိုက်၏။ သူမက လက်တစ်ချက်ငွေ့ယမ်းပြလိုက်လေသည်။

"ကဲ ... အားလုံးပဲ နံနက်စာစားကြရအောင်၊ ကျွန်မ မှျစ်ချဉ်နဲ့ ငါးခေါင်းဟင်း ချက်ထားပါတယ်"

ငွေရဲတင်း လွှေထင်းရှန်သည် သူမ၏စကားကြောင့် မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။

"ဟာ ... ဟုတ်ပါရဲ့၊ မနေ့က ကျုပ် ငါးလေးကောင် ဖမ်းမိထားတယ်၊ သခင်မလေးရဲ့မျှစ်ချဉ်ဟင်း လက်ရာကို ခင်ဗျားတို့ မြည်းစမ်းကြည့်စမ်းပါ၊ ခေါင်းတောင် ဖော်နိုင်ကြမယ် မထင်ဘူး"

ချန်းစွမ်းချိုဖုန်းသည် မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"ဟုတ်လား ... ဒါဆိုရင် ကျုပ်က ဝမ်းမိန်းကလေးရဲ့ လက်ရာကို တစ်ဝကြီးမြည်းကြည့်ပြီးမှ ခရီးစထွက်တော့မယ်"

ထိုစကားကြောင့် အားလုံးသောလူများသည် အားပါးတရ ရယ်မောလိုက်ကြလေသည်။ ဝမ်းစွေချင်းသည် ကို့ကျဲကျုံးလီ၏လက်အား ဆုပ်ကိုင်လျက် ...

"ကို့ကျဲကျုံးလီ ကျွန်မတို့ အိမ်ပေါ်တက်ကြမယ်"

လုံမင်းသားသည် ခေါင်းညိတ်ပြပြီး သူမအား လက်ဆွဲ၍ အိမ်ပေါ်သို့ ခေါ်ဆောင်သွားလေသည်။ ချန်းစွမ်းချိုဖုန်းသည် သူမတို့



နောက်သို့ လိုက်သွားရန် ဟန်ပြင်ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ငွေရဲတင်းလွှေထင်းရှန်အား ကြည့်လိုက်သည်။

"အစ်ကိုကြီးလွှေ ... ခင်ဗျားရော"

လွှေထင်းရှန်သည် တစ်ဖက်တည်းသော လက်ဖြင့် အလောင်းများကို ညွှန်ပြလိုက်သည်။

"ခင်ဗျား သွားစားနှင့်ပါ၊ ကျုပ် ဒီအလောင်းတွေကို မြေမြှုပ်ပြီးမှ လိုက်ခဲ့မယ်"

ချန်းစွမ်းချိုဖုန်းသည် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ကောင်းပြီ ... ဒါဆို ကျုပ်သွားနှင့်မယ်"

ပြောပြီး ဝါးအိမ်ကလေးပေါ်သို့ တက်ခဲ့လေတော့သည်။

* * *

## အခန်း (၁၆)
## သေရွာပြန်လူသတ်သမား

လူသေတစ်ယောက်အား မြေမြှုပ်ရန် ခြောက်ပေအလျား ရှိ၍ သုံးပေအနက်ရှိသော မြေတွင်းတစ်တွင်းလိုအပ်ပေသည်။

လူသေလေးလောင်းအား မြေမြှုပ်ရန်ဆိုပါလျှင် ခြောက်ပေ အလျားနှင့် အနက်သုံးပေခန့်ရှိသော မြေတွင်းလေးတွင်း လိုအပ်ပေမည်။

ဤကဲ့သို့သော မြေတွင်းလေးတွင်းအား လူတစ်ယောက်သည် လက်တစ်ဖက်တည်းနှင့် ရဲတင်းတစ်လက်ကို အားပြု၍ တူးရန်မှာ မလွယ်ကူပါချေ။

သို့သော် ... ငွေရဲတင်း လွှေထင်းရှန်သည် မိမိ၏ရဲတင်းကို အသုံးပြု၍ မြေတွင်းလေးတွင်း တူးလိုက်ပြီး ဖြစ်လေသည်။ သူသည် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်သဖြင့် ဤမျှလျင်မြန်စွာ တွင်းတူးနိုင်ခဲ့ခြင်း ဖြစ်လေသည်။



မည်သို့ဆိုစေ ... သွေးသားဖြင့် တည်ဆောက်ထားသော ခန္ဓာကိုယ်သည် အနည်းငယ် မောဟိုက်နေလေသည်။ သို့ရာတွင် ... သူသည် အနားယူရန် မစဉ်းစားမိပါ။ လက်ထဲမှ ငွေရဲတင်းအား ဓားပါရဂူအစ်ကိုကြီး လဲကျသေဆုံးနေသောနေရာ၏ အနီးရှိ သစ်ပင်ပေါ်တွင် စိုက်သွင်းလိုက်လေသည်။

ထို့နောက် ... ဝမ်းခွေချင်းအား လက်တစ်ဖက်တည်းဖြင့် ဆွဲယူကာ ပထမမြေတွင်းထဲသို့ ပစ်ထည့်လိုက်သည်။ တစ်ဖန် ... ဓားပါရဂူ အစ်ကိုလတ်အား လက်တစ်ဖက်ဖြင့် ဆွဲယူ၍ ဒုတိယမြေတွင်းထဲသို့ ပစ်ထည့်လိုက်လေသည်။

အလောင်းနှစ်လောင်းသည် မြေတွင်းထဲသို့ ရောက်ရှိသွားချိန်တွင် အနည်းငယ်မောဟိုက်လာသဖြင့် သစ်တုံးတစ်တုံးပေါ်တွင် ထိုင်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။

ထိုအချိန် ... မြေပြင်ပေါ်တွင် လဲကျသေဆုံးနေသော ဓားပါရဂူအစ်ကိုကြီး ကျုး၏မျက်လုံးအစုံသည် ဖြည်းညင်းစွာ ပွင့်လာလေသည်။

အမှန်တွင် ... သူသည် ချန်းစွမ်းချိဖုန်းအား မယှဉ်နိုင်ကြောင်း သိရှိလိုက်သဖြင့် အနည်းငယ်မျှ ဒဏ်ရာရရှိသွားရုံဖြင့် ယခုကဲ့သို့ လဲကျသေချင်ဟန်ဆောင်ခဲ့ခြင်း ဖြစ်လေသည်။

ယင်းကြောင့် ... ချန်းစွမ်းချိုဖုန်းနှင့် ကို့ကျဲကျုံးလီတို့ ဝါး အိမ်ကလေးထဲသို့ ဝင်ရောက်သွားကြသည်ကို သိရှိလိုက်ပြီး အတန် ကြာ ပြန်မထွက်လာသောအခါ နံနက်စာစားသောက်နေသည်ဟု နားလည်လိုက်သောကြောင့် ဖြည်းညင်းစွာ မျက်လုံး ဖွင့်ကြည့်လိုက် ခြင်း ဖြစ်သည်။

သူ၏အကြံအစည်မှာ ဤနေရာမှ တိတ်တဆိတ်ထွက်ပြေး သွားရန် ဖြစ်သည်။ ယခု ငွေရဲတင်းလွေထင်းရှန်သည်သူ့အား ကျော ပေးလျက် ထိုင်နေသည်ကို တွေ့မြင်ရသောအခါ ဖြည်းညင်းစွာ တစ် ဖက်သို့လှည့်လိုက်သည်။

ထိုအခါ သူ၏ခန္ဓာကိုယ်သည် သစ်ပင်ကြီး၏ပင်စည်အနီးသို့ ရောက်သွားလေသည်။ တစ်ဆက်တည်းမှာပင် ... ရူးရှသောမျက်လုံး အစုံသည် ပင်စည်ပေါ်တွင် စိုက်သွင်းထားသော ငွေရောင်တောက်ပ နေသည့် ရဲတင်းအား တွေ့မြင်လိုက်ရ၏။

သူသည် ငြိမ်သက်စွာလဲလျောင်းလျက် ငွေရောင်တောက် ပသော ရဲတင်းကြီးနှင့် လွေထင်းရှန်တို့အား တစ်လှည့်စီ ကြည့်နေ လေသည်။ သူ၏မျက်လုံးအစုံတွင် ကောက်ကျစ်စဉ်းလဲခြင်း၊ ရက်စက် ကြမ်းကြုတ်လိုသော ဟန်မူရာများ ပေါ်လွင်လာသည်။

❋



လွေထင်းရှန်သည် မောဟိုက်နေသော ခံစားမှုကို ပြေ ပျောက်စေရန် သစ်တုံးတစ်တုံးပေါ်ထိုင်ကာ အမောဖြေနေသည်။

သူသည် အမောဖြေအနားယူသည်မှလွဲ၍ ဝန်းကျင်တွင် ဖြစ်ပေါ်လာမည့် အန္တရာယ်အား ဂရုမစိုက်မိပါချေ။

အသက်ကင်းမဲ့နေသော အလောင်းများသည် မိမိအား မည် သို့မျှပြုလုပ်နိုင်လိမ့်မည်မဟုတ်ဟု ယုံကြည်ထားသည် မဟုတ်ပါ လော။

သို့သော် ... တစ်ခါတစ်ရံ မယုံကြည်နိုင်သော အဖြစ်အပျက် များသည် အမှန်တကယ်ဖြစ်ပေါ်လာခဲ့ချေပြီ။

သွေးသံရဲရဲဖြင့် လဲကျနေသော ဓားပါရဂူအစ်ကိုကြီး ကျူး သည် ဖြည်းညင်းစွာ ထရပ်လိုက်၏။ ယင်းနောက် ... သစ်ပင်ပေါ် တွင် စိုက်ဝင်နေသော ငွေရဲတင်းအား အတွင်းအားကိုအသုံးပြုကာ ဆွဲနှုတ်လိုက်လေသည်။

ငွေရဲတင်းသည် သူ၏လက်ထဲသို့ ရောက်ရှိလာသည့်အခါ ခြေဖျားထောက်၍ လွေထင်းရှန်ထံသို့ တစ်လှမ်းချင်း လှမ်းလာသည်။

ထိုအချိန် ... လွေထင်းရှန်သည် အမောပြေပြီဖြစ်ရာ နောက်ထပ်အလောင်းများအား မြေတွင်းထဲသို့ထည့်ရန် ထိုင်ရာမှ

ဖြည်းညင်းစွာ ထရပ်လိုက်သည်။

ယင်းတဒင်္ဂလေးမှာပင် ... ဓားပါရဂူ အစ်ကိုကြီးကျူးထင်း သူ့အနီးသို့ လျင်မြန်စွာရောက်ရှိလာကာ ရဲတင်းကြီးနှင့် အားကုန်လွှဲ ခုတ်လိုက်လေတော့သည်။

'ဒုတ်'

"အင့်"

"အား"

လွှေထင်းရှန်သည် မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ရှောင်တိမ်းနိုင်စွမ်း မရှိပါချေ။ ရှေ့သို့ ဟပ်ထိုးလဲကျသွား၏။ ရဲတင်းသည် သူ၏နောက်ကျောပြင်တွင် စူးနင့်စွာ စိုက်ဝင်သွားသဖြင့် နီရဲသောသွေးများ စီးဆင်းကျလာသည်။

ဓားပါရဂူအစ်ကိုကြီးကျူးသည် လွှေထင်းရှန် လဲကျသွားသည်ကို တွေ့မြင်လိုက်ရသည့်အခါ စဉ်းစားခြင်းပင် မပြုတော့ဘဲ တစ်လှမ်းချင်း ဒယီးဒယိုင်ဖြင့် ပန်းပေါင်းစုံတောင်ကြားထဲမှ ပြေးထွက်သွားလေသည်။

❋



နံနက်စာ ထမင်းစားပွဲတွင် ဟင်းလျာများ မများလှပါချေ။ သို့သော် ... အလွန်အရသာရှိအောင် ချက်ပြုတ်ထားလေသည်။

မေတ္တာဓားချန်းစွမ်းချိုဖုန်းသည် မျက်မမြင်လေး ဝမ်းစွေချင်းက ဤ မျှ ဟင်းချက်ကောင်းလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါချေ။ သူ အလွန်အံ့သြနေမိ၏။

ဟင်းလျာများအပြင် စားပွဲပေါ်တွင် အရက်ခွက်များ ရှိနေသေး၏။ သို့သော် ... အရက်များ ရှိမနေပါချေ။ အရက်ခွက်ထဲ၌ ရေနွေးကြမ်းများသာ ရှိနေသည်။

ဝမ်းစွေချင်းသည် မျက်စိအလုံးစုံ မြင်တွေ့ရသည့်အလား ကရားထဲမှ ရေနွေးကြမ်းများကို ခွက်ထဲသို့ ငှဲ့ထည့်နေလေသည်။ ယင်းနောက် ... ချိုသာယဉ်ကျေးစွာ ပြုံးလိုက်သည်။

"ဒီရပ်ရွာက မြို့နဲ့ဝေးတော့ အရက်လိုချင်တိုင်း ဝယ်လို့မရဘူး။ မနေ့ညက အစ်ကိုကြီးချန်းတို့ သောက်တဲ့အရက်ဟာ လက်ကျန် အကုန်ဖြစ်တာကြောင့် ရေနွေးပဲ တိုက်ပါရစေရှင်"

ချန်းစွမ်းချိုဖုန်းသည် သူမအား မျက်မှုံးပင့်ကာ ကြည့်လိုက်သည်။

"ကိစ္စမရှိပါဘူး။ ဒါနဲ့ ဝမ်းမိန်းကလေးရဲ့ စားနပ်ရိက္ခာတွေကို ဝယ်ယူတဲ့အခါကျတော့ ဒီနေရာရောက်အောင် ဘယ်လိုသယ်သလဲ"

"ဒါတော့ ကျွန်မ မသိဘူး၊ ဒီစားနပ်ရိက္ခာတွေ သယ်ယူတဲ့ တာဝန်ကို ကျွန်မဖေဖေ ဝမ်းသမားတော်ကြီး ရှိတုန်းက ဖေဖေ့ တပည့်တစ်ယောက်က တာဝန်ယူတယ်လေ၊ ဖေဖေ သေဆုံးသွားတော့လည်း သူ့တပည့်ကဆက်ပြီး တာဝန်ယူပါတယ်"

သူမက စကားဆက်လိုက်သည်။

"အင်း ... လွှေဦးလေး ရောက်ရှိလာချိန်မှာတော့ လွှေဦးလေးကပဲ တာဝန်ယူတယ်လေ၊ ဒါကြောင့် သူတို့ ဘယ်လိုတာဝန်ယူတယ်ဆိုတာ ကျွန်မ မေးမကြည့်မိဘူး"

ချန်းစွမ်းချိုဖုန်းသည် မျက်မှောင်ကြုတ်လိုက်သည်။

"ဒါနဲ့ လွှေဦးလေးဆိုလို့ အခုမှ သတိရတယ်၊ သူ အခုချိန်ထိ ဘာဖြစ်လို့ မလာသေးတာလဲ"

ဝမ်းရွှေချင်းသည် ပြုံး၍ ထိုင်ရာမှ ထလိုက်မိသည်။

"ဟုတ်ပါရဲ့ ... ကျွန်မ သူ့ကို သွားခေါ်လိုက်ဦးမယ်"

ပြောပြီး နံရံများအား လက်ဖြင့်စမ်း၍ ထွက်သွားလေသည်။ ချန်းစွမ်းချိုဖုန်းသည် ထမင်းငုံ့စားနေသော ကို့ကျဲကျုံးလီအား လှမ်းကြည့်လိုက်သည်။

"ညီလေးကို့ ... ဝမ်းမိန်းကလေးဟာ တကယ်အချက်အပြုတ်ကောင်းတာပဲကိုး၊ မင်း ကံကောင်းတာပဲ"



ကို့ကျဲကျုံးလီသည် ထမင်းငုံ့စားနေရာမှ ခေါင်းတစ်ချက်မော့ကြည့်ကာ ပြုံးလိုက်သည်။ ယင်းနောက် ... ခေါင်းငုံ့၍ ထမင်းဆက်စားနေလေ၏။ ချန်းစွမ်းချိုဖုန်းသည် သူ့အား မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဟေ့ ... မင်း ဘယ်တုန်းက အ,သွားတာလဲ"

ကို့ကျဲကျုံးလီသည် ထမင်းစားလက်စကို အဆုံးသတ်ကာ သက်ပြင်းတစ်ချက်ချ၍ တစ်စုံတစ်ခုပြောရန် ပါးစပ်ပြင်လိုက်စဉ် ...

"အား"

ရုတ်တရက် ... ဝမ်းရွှေချင်း၏စူးရှသောအော်ဟစ်သံကို ကြားလိုက်ရလေသည်။

ချန်းစွမ်းချိုဖုန်းနှင့် ကို့ကျဲကျုံးလီတို့သည် ရုတ်ခြည်းပင် ထိုင်ရာမှထကာ ပြေးထွက်သွားကြ၏။ သူတို့နှစ်ယောက် အိမ်ပြင်သို့ ရောက်ရှိလာသောအခါ ရုတ်တရက် ခြေလှမ်းရပ်တန့်လျက် မျက်လုံးများ ပြူးကျယ်သွားကြမိလေသည်။

✽

ဝမ်းရွှေချင်းသည် စူးရှစွာ အော်ဟစ်နေ၏။ သူ၏မျက်နှာ

တစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်လျက် ကြောက်ရွံ့တုန်လှုပ်လွန်းသဖြင့် အသားများပင် တဆတ်ဆတ်တုန်နေလေသည်။

သူမ၏လက်နှစ်ဖက်ကမူ လွှေထင်းရှုန်း၏ကျောကုန်းပေါ်တွင် စိုက်ဝင်နေသော ငွေရဲ တင်းအား ဆုပ်ကိုင်လျက် ရှိနေလေသည်။ ကို့ကျဲကျူးလီနှင့် ချန်းစွမ်းချိုဖုန်းတို့သည် ထိုမြင်ကွင်းအားကြည့်ကာ ငေးငိုင်နေကြ၏။

ယင်းအချိန် ... ဝမ်းစွေချင်းသည် ထိုင်ရာမှ ဝုန်းခနဲထရပ်ကာ ပြေးထွက်သွားလေသည်။ ထိုအခါ ... သူမ၏ခြေထောက်သည် သစ်တုံးများနှင့် တိုက်မိကာ လဲပြိုသွား၏။ ယခုမှ ... ကို့ကျဲကျူးလီသည် သတိဝင်လာကာ သူမထံသို့ ပြေးလွှားသွားကာ ပွေ့ထူလိုက်သည်။

"ညီမလေးဝမ်း ... မင်း ဘာဖြစ်သွားသေးလဲ"

ဝမ်းစွေချင်းသည် ထိတ်လန့်တုန်လှုပ်သွားသဖြင့် အသားများပင် တုန်ခါနေ၏။

"ဦးလေးလွှေ၊ ဦးလေးလွှေကို ဘယ်သူသတ်တာလဲ"

ချန်းစွမ်းချိုဖုန်းသည် သူမအား မျက်မှောင်ကြုတ်ကြည့်လိုက်သည်။

"ဝမ်းမိန်းကလေး ... မင်းက ဦးလေးလွှေသေတာကို ချက်ချင်းသိနိုင်သလား"



ဝမ်းစွေချင်းသည် မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

"ဒီနေရာမှာ လက်တစ်ဖက်မရှိတဲ့လူဟာ ဦးလေးလွှေကလွဲပြီး ဘယ်သူဖြစ်နိုင်မှာလဲ"

ချန်းစွမ်းချိုဖုန်းသည် သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ဝမ်းစွေချင်းသည် မျက်စိအလင်းမရသော ဒုက္ခိတမလေးဖြစ်သော်လည်း အလွန်ပါးနပ်၍ ဉာဏ်ကောင်းသည့် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သဘောပေါက်မိလေသည်။ ကို့ကျဲကျူးလီသည် သူမ၏ပခုံးအား ညင်သာစွာ ဆွဲထူလိုက်သည်။

"ညီမလေးဝမ်း ... မင်းစိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ၊ ဒါနဲ့ အစ်ကိုကြီးလွှေကို ဘယ်သူသတ်သွားတာလဲဆိုတာ ကျုပ်တို့ စဉ်းစားလို့ရမယ်"

ချန်းစွမ်းချိုဖုန်းသည် ဝန်းကျင်အား မျက်လုံးတစ်ချက်ဝှေ့ကြည့်လိုက်သည်။

"ဟေ့ ... ကျုပ်တို့အိမ်ပေါ်တက်သွားတုန်းက ဒီမှာ အလောင်းလေးလောင်းကျန်ခဲ့တာပဲ၊ အခု ဘယ်လိုဖြစ်ပြီး အလောင်းသုံးလောင်းဖြစ်နေတာလဲ"

ကို့ကျဲကျူးလီ၏မျက်ခုံးအစုံမှာ ကုပ်ဆင်းသွားလေသည်။

"ဒီအတိုင်းဆိုရင် ဓားပါရဂူသုံးယောက်ထဲက တစ်ယောက်ဟာ သေချင်ဟန်ဆောင်ပြီး လွှေအစ်ကိုကြီးအလစ်မှာ တိုက်ခိုက်ထွက်ပြေးသွားတာဖြစ်ရမယ်"

ချမ်းစွမ်းချိုဖုန်း၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသောဟန်မူရာများ ပေါ်လွင်လာလေသည်။

"အင်း … ကျုပ်ကသာ ဓားပါရဂူသုံးယောက် သေဆုံးတယ်၊ မသေဆုံးဘူးဆိုတာ သေချာစူးစမ်းလေ့လာမိရင် ဒီလိုအဖြစ်ဆိုးနဲ့ ကြုံရမှာမဟုတ်ဘူး"

ဝမ်းစွေချင်းသည် ငိုကြွေးရင်းမှ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်လေသည်။

"မဟုတ်သေးပါဘူးရှင်၊ လွှေအစ်ကိုကြီးရဲ့ကံကိုက မကောင်းတာပါ၊ ကျွန်မ တကယ်ဝမ်းနည်းမိပါတယ်ရှင်"

လုံမင်းသားသည် လွှေထင်းရှန်၏အလောင်းအား စိုက်ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အင်း … ဒီလိုအကြံမျိုး ကြုံလာမယ်ဆိုတာ မသိလို့ ကျုပ်တို့က သူတစ်ယောက်တည်းကို အလောင်းတွေ မြေမြှုပ်ခိုင်းခဲ့မိတာပါ၊ ကျုပ်ရဲ့ပေါ့ဆမှုလည်း ပါပါတယ်"

ဝမ်းစွေချင်းသည် ငိုရှိုက်ရာမှ ခေါင်းခါယမ်းလိုက်သည်။



"ဒီလိုလည်း မဟုတ်ပါဘူးရှင်၊ လူတိုင်းဟာ ကိုယ့်ကံနဲ့ကိုယ် ပါလာကြတာပါ၊ ဦးလေးလွှေရဲ့ကုသိုလ်ကံနည်းပါတယ်လို့ပဲ ထားလိုက်ပါတော့ရှင်"

ချမ်းစွမ်းချိုဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့ ဒီလိုပဲ သဘောထားလိုက်ကြပါစို့၊ အခု အရေးကြီးတာက ဒီအလောင်းတွေကို မြေမြှုပ်သင်္ဂြိုဟ်ဖို့ပဲ"

လုံမင်းသားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့ မြေမြှုပ်ကြမယ်"

ပြောပြီး အလောင်းများအား တွင်းထဲသို့ တစ်ယောက်ပြီး တစ်ယောက် ထည့်လိုက်လေသည်။

ချမ်းစွမ်းချိုဖုန်းသည် သူနှင့်အတူ ဝိုင်း၍ မြေမြပေးနေလေတော့သည်။

*

ညနေဆည်းဆာသည် ကမ္ဘာမြေတစ်ခုလုံးအား ရွှေရည်စိမ်ထားသည်။ ပန်းပေါင်းစုံတောင်ကြားတစ်ခုလုံး သာယာလှပနေလေသည်။

ပန်းပေါင်းစုံတောင်ကြားတစ်နေရာ၌ရှိသော မြေပုံလေးပုံသည် ယနေ့ဆည်းဆာ၏အလှကို အကျည်းတန်စေ၏။ မြေပုံတစ်ပုံရှေ့တွင် ဝမ်းစွေချင်းသည် ငိုကြွေးနေသည်။

လှံမင်းသားသည် သူမ ၏နံဘေးတွင် တွေဝေငေးငိုင်လျက်ရပ်နေလေသည်။ ချန်းစွမ်းချိုဖုန်းသည် လှံမင်းသားနံဘေးတွင် ပခုံးချင်းယှဉ်ကာ ရပ်နေလေသည်။

ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ အတန်ကြာမှ ချန်းစွမ်းချိုဖုန်း၏အသံသည် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက် ထွက်ပေါ်လာလေသည်။

"ဒီအတိုင်းဆိုရင် မင်းတို့ရဲ့ ပန်းပေါင်းစုံတောင်ကြားဟာ အန္တရာယ်တွေနဲ့ ပြည့်နှက်နေပြီ"

လှံမင်းသားသည် သူ့အား လှမ်းကြည့်ကာ မချိပြုံးပြုံးလိုက်သည်။

"သိုင်းလောကသားတစ်ယောက်မှာ အန္တရာယ်ဆိုတာကိုယ်နဲ့မကွာ ရှိနေမယ့် အဖော်ပဲဗျ"

ချန်းစွမ်းချိုဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မင်း အခုရင်ဆိုင်နေရတဲ့ ရန်သူဟာ အင်မတန်ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ မေ့မထားသင့်ဘူး"



လှံမင်းသားသည် ချန်းစွမ်းချိုဖုန်းက မိမိအတွက် စိုးရိမ်ကြီးနေကြောင်း နားလည်လိုက်သည်။ သူက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"စိတ်ချပါ ... ကျုပ် ဂရုစိုက်ပါတယ်"

ချန်းစွမ်းချိုဖုန်းသည် သူ့အား စေ့စေ့ကြည့်လိုက်သည်။

"လှံမင်းသား ... အခုဆိုရင် ရန်သူဟာ အမှောင်ထဲမှာ ရှိနေပြီး မင်းက အလင်းထဲ ရောက်နေတယ်၊ ဒါကြောင့် ရန်သူ ဘယ်လိုအချိန်မျိုးမှာ ဘယ်နေရာက ထွက်လာမယ်ဆိုတာ မင်း အမြဲတမ်း ဂရုစိုက်နိုင်ပါ့မလား"

လှံမင်းသားက မချိပြုံး ပြုံးလိုက်သည်။

"ဟုတ်ကဲ့ ... ကျုပ်အတတ်နိုင်ဆုံး သတိမပြတ် ထားပါ့မယ်"

ပြီးမှ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် မင်းကို ကျုပ်က တကယ်စိတ်မချဘူး"

လှံမင်းသားသည် သူ့အားကြည့်ကာ ပြုံးလိုက်သည်။ ယင်းနောက် ... ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

"ကျုပ်ကလည်း အစ်ကိုကြီးချန်းတို့ရဲ့ လျှို့ဝှက်ဒေါင်းမင်း

ဂေဟာကို စိတ်မချဘူး"

ချန်းစွမ်းချိုဖုန်းသည် တွေဝေစဉ်းစားနေသည်။ သူ၏မျက်နှာတစ်ခုလုံး လေးနက်တည်ကြည်နေလေသည်။

"ဒါဆိုရင် ကျုပ် စဉ်းစားမိတာတစ်ခုရှိတယ်"

ကို့ကျဲကျူးလီက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ပြောပါ"

ချန်းစွမ်းချိုဖုန်းက သူ့အား ပြုံးပြလိုက်၏။

"မင်းနဲ့ဝမ်းမိန်းကလေးတို့ရဲ့ လုံခြုံရေးလည်း အဆင်ပြေအောင် ကျုပ်တို့ ဒေါင်းမင်းဂေဟာအတွက်လည်း အားတိုးနိုင်အောင် မင်းတို့နှစ်ယောက် ကျုပ်နဲ့အတူ ဒေါင်းမင်းဂေဟာကို လိုက်ခဲ့ပါလား"

ကို့ကျဲကျူးလီသည် သူ၏စကားကြောင့် မျက်နှာပေါ်တွင် နာကျင်ကြေကွဲဟန်မူရာများ ပေါ်လွင်လာလေသည်။ သူ၏မျက်ဝန်းအစုံတွင် ချန်းစုံထန်၏ချစ်စဖွယ်မျက်နှာလေးအား မြင်ယောင်နေမိသည် မဟုတ်ပါလား။

သူသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် ငြင်းဆိုဟန်ပြင်လိုက်သည်။ ယင်းအချိန် ... ငိုကြွေနေသော ဝမ်းစွေချင်းသည် ခေါင်းတွင်တွင် ခါလိုက်သည်။

"မဖြစ်ဘူး ... လုံးဝမဖြစ်ဘူး၊ ကျွန်မ ဒေါင်းမင်းဂေဟာကို



မလိုက်ချင်ဘူး"

ချန်းစွမ်းချိုဖုန်းက သူ့အား မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ ... ကျုပ်တို့ ဒေါင်းမင်းဂေဟာက မင်းတို့ကို ဘယ်ရန်သူမှ လာမတိုက်နိုင်အောင် လုံခြုံတဲ့နေရာတစ်ခုဆိုတာကို မင်း ယုံကြည်ပါ"

ဝမ်းစွေချင်းသည် ခေါင်းညိတ်လိုက်သည်။ ယင်းနောက် ... မချိပြုံးပြုံးကာ ဖြည်းညင်းစွာ ထရပ်လိုက်၏။

"ယုံကြည်ပါတယ်ရှင်၊ ဒါပေမဲ့ ... ကျွန်မလို ဒုက္ခိတတစ်ယောက်အတွက် ရှင်တို့ ဒေါင်းမင်းဂေဟာလို ကြီးကျယ် မြင့်မြတ်တဲ့ နေရာကို လိုက်မနေဝံ့လို့ပါ"

ချန်းစွမ်းချိုဖုန်းသည် သူ့အား ကရုဏာသက်စွာ ကြည့်လိုက်သည်။

"အင်း ... မင်းက တကယ်စိတ်အားငယ်တာကိုး၊ စိတ်ချပါ ဒေါင်းမင်းဂေဟာရောက်ရင် မင်းစိတ်ချမ်းသာစေရမယ်လို့ ကျုပ် အာမခံဝံ့ပါတယ်"

ဝမ်းစွေချင်း၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ခွင့်လွှတ်ပါ၊ ကျွန်မ သည်နေရာကလွဲပြီး ဘယ်လိုမြင့်မြတ်တဲ့နေရာမျိုးကိုမှ မခင်တွယ်ပါဘူး၊ တကယ်လို့ ကျွန်မ သေဆုံးခဲ့ရင်တောင်မှ ပန်းပေါင်းစုံတောင်ကြားမှာပဲ ခေါင်းချချင်ပါတယ်"

ချန်းစွမ်းချိုဖုန်းသည် သက်ပြင်းတစ်ချက် ချလိုက်လေသည်။ သူသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"မဟုတ်သေးဘူးလေကွာ၊ သည်နေရာဟာ မင်းတို့နှစ်ယောက်အတွက် မလုံခြုံဘူးနော်"

ဝမ်းစွေချင်းက ပြုံးလိုက်သည်။ အလွန်လျှို့ဝှက်သောအပြုံးဖြစ်သည်။

"ရှင် မှားနေပြီ၊ ပန်းပေါင်းစုံတောင်ကြားမှာ အလွန်လျှို့ဝှက်ပြီး လုံခြုံတဲ့နေရာ ရှိသေးတယ်"

ချန်းစွမ်းချိုဖုန်းက သူမအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

"အဲ ... အလွန်လျှို့ဝှက်ပြီး လုံခြုံတဲ့နေရာ ရှိတယ် ... ဟုတ်လား"

"ဟုတ်ပါတယ်"

ချန်းစွမ်းချိုဖုန်းသည် အနည်းငယ် စိတ်ဝင်စားလာလေသည်။



"ဆိုပါဦး ဘယ်နေရာလဲ"

ဝမ်းစွေချင်းက သူ့အား ဦးညွှတ်လိုက်သည်။ ယင်းနောက် ... အားတုံ့အားနာဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး ...

"ဒါတော့ ကျွန်မ မပြောပါရစေနဲ့ရှင်"

ချန်းစွမ်းချိုဖုန်းက သူမအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ဝမ်းစွေချင်းသည် ခေါင်းငုံ့ထားလိုက်၏။ အတန်ကြာမှ တိုးညင်းသောလေသံဖြင့် ...

"ဒီလိုပါ ... ကျွန်မရင်ထဲမှာ ဒီနေရာအထိ လိုက်လာပြီး ဒုက္ခပေးကြတဲ့ သိုင်းလောကသားတွေကြောင့် ကြောက်ရွံ့တုန်လှုပ်မှုတွေ ခံစားနေရပြီး ဒီအနီးတစ်ဝိုက်မှာ ဒုက္ခပေးမယ့်လူတွေ ချောင်းမြောင်းနေကြတယ်လို့ ခံစားနေမိပါတယ်"

သူမက သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်သည်။

"ဒါကြောင့် ကျွန်မရဲ့ လျှို့ဝှက်တဲ့နေရာကို ပြောပြလိုက်မယ်ဆိုရင် သူတို့ကြားသွားမှာ ကြောက်တယ်၊ ရှင်းရှင်းပြောရရင် အဲဒီနေရာကို ကျွန်မနဲ့ အစ်ကို ကို့ကျဲကျုံးလီကလွဲပြီး ဘယ်သူမှ မသိစေချင်ပါဘူး"

ချန်းစွမ်းချိုဖုန်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။ ကို့ကျဲကျုံးလီသည် သူ့ရင်ထဲမှ ခံစားမှုအား သိရှိလိုက်သဖြင့် အားတုံ့အားနာဖြင့် ကြည့်လိုက်သည်။

"ဝမ်းမိန်းကလေး ... ဒါဟာ မဖြစ်နိုင်တဲ့ကိစ္စပဲ၊ ကျုပ်နဲ့အစ်ကိုကြီးချန်းဟာ သွေးသောက်ညီအစ်ကိုတွေပါ၊ ဒါကြောင့် မင်းရဲ့လျှို့ဝှက်နေရာကို ကျုပ် သိရှိခွင့်ရှိရင် အစ်ကိုကြီးချန်းလည်း သိခွင့်ရှိပါတယ်"

သူ၏လေသံမှာ အနည်းငယ်တင်းမာသွားလေသည်။ ဝမ်းရွှေချင်းသည် ခေါင်းငုံ့လျက် ငိုကြွေးလိုက်သည်။

"ကျွန် ... ကျွန်မက အစ်ကိုကြီးချန်းကို မယုံကြည်လို့မဟုတ်ပါဘူးရှင်"

ကို့ကျဲကျုံးလီက သူမအား စိုက်ကြည့်လိုက်သည်။ အတန်ကြာမှ ခေါင်းတစ်ချက်ညိတ်ကာ ...

"ကောင်းပြီ ... ဒါဆိုရင် မင်းရဲ့လျှို့ဝှက်နေရာကို အစ်ကိုကြီးချန်း သိအောင်ပြောလိုက်ပါ"

ဝမ်းရွှေချင်းသည် ဖြည်းညင်းစွာ မော့လိုက်သည်။ သူမ၏နှုတ်ခမ်းများ တဆတ်ဆတ်တုန်ခါနေလေသည်။ သို့သော် ... အသံထွက်ပေါ်လာခြင်း မရှိပါ။ ကို့ကျဲကျုံးလီသည် မျက်မှောင်ကြုတ်ကာ



သူမအနီးသို့ လျှောက်သွားရန် ဟန်ပြင်လိုက်သည်။ ချန်းစွမ်းချိုဖုန်းက ကမန်းကတန်း ဟန့်တားလိုက်သည်။

"နေပါစေကွာ၊ သူ မပြောတာဘဲ ကောင်းပါတယ်၊ တော်ကြာ ကျုပ်က မင်းတို့ရဲ့လျှို့ဝှက်နေရာကို မကြာခဏလာမိရင် ဒေါင်းမင်းဂေဟာမှာ တာဝန်လစ်ဟင်းနေပါဦးမယ်"

ကို့ကျဲကျုံးလီ၏ရင်ထဲ၌ နင့်ခနဲ ခံစားလိုက်ရလေသည်။ သူသည် ချန်းစွမ်းချိုဖုန်းအား ကြည့်ရင်း မျက်ရည်များ ရစ်ဝဲလာလေသည်။

"အစ်ကိုကြီးချန်း ... တကယ်ဆိုရင် ဒေါင်းမင်းဂေဟာသခင်ကြီးချန်းက ဝမ်းမိန်းကလေးလိုပဲ ကျုပ်အသက်ကို ကယ်တင်ခဲ့ဖူးတဲ့ကျေးဇူးရှင်ပါ၊ ကျုပ်အနေနဲ့ ဒေါင်းမင်းဂေဟာအရေးကိုလည်း ကူညီသင့်ပါတယ်"

ချန်းစွမ်းချိုဖုန်းသည် မချိပြုံးပြုံးကာ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးပါဘူးကွာ၊ အခုချိန်မှာ ဖေဖေဟာ ထိပ်သီးသိုင်းသမားတစ်ဆယ့်နှစ်ယောက်ရဲ့ကာကွယ်စောင့်ရှောက်မှု ရှိနေပါတယ်၊ နောက်ပြီး လျှို့ဝှက်ဒေါင်းမင်းဂေဟာရဲ့ လုံခြုံရေးဟာလည်း တကယ်မပူပင်ရတဲ့ အနေအထားလေ"

သူသည် ဝမ်းခွေချင်းအား ကရုဏာသက်စွာ ကြည့်လိုက်သည်။

"ဝမ်းမိန်းကလေးအတွက်ကတော့ မင်းရဲ့ပြုစုစောင့်ရှောက်မှုကို မရခဲ့ရင် တကယ်မလွယ်ဘူး မဟုတ်လား၊ ဒါကြောင့် မင်းဒေါင်းမင်းဂေဟာအတွက် နောက်ဆံမတင်းပါနဲ့"

ကို့ကျဲကျုံးလီသည် ချန်းစွမ်းချိုဖုန်းအား လေးစားစွာကြည့်လိုက်သည်။

"အစ်ကိုကြီးချန်းရဲ့သဘောထားပြည့်ဝမှုကို တကယ်လေးစားပါတယ်ဗျာ"

ချန်းစွမ်းချိုဖုန်းက မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"ဟေ့ ... မင်းနဲ့ကျုပ်ကြားထဲမှာ ဒီစကားမျိုးတွေ မလိုပါဘူးကွာ"

ကို့ကျဲကျုံးလီသည် သူ့အား စိုက်ကြည့်လိုက်သည်။ ရုတ်တရက် ရယ်မောလိုက်လေသည်။

❋

ချန်းစွမ်းချိုဖုန်းနှင့် ကို့ကျဲကျုံးလီတို့သည် တစ်ယောက်မျက်



နှာ တစ်ယောက်ကြည့်ကာ အားပါးတရ ရယ်မောနေကြသည်။ ဝမ်းခွေချင်းသည် သူတို့၏ရယ်မောသံကို နားထောင်လျက် မျက်ရည်များ တွင်တွင်ကျဆင်းလာလေသည်။

သူမက ထိုင်နေရာမှ ဝုန်းခနဲထရပ်လိုက်သည်။ ယင်းနောက် နားနှစ်ဖက်အား လက်ဖဝါးနှစ်ဖက်ဖြင့်အုပ်ကာ ခေါင်းတွင်တွင်ခါယမ်း၏။

"မကြားချင်ဘူး၊ ဒီလိုရယ်မောသံမျိုးတွေကို မကြားချင်ဘူး"

ကို့ကျဲကျုံးလီနှင့် ချန်းစွမ်းချိုဖုန်းတို့သည် ရယ်မောခြင်းကို ပြိုင်တူရပ်တန့်လိုက်ကြလေသည်။ ချန်းစွမ်းချိုဖုန်းက ဝမ်းခွေချင်းအား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"ဟေ့ ... မင်းက ဘာဖြစ်လို့ ကျုပ်တို့ ရယ်မောသံတွေကို မကြားချင်ရတာလဲ"

ဝမ်းခွေချင်းသည် မျက်ရည်များ သွင်သွင်စီးကျလျက် မဲ့ပြုံးပြုံးလိုက်လေသည်။

"ရှင်တို့က တကယ်ရယ်မောနေကြတာမှ မဟုတ်ဘဲ"

ချန်းစွမ်းချိုဖုန်း၏မျက်နှာပေါ်တွင် ပျင်းရိပျင်းတွဲနိုင်သော အပြုံးတစ်ခု ထွက်ပေါ်လာသည်။

"ဟောဗျ ... ကျုပ်တို့ ရယ်မောကြတာ မင်း မကြားလို့လား"

ဝမ်းဓွေချင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... တကယ်တော့ ရှင်တို့ရဲ့ ရယ်မောသံတွေဟာ ငိုကြွေးသံတွေထက်တောင်မှ ကြေကွဲစရာကောင်းနေပါတယ်၊ ရှင်က အစ်ကို ကို့ကျဲကျုံးလီကို ဒီလိုနေရာမျိုးမှာ ထားခဲ့ရမှာကို မလိုလားဘူး မဟုတ်လား"

ချန်းစွမ်းချိဖုန်း၏မျက်နှာပေါ်တွင် ဝေဒနာ ပြင်းပြင်းထန်ထန် ခံစားရသောဟန်မူရာများ ပေါ်လွင်လာလေသည်။ သူက ကို့ကျဲကျုံးလီအား လှမ်းကြည့်လိုက်သည်။

ကို့ကျဲကျုံးလီကလည်း သူ့အား စိုက်ကြည့်နေလေသည်။ သူသည် ချန်းစွမ်းချိဖုန်း လှည့်ကြည့်လာသည်ကို တွေ့မြင်လိုက်သောအခါ ပြုံးပြလိုက်သည်။ သို့သော် ... မျက်ဝန်းအစုံ၌မူ ဝမ်းနည်းကြေကွဲသော ဟန်မူရာများ ပေါ်လွင်နေသည်။

ယင်းအချိန် ... ဝမ်းဓွေချင်းသည် တစ်ချက်ပြုံးကာ စကားဆက်လိုက်လေသည်။

"အစ်ကိုကို့ကျဲကျုံးလီ ... ရှင်ဟာ သိုင်းလောကရဲ့ အဖြူရောင် သူရဲကောင်းတစ်ယောက်ပါ၊ ဒါကြောင့် သိုင်းလောက အကျိုး



ကို ဆောင်ရွက်ရဦးမယ်ဆိုတာ ကျွန်မ သိပါတယ်၊ ဒီတော့ ဒီနေရာဟာ ရှင်နဲ့ ဘယ်လိုမှ အပ်စပ်နိုင်မှာ မဟုတ်ဘူးဆိုတာ ကျွန်မ နားလည်ပါပြီ၊ ရှင်ထွက်သွားပါတော့"

လုံမင်းသားသည် ဖြည်းညင်းစွာ ခေါင်းခါယမ်းလိုက်သည်။ ယင်းနောက် ... သူမထံသို့ လျှောက်လာကာ ပခုံးနှစ်ဖက်အား ညင်သာစွာ ဆုပ်ကိုင်ထားလိုက်လေသည်။

"ဝမ်းမိန်းကလေး ... မင်း ဘာတွေပြောနေတာလဲ၊ ဒီလိုနေရာမျိုးမှာ မင်းကို တစ်ယောက်တည်းထားခဲ့ပြီး ထွက်သွားဖို့ဆိုတာ ကျုပ် ဘယ်တုန်းကမှ မစဉ်းစားခဲ့ပါဘူး"

မေတ္တာဓား ချန်းစွမ်းချိဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... သူပြောတဲ့စကားကို မင်း ယုံကြည်သင့်တယ်၊ သူဟာ အင်မတန် သစ္စာတရားကြီးမားတဲ့လူတစ်ယောက်ပါ၊ ဒါကြောင့် မင်းကို ဘယ်တော့မှ တစ်ယောက်တည်း ထားခဲ့ဖို့ဆိုတာ ဖြစ်လာမှာ မဟုတ်ပါဘူး"

ဝမ်းဓွေချင်းသည် ရုတ်တရက် ကို့ကျဲကျုံးလီရှေ့တွင် ဒူးထောက်လိုက်၏။

"ကျေးဇူးတင်ပါတယ်၊ ကျွန်မရဲ့ အသီးကျန်ဘဝကို ပြုစု

စောင့်ရှောက်ပေးတဲ့ ရှင့်ကို ကျေးဇူးတင်ပါတယ်”

ကို့ကျဲကျူးလီသည် သူမအား ကရုဏာသက်စွာ ကြည့်နေသည်။ သူသည် သူမအား ဖြည်းညင်းစွာ ဆွဲထူလိုက်သည်။

“ကဲ ... ထပါ၊ ထပါ၊ ဒါတွေ ပြောမနေပါနဲ့တော့”

ဝမ်းစွေချင်းသည် သူဆွဲထူသည့်အတိုင်း အလိုက်သင့် လိုက်ပါလာသည်။ လုံမင်းသားက မေတ္တာဓား ချန်းစွမ်းချိုဖုန်းအား ကြည့်လိုက်သည်။

“အစ်ကိုကြီးချန်း ဒေါင်းမင်းဂေဟာကို ဘယ်တော့လောက် ပြန်မလဲ”

မေတ္တာဓားချန်းစွမ်းချိုဖုန်းသည် တွေဝေသွားလေသည်။ အမှန်တွင် သူသည် ကို့ကျဲကျူးလီအား ပန်းပေါင်းစုံတောင်ကြားဆီသို့ ပို့ဆောင်ပေးပြီးသည်နှင့် ဒေါင်းမင်းဂေဟာသို့ ပြန်လည်ထွက်ခွာရန် ဆုံးဖြတ်ထားလေသည်။

သို့ရာတွင် ... ငွေရဲတင်းလွေထင်းရှန်အား အမှတ်မထင် ပန်းပေါင်းစုံတောင်ကြား၌ တွေ့မြင်ရသောအခါ လုံမင်းသားအား ဒုက္ခပေးမည်စိုးရိမ်သဖြင့် ဆက်လက်နေထိုင်ခဲ့ခြင်း ဖြစ်သည်။ ယခု ... လွေထင်းရှန် သေဆုံးခဲ့ပြီဖြစ်သည်။ ထို့ပြင် ... ဝမ်းစွေချင်းသည် လျှို့ဝှက်နေရာအား မိမိတို့မသိစေချင်ကြောင်း နားလည်ထား၏။



ယင်းကြောင့် ... သူသည် ဤနေရာမှ အမြန်ဆုံး ပြန်လည်ထွက်ရန် ဆုံးဖြတ်လိုက်၏။

“အင်း ... ဝမ်းမိန်းကလေးက လျှို့ဝှက်လုံခြုံတဲ့နေရာ ရှိနေပြီဆိုမှတော့ ကျုပ် မင်းအတွက် စိတ်အေးရပါပြီ၊ ဒါကြောင့် အခုပဲ ပြန်တော့မယ်”

ကို့ကျဲကျူးလီ၏မျက်နှာ ညှိုးနွမ်းသွားလေသည်။

“ဟာ ... မကြာခင်မှောင်တော့မှာ၊ ဒါကြောင့် ဒီတစ်ည အိပ်လိုက်ပါလားဗျာ”

မေတ္တာဓား ချန်းစွမ်းချိုဖုန်းသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။ ဝမ်းစွေချင်းသည် ဦးညွတ်လိုက်ပြီး ...

“အစ်ကိုကြီးချန်း ... ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါနော်”

မေတ္တာဓားချန်းစွမ်းချိုဖုန်းက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

“ကောင်းပါပြီ”

သူကပြောပြီး မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

“အစ်ကိုကြီးချန်း ခဏ”

မေတ္တာဓားသမားချန်းစွမ်းချိုဖုန်းက သူမအား မျက်လုံးပင့်ကာ ...

"ပြောပါ"

ဝမ်းစွေချင်းသည် တည်ကြည်သောမျက်နှာထားဖြင့် ...

"ဒါနဲ့ ... အစ်ကိုကြီးချန်းတို့ရဲ့ လျှို့ဝှက်ဒေါင်းမင်းဂေဟာက ဝေးသလား"

"ဝေးတယ်"

"ဒီကနေ ဘယ်နှရက်လောက် ခရီးနှင်ရမလဲဟင်"

"အင်း ... အနည်းဆုံး သုံးရက်လောက်တော့ သွားရလိမ့်မယ်"

"အို ... ဒီလောက်တောင် ဝေးသလား၊ ဘယ်နေရာမှာ ရှိလို့ ဒီလောက်သွားရတာလဲ"

ချန်းစွမ်းချိုဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ခွင့်လွှတ်ပါ၊ ကျုပ်တို့ရဲ့ ဒေါင်းမင်းဂေဟာကို လျှို့ဝှက်ထားတာကြောင့် သွေးသောက်သစ္စာခံတွေကလွဲရင် ဘယ်သူ့ကိုမှ ဖွင့်မပြောရပါဘူး"

ဝမ်းစွေချင်းသည် လှပစွာ ပြုံးလိုက်သည်။

"ဩော် ... ဟုတ်ပါရဲ့၊ ကျွန်မ ဒီအချက်ကို မေ့လျော့သွားခဲ့ပါတယ်၊ ဒါပေမဲ့ ... ကျွန်မဟာ ရှင်ပြောပြခဲ့မယ်ဆိုရင်တောင်မှ ဘယ်လိုမှမသွားလာနိုင်တဲ့ မျက်မမြင်တစ်ယောက်ပါ၊ နောက်ပြီး



သိုင်းပညာဆိုတာ ဘာမှမသိနားမလည်ပါဘူး"

ချန်းစွမ်းချိုဖုန်းက သက်ပြင်းချလိုက်သည်။

"အင်း ... ဒါကို ကျုပ် နားလည်ပါတယ်"

ဝမ်းစွေချင်းက ပြုံး၍ လက်ဝှေ့ယမ်းပြလိုက်သည်။

"ကျွန်မကို ဒေါင်းမင်းဂေဟာ ဘယ်နေရာမှာရှိတယ်ဆိုတာ မပြောချင်နေပါ၊ အရေးကြီးတာက ဒီလောက်ဝေးလံတဲ့ နေရာကို မြင်းတစ်ကောင်တည်းနဲ့ ခရီးနှင်မှာထက်စာရင် အစ်ကို ကို့ကျဲကျူးလီရဲ့မြင်းကိုပါ ယူသွားပြီး တစ်ကောင်စီ လဲစီးမယ်ဆိုရင် အမြန်ဆုံး ခရီးပေါက်နိုင်မယ်လို့ ထင်မိပါတယ်"

လုံမင်းသားကို့ကျဲကျူးလီက ကြားဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုကြီး၊ ကျုပ်ရဲ့မြင်းကို ယူသွားပါလား"

မေတ္တာဓားသမား ချန်းစွမ်းချိုဖုန်းက မျက်မှောင်ကြုတ်လိုက်သည်။

"မင်းမှာ အကြောင်းတစ်စုံတစ်ရာရှိရင်ရော"

ဝမ်းစွေချင်းသည် ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ရှိနိုင်စရာ အကြောင်းမှ မရှိတော့တာပဲ၊ အစ်ကိုကြီးချန်း ခရီးထွက်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ကျွန်မတို့က အခြားလျှို့ဝှက်နေရာကို ပြောင်းရွှေ့မှာပါ၊ အဲဒီနေရာမှာ ဦးလေးလွေရဲ့စီမံမှုနဲ့ စားနပ်

ရှိကွာ အနည်းဆုံး တစ်နှစ်စာ ဖူလုံပါတယ်"

မေတ္တာစားသမားက စကားမပြောတော့ပါ။ သူသည် မြင်းပေါ်တွင်ထိုင်၍ လုံမင်းသားအား အကဲခတ်ကြည့်နေ၏။

လုံမင်းသား၏ရင်ထဲ နာကျင်လာလေသည်။ သူသည် မေတ္တာစားသမား၏ မျက်လုံးအကြည့်ကို လွဲဖယ်ကာ အိမ်နံဘေးရှိ မြင်းတစ်ကောင်ကို ဆွဲယူလာသည်။ ယင်းနောက် ... မြင်းဇက်ကြိုးအား မေတ္တာစားသမား ချန်းစွမ်းချိဖုန်းထံသို့ လှမ်းပေးလိုက်သည်။

မေတ္တာစားသမားသည် မြင်းဇက်ကြိုးအား ဖြည်းညင်းစွာ လှမ်းယူလိုက်ပြီး ...

"ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ"

သူ၏အသံသည် ဝမ်းနည်းကြေကွဲမှုကြောင့် မသိမသာ တုန်ခါနေလေသည်။ ကို့ကျဲကျူးလီက ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။ သူသည် ချန်းစွမ်းချိဖုန်းအား စိုက်ကြည့်၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... အစ်ကိုကြီးလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ"

မေတ္တာစားသမား စကားမပြောတော့ပါ။ မြင်းနှစ်ကောင်၏ဇက်ကြိုးအား တစ်ချက် လှုပ်ခါလိုက်သည်။ ရုတ်တရက် ... မြင်းနှစ်ကောင်သည် မြားနှစ်စင်းပမာ ရှေ့ဆင့်နောက်ဆင့် ပြေးထွက်



သွားလေသည်။ ကို့ကျဲကျူးလီသည် သူ၏နောက်ကျောပြင်အား ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့သည်။

တဒင်္ဂအချိန်ကလေးမှာပင် ... ချန်းစွမ်းချိဖုန်းနှင့် မြင်းနှစ်ကောင်တို့သည် တောင်ကြားလမ်းကလေးထဲ သို့ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

* * *

## အခန်း (၁၇)

## သွေးဆန်ပြုတ်

ဤနေရာသည် ကျောက်စွန်းကျောက်နွယ်များ ကျောက်နံရံများဖြင့် ပြည့်နှက်နေသော လိုဏ်ဂူတစ်ခုဖြစ်ပါသည်။

လူသားတို့၏ ဉာဏ်စွမ်းဖြင့် စနစ်တကျဆောက်လုပ်ထားသဖြင့် အခန်းဖွဲ့စည်းမှုမှာ စနစ်တကျရှိနေလေသည်။ ကျောက်နံရံများ အုပ်မိုးထားသော မျက်နှာကြက်သည် ပုလဲလုံးကြီးများ မြှုပ်နှံထားသောကြောင့် အဝါနုရောင် အလင်းတန်းများဖြင့် ထိန်ထိန်လင်းလျက် ရှိသည်။

ထိုအလင်းတန်းများကြောင့် အိပ်ရာခန်းစားပွဲကုလားထိုင်များ စုံလင်စွာ ခင်းကျင်းထားသည်ကို တွေ့မြင်နေရလေသည်။ ၎င်းပြင် … ကျောက်နံရံထောင့်တစ်နေရာတွင် မီးဖိုတစ်ခု ဖိုထားပြီး မီးဖိုပေါ်တွင် ကြွေအိုးကြီးတစ်လုံး တင်ထားသည်ကို တွေ့မြင်နေရသည်။



ဝမ်းစွေချင်းသည် မီးဖိုနှင့်မနီးမဝေးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေလေသည်။

အမှန်တွင် … ဤနေရာမှာ ချန်းစွမ်းချိုဖုန်း ပန်းပေါင်းစုံတောင်ကြားမှ ထွက်ခွာသွားသည်နှင့်တစ်ပြိုင်နက် သူမနှင့်လှံမင်းသားတို့ ရွှေ့ပြောင်းလာခဲ့ကြသော လျှို့ဝှက်မြေအောက်လှိုဏ်ဂူတစ်ခုပင် ဖြစ်လေသည်။

ထို့ပြင် … ဤနေရာသည် သမားတော်ကြီးဝမ်း၏ အတွင်းအားလေ့ကျင့်သော သီးသန့်လျှို့ဝှက်နေရာလည်း ဖြစ်သည်။ ယခု … ဝမ်းစွေချင်းသည် လှံမင်းသားအား ဤနေရာသို့ ခေါ်ဆောင်လာခဲ့သည်မှာ သုံးရက်နှင့်သုံးညရှိခဲ့ပြီဖြစ်၏။

ဤရက်များအတွင်း လှံမင်းသားသည် သူမအား ကြင်နာခဲ့သည်။ ဂရုစိုက်ခဲ့လေသည်။ သို့သော် … သူမအား မေတ္တာရှိကြောင်းလည်း မပြောခဲ့ပါ။

ဝမ်းစွေချင်းသည် ရင်ထဲ၌ ဘဝင်မကျဖြစ်နေမိသည်။ သို့ရာတွင် … သူမက မသိကျိုးကျွန်ပြုကာ နေထိုင်ခဲ့လေသည်။ သူမသည် လှံမင်းသား၏ အသည်းနှလုံးမှာ ဒေါင်းမင်းသခင်မလေး ချန်းစုံထန်ထံတွင် ကျန်ရစ်ခဲ့ပြီဟု နားလည်ထားသည် မဟုတ်ပါလား။

မည်သို့ဆိုစေ … လှံမင်းသားသည် ပန်းပေါင်းစုံတောင်ကြား

တွင် နေထိုင်ကာ မိမိအား ဂရုစိုက်၍ ကြင်နာမှုများပေးအပ်ထား သည်။ သူမသည် ယင်းသို့တွေးမိသောအခါ တစ်ချက်ပြုံးလိုက်မိလေ သည်။

ထိုအချိန် ... လှိုဏ်ဂူထဲသို့ လှမ်းဝင်လာသော ခြေသံများ ကြားလိုက်ရသည်။ သူမသည် ထိုင်ရာမှ ထကာ ...

"အစ်ကိုကို့ကျဲကျုံးလီ"

ဟု ခေါ်လိုက်လေသည်။ မှန်ပေသည်။ လိုဏ်ဂူထဲသို့ လှမ်း ဝင်လာသူမှာ လုံမင်းသားကို့ကျဲကျုံးလီဖြစ်လေသည်။ သူ၏လက်ထဲ တွင် လုံတိုနှစ်လက်နှင့်ယုန်ကလေးတစ်ကောင်အား ပိုက်ထားလေ သည်။

"ဝမ်းမိန်းကလေး ဆန်ပြုတ်အိုးကျက်ပြီလား"

ဝမ်းချွေချင်းက လှပစွာပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ဒီလောက်ဆိုရင် ကျက်ပါပြီ"

လုံမင်းသားသည် သူမထံသို့လျှောက်လာကာ လက်ထဲ တွင် ကိုင်ထားသော ယုန်ကလေးအား သူမ၏လက်ထဲသို့ ထည့်ပေး လိုက်သည်။

မ်းချွေချင်းသည် ယုန်ကလေးအား လက်ကလေးနှစ်ဖက်ဖြင့် ကြင်နာစွာ ပွတ်သပ်ပေးလျက် ပြုံးနေလေသည်။



"အစ်ကို ... ဒီယုန်ကလေးက သိပ်ကြောက်နေတယ်ထင် တယ်၊ သနားပါတယ်နော်"

သူမ၏အသံသည် ပျော့ပျောင်းညင်သာပြီး သိမ်မွေ့လှပေ သည်။ လုံမင်းသားသည် သူမ၏စကားကြောင့် ယုန်ကလေးအား လှမ်းကြည့်လိုက်လေသည်။ ယုန်ကလေးသည် အမှန်တကယ်ပင် ခန္ဓာကိုယ်တဆတ်ဆတ်တုန်ခါသည်အထိ ကြောက်လန့်တုန်လှုပ်နေ သည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟုတ်တယ်၊ ယုန်ကလေးက အတော်ကလေး ကြောက် လန့်နေတယ်"

ဝမ်းချွေချင်းသည် ဖြူဖွေးသွယ်လျသော လက်ကလေးဖြင့် ယုန်ကလေး၏ဦးခေါင်းလေးကို ပွတ်သပ်ပေးနေသည်။

"ဒါနဲ့ အစ်ကို ... ဆန်ပြုတ်ထဲကို ထည့်ဖို့ ဘာအသားရခဲ့ သလဲ"

ကို့ကျဲကျုံးလီက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ယုန်ကလေးကို အရေခွံဆုတ်ပြီး ကင်ထားလိုက်မယ်"

ဝမ်းချွေချင်း၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွား လေသည်။ သူမသည် ယုန်ကလေးအား ကြင်နာစွာ ထွေးပွေ့လိုက် သည်။

"အို ...သည်လိုမလုပ်ပါနဲ့ရှင်၊ ကျွန် ... ကျွန်မ ယုန်ကလေးကို မစားရက်ပါဘူး"

ကို့ကျဲကျုံးလီသည် သူမအား ကြင်နာစွာ ကြည့်လိုက်၏။

"ဝမ်းမိန်းကလေးရယ် ... မင်းဟာ တကယ်သိမ်မွေ့နူးညံ့တဲ့ မိန်းကလေးပါပဲ၊ ကဲပါလေ ... ဒါဆိုရင်လည်း ဆန်ပြုတ်ထဲကို ကြက်ဥသုံးလုံးရတာပဲ ထည့်ပြုတ်လိုက်တော့မယ်၊ ယုန်ကလေးကို မင်းနဲ့အဖော်အဖြစ် ထားလိုက်ပါ"

ပြောပြီး အင်္ကျီအိတ်ထဲမှ ကြက်ဥသုံးလုံးအား ထုတ်ယူလိုက်သည်။ ယင်းနောက် ... ဆန်ပြုတ်အိုးဆီသို့ လျှောက်သွားကာ အဖုံးဖွင့်ကာ ကြက်ဥများထည့်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ... သူ သည် ကြက်ဥများအား ဆန်ပြုတ်အိုးထဲသို့ မထည့်ဖြစ်ခဲ့ပါ။ သူ၏မျက်လုံးအစုံသည် ပြူးကျယ်စွာဖြင့် ဆန်ပြုတ်အိုးထဲသို့ စိုက်ကြည့်လျက် ကြက်သေသေနေမိလေတော့သည်။

✺

ဆန်ပြုတ်အိုးသည် ပွက်ပွက်ဆူနေသည်။ ဆန်ပြုတ်အိုးထဲ၌ ဒေါင်းရုပ်တစ်ရုပ်ရှိနေလေသည်။ ဒေါင်းရုပ်တစ်ခုလုံးအား အနီ



ရောင်ခြယ်သထားသဖြင့် ဆန်ပြုတ်များသည် အနီရောင်အဖြစ် ပြောင်းလဲနေသည်။ ရုတ်တရက်ကြည့်လိုက်ပါလျှင် သွေးများနှင့် ရောနှောပြုတ်ထားသော သွေးဆန်ပြုတ်ပမာ ဖြစ်နေလေသည်။

ကို့ကျဲကျုံးလီသည် ဆန်ပြုတ်အိုးအား ပြူးကျယ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။ သူ၏ရင်ထဲတွင် မကောင်းသော နိမိတ်ဆိုးများကို ခံစားနေမိလေသည်။ ယင်းအချိန် ...

"အောင်မယ်လေး"

ရုတ်တရက် ဝမ်းစွေချင်း၏ထိတ်လန့်တုန်လှုပ်သော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။ သူသည် လက်ထဲမှ ကြက်ဥသုံးလုံးနှင့် ဆန်ပြုတ်အိုးအား ပစ်ချကာ နောက်ဘက်သို့ ချာခနဲလှည့်၍ ပြေးထွက်ခဲ့၏။

ယုန်ကလေးသည် သူ့ရှေ့မှ လှစ်ခနဲပြေးထွက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။ တစ်ချိန်တည်းမှာပင် ... ဝမ်းစွေချင်းအား တွေ့မြင်လိုက်ရသည်။ ထိုအခါ ... သူ၏ပြေးလွှားလာသော ခြေလှမ်းအစုံသည် တုံ့ခနဲရပ်တန့်သွားကာ ခန္ဓာကိုယ်တစ်ခုလုံး ရေခဲတောင်ထဲသို့ ထိုးကျသွားသည့်အလား ခံစားလိုက်ရလေတော့သည်။

✺

မြင်ကွင်းသည် မလှပပါချေ။

ဝမ်းခွေချင်း၏ခန္ဓာကိုယ်ပေါ်တွင် ကြိုးတစ်ချောင်း ရစ်ပတ်ထားလေသည်။ ကြိုးတစ္ဆေကျောက်စုစု၏အပြုံးပင် ဖြစ်သည်။

ထို့ပြင် ... ဓားနှစ်လက်သည် သူမ၏လည်တိုင်မှ တဘက်၏တစ်ဖက်တစ်ချက်တွင် ထောက်ထားလျက်ရှိသည်။ ခုနစ်ပေခန့်ရှည်လျားသော ကင်ဒိုဓားနှင့် သာမန်ဓားတစ်လက်တို့ ဖြစ်သည်။

ခုနစ်ပေခန့်ရှည်လျားသော ကင်ဒိုဓားအား ကိုင်ဆောင်ထားသူမှာ နီပွန်သိုင်းသမားလောက်တိန်ပင် ဖြစ်သည်။ သာမန်ဓားတစ်လက်အား ကိုင်ဆောင်ထားသူမှာ ဓားပါရဂူ အစ်ကိုကျူးပင် ဖြစ်သည်။

ဓားနှစ်လက်သည် ပုံသဏ္ဌာန်ချင်း မတူပါ။ မည်သို့ဆိုစေ ... လူတစ်ယောက်၏ဝိညာဉ်အား အလွယ်တကူ ခြွေပစ်နိုင်သောအစွမ်းမှာ အတူတူပင်ဖြစ်သည်။

ဝမ်းခွေချင်း တုတ်တုတ်မျှ မလှုပ်ဝံ့ပါ။ သူမသည် အနည်းငယ်လှုပ်ရှားလိုက်သည်နှင့် ဓားနှစ်လက်က သူမ၏လည်တိုင်အားထုတ်ချင်းခတ် ဖောက်ထွက်သွားလိမ့်မည်ဟု နားလည်ထားသည် မဟုတ်ပါလား။



လုံမင်းသား ကို့ကျဲကျုံလီကလည်း ဤအချက်ကို နားလည်ထားသည်။ ထို့ကြောင့် ... သူကလည်း လုံးဝ မလှုပ်ဝံ့ပါ။ လုံနှစ်လက်အား တင်းကျပ်စွာ ဆုပ်ကိုင်ထားလျက် ဝမ်း ခွေချင်းအား စိုးရိမ်စွာကြည့်နေသည်။

ကြိုးတစ္ဆေကျောက်စုစု၊ နီပွန် သိုင်းသမားလောက်တိန်နှင့်ဓားပါရဂူအစ်ကိုကြီးကျူးတို့သည် သူ့အား မျက်လုံးပင့်၍ကြည့်ကာ ပြိုင်တူရယ်မောလိုက်ကြလေသည်။

"ဟား ဟား ဟား ဟား"

"ဟား ဟား ဟား ဟား"

"ဟား ဟား ဟား ဟား"

ကို့ကျဲကျုံးလီသည် အံကို တင်းတင်းကြိတ်လိုက်သည်။ နီပွန်သိုင်းသမားလောက်တိတ်သည် အတန်ကြာမှ ရယ်မောခြင်းကို ရပ်တန့်ကာ လုံမင်းသားအား အေးတိအေးစက်မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်လေသည်။

"သိုင်းလောကရဲ့ဇမ္ဗူတစ်ခွင် ယှဉ်ပြိုင်သူမရှိဆိုတဲ့ လုံမင်းသားကို့ဟာ အခုတော့ အင်မတန် သနားစရာကောင်းတဲ့ ယုန်လေးတစ်ကောင်လို အမြီးကုပ်နေပါရောလား ... ဟား ဟား ဟား"

ဓားပါရဂူအစ်ကိုကြီးကျူးသည် လုံမင်းသားအား ရက်စက်

ကြမ်းကြုတ်သောမျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"ဟွန်း ... သူက ဘယ်လူပ်ရှားဝံ့ပါ့မလဲ၊ သူ့ရဲ့လက်တစ်ချက်လှုပ်ရှားမှုဟာ ဗိဇ္ဇာဥ်တစ်ခုနဲ့ ဆက်သွယ်ထားတယ်ဆိုတာ သူသဘောပေါက်နေတာကိုး"

ကြိုးတဈွေကျောက်စုစုက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီလိုသဘောပေါက်လွယ်တော့ ကောင်းတာပေါ့၊ ဒါပေမဲ့ ကျုပ် မျက်လုံးထဲမှာ အမှိုက်တစ်ခုရှိနေသေးတယ်"

နီပွန်သိုင်းသမားလောက်တိန်က မျက်လုံးပင့်ကာ ကြည့်လိုက်သည်။

"ဘာလဲ"

ကြိုးတဈွေသည် ကို့ကျဲကျုံးလီအား စိုက်ကြည့်လိုက်သည်။

"လှံနှစ်လက်"

ဟု တစ်ခွန်းချင်း ပြောလိုက်လေသည်။ နီပွန်သိုင်းသမားလောက်တိန်၏မျက်ခုံးအစုံသည် ကုပ်ဆင်းသွားသည်။

"ဟုတ်သားပဲ၊ ဟော့ ... မင်းလက်ထဲက လှံနှစ်လက်ကို မြေပြင်ပေါ် ပစ်ချလိုက်စမ်း"

လှံမင်းသား၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။ ဓားပါရဂူအစ်ကိုကြီးကျုံးသည် သူ့အား ရူးရှုသောမျက်လုံးအစုံဖြင့် စိုက်



ကြည့်ကာ အော်ငေါက်လိုက်သည်။

"ဟေ့ ... ပြောနေတာ မကြားဘူးလား"

လှံမင်းသား၏နဖူးပေါ်တွင် ချွေးများ အနည်းငယ်စို့လာလေသည်။ လက်နက်သည် သိုင်းသမားတို့၏ဒုတိယအသက်ပင် ဖြစ်သည်။ ယင်းကြောင့် ... သူသည် လှံနှစ်လက်အား မြေပြင်ပေါ်သို့ ပစ်ချလိုက်ခြင်း မရှိပါ။

ထိုအခိုက် ... ကြိုးတဈွေကျောက်စုစုသည် စိတ်မရှည်ဟန်ဖြင့် အော်ငေါက်လိုက်လေသည်။

"မင်းကို လက်နက်ချလိုက်လို့ပြောတာ မကြားဘူးလား"

လှံမင်းသားသည် သူတို့အား စိုက်ကြည့်ရင်း ရင်ထဲ၌ ခံပြင်းလာမိသည်။

"ခင်ဗျားတို့ဟာ သိုင်းလောကသားတွေပါ၊ ဘာဖြစ်လို့ သိုင်းပညာမတတ်တဲ့ မိန်းကလေးတစ်ယောက်ကို ချုပ်ကိုင်ပြီး အနိုင်လိုချင်တာလဲ"

ကြိုးတဈွေကျောက်စုစုက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"လောကပေါ်မှာ ဘယ်လိုနည်းနဲ့ပဲသုံးသုံး အဓိကအရေးကြီးတာ ကိုယ်လိုချင်တာရဖို့ပဲ မဟုတ်လား"

လှံမင်းသား နှာခေါင်းရှုံ့လိုက်သည်။

"ယောကျ်ားမဆန်တဲ့လူတွေပဲ၊ မိန်းကလေးတစ်ယောက်ကို ဆန့်ကျင်ရဲသလား"

ကြိုးတန္တွေကျောက်စုစု၏ မျက်နှာတစ်ခုလုံး တင်းမာအေးစက်လာလေသည်။

"မင်းရော ကျုပ်ဇနီးဖိုမလခြမ်းကျူးမာဝေကို မိန်းကလေးတစ်ယောက်ဆိုပြီး ညှာတာခဲ့သလား"

ကို့ကျဲကျိုးလီသည် သူ့အား ရွံ့ရှာမုန်းတီးစွာ စိုက်ကြည့်လိုက်သည်။

"ဒါကတော့ သူဟာ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ ကြေးစားပဲ၊ ဆယ်ခါပြန် သေသင့်ပါတယ်"

ကြိုးတန္တွေကျောက်စုစု၏မျက်နှာတစ်ခုလုံး နီရဲလာလေ၏။ ခေါင်းတစ်ချက်ညိတ်ကာ အေးစက်တင်းမာသော အသံဖြင့် ...

"ကောင်းပြီ ... မင်း ကျုပ်ဇနီးကို မညှာခဲ့တဲ့အတွက် အခုပဲ ကျုပ်က ပြန်ပြီးကလဲ့စားချေမယ်"

ပြောပြီး ဝမ်းဗွေချင်း၏ ငယ်ထိပ်အား လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

"မလုပ်နဲ့"



နီပွန်သိုင်းသမား လောက်တိန်သည် အော်ဟစ်ရင်း သူ၏လက်ကို ဖမ်းဆွဲထားလိုက်သည်။ ကြိုးတန္တွေကျောက်စုစုက သူ့အား နီရဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်လေသည်။

"ခင်ဗျားက ဘာဖြစ်လို့ ဟန့်တားရတာလဲ"

နီပွန်သိုင်းသမားလောက်တိန်သည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးပြလိုက်လေသည်။

"ခင်ဗျားက သူ့အသက်ကို ယူလိုက်ရင် ဒေါင်းမင်းလက်နက်ပုန်းဟာ အဝေးကို ထွက်ပြေးသွားလိမ့်မယ်နော်"

ဓားပါရဂူအစ်ကို ကြီးကျူးကလည်း ကြားဝင်ပြောလိုက်သည်။

"ဟုတ်တယ်၊ ဒေါင်းမင်းလက်နက်ပုန်းကို ရရှိနိုင်မယ့် အခွင့်အရေးကို ခင်ဗျား လက်လွှတ်ခဲ့လို့သာ"

ကြိုးတန္တွေကျောက်စုစုက နှုတ်ခမ်းမဲ့လိုက်သည်။

"မင်းတို့က ဒီမိန်းကလေးနဲ့ ဒေါင်းမင်းလက်နက်ပုန်းကို လဲလှယ်လို့ ရမယ်များ ထင်သလား"

ဓားပါရဂူအစ်ကိုကြီးကျူးနှင့်နီပွန်သိုင်းသမားလောက်တိန်တို့သည် ပြိုင်တူခေါင်းညိတ်လိုက်ကြလေသည်။ ကြိုးတန္တွေကျောက်စုစုက ခေါင်းခါယမ်းလိုက်သည်။

"သူဟာ ဒီမိန်းကလေးအတွက် ဒေါင်းမင်းလက်နက်ပုန်းကို ပေးဖို့ဝေးစွ၊ သူ့လက်ထဲ လက်နှစ်ဖက်ကိုတောင်မှ စွန့်ရဲလား"

ဓားပါရဂူအစ်ကိုကြီးကျူး၏မျက်လုံးအစုံသည် နဖူးပေါ်သို့ ခုန်တက်သွားလေသည်။ ထို့နောက် လှံမင်းသားအား လှည့်ကြည့်ကာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်သားပဲ၊ သူကသာ ဒီမိန်းကလေးကို တန်ဖိုးထားမယ်ဆိုရင် လက်ထဲမှာ လှံနှစ်လက် ကိုင်မထားသင့်တော့ဘူး"

နီပွန်သိုင်းသမားလောက်တိန်သည် အနည်းငယ်စဉ်းစားဟန်ပြုကာ ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဟုတ်သားပဲ၊ ဒါဆိုရင်လည်း ဒီမိန်းကလေးကို အရင်သတ်ပြီးမှ သူနဲ့စာရင်းရှင်းကြတာပေါ့"

ပြောပြီး ဓားဖြင့် ဝမ်းစွေချင်း၏လည်ပင်းကို ထိုးသွင်းရန် ဟန်ပြင်လိုက်သည်။

"ရပ်လိုက်"

လှံမင်းသားသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ဟန့်တားလိုက်လေသည်။ ကြိုးတန္တေကျောက်စုစု၊ နီပွန်သိုင်းသမား လောက်တိန်နှင့် ဓားပါရဂူအစ်ကိုကြီးကျူးတို့သည် သူ့အား ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။ လှံမင်းသား အံကိုတင်းတင်းကြိတ်လျက် သူတို့အား အေး



စက်စက်မျက်လုံးအစုံဖြင့် စိုက်ကြည့်နေလေသည်။ အတန်ကြာမှ ... ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းတို့ပြောတဲ့အတိုင်း ကျုပ် လက်နက်ချမယ်၊ သူ့ကို လက်ဖျားနဲ့တောင်မှ မထိပါနဲ့"

ပြောပြီး လှံတိုနှစ်လက်အား မြေပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ဝမ်းစွေချင်းသည် မြေပြင်ပေါ်သို့ လှံတိုနှစ်လက် ပစ်ချလိုက်သံ ကြားလိုက်သည်နှင့်တစ်ပြိုင်နက် မျက်နှာတစ်ခုလုံးတွင် ဝမ်းနည်းကြေကွဲသောဟန်မူရာများ ပေါ်လွင်လာလေသည်။ သူမက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"အစ်ကိုကို့ကျဲကျူးလီ ... ဒီလူတွေက လူယုတ်မာတွေနော်၊ ရှင် လက်နက်မချပါနဲ့"

ကြိုးတန္တေ ကျောက်စုစုသည် သူမအားကြည့်ကာ အားပါးတရ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... မင်း ဘာမှပြောမနေနဲ့၊ သူဟာ အခြေအနေကို သဘောပေါက်တတ်တဲ့ လူတစ်ယောက်ကွ"

လှံမင်းသားကို့ကျဲကျူးလီသည် သူတို့အား အေးတိအေးစက်မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"မင်းတို့ ကျုပ်ကို သတ်ချင်သတ်လိုက်ပါ၊ မဆိုင်တဲ့သူကို

ဒုက္ခမပေးပါနဲ့"

ကြိုးတန္ဆေကျောက်စုစုက မျက်ခုံးပင့်ကာ ကြည့်လိုက်လေသည်။

"ဘယ်လို ... မင်းကို သတ်ရမယ် ဟုတ်လား"

သူသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"ဘယ်ဖြစ်မလဲ၊ ကျုပ်က မင်းကိုသတ်မယ်ဆိုရင် ဒေါင်းမင်းလက်နက်ပုန်းကို ရယူချင်တဲ့ ကျုပ်ရဲ့မိတ်ဆွေနှစ်ယောက်နဲ့ ပဋိပက္ခဖြစ်သွားမှာပေါ့"

နီပွန်သိုင်းသမားလောက်တိန်သည် သူ၏စကားကြောင့် ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဒါမှန်တယ် ကြိုးတန္ဆေ၊ မင်းလည်း အတွေးအခေါ်ရင့်ကျက်လာပြီ၊ ဒီအတိုင်းဆိုရင် ဒေါင်းမင်းလက်နက်ပုန်းကို သေချာရှာရပေါ့"

ကို့ကျဲကျုံးလီ၏ရင်ထဲ၌ ခံပြင်းလာသည်။

"ဒေါင်းမင်းလက်နက်ပုန်းဆိုတာ စိတ်သဘောထားပြည့်ဝတဲ့ သိုင်းထိပ်သီးတစ်ယောက်ရဲ့ လက်ထဲမှာပဲ ရှိသင့်တယ်၊ မင်းတို့နဲ့တန်လို့လား"

ကြိုးတန္ဆေကျောက်စုစု၏မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်လိုသော ဟန်မူရာများ ပေါ်လွင်လာသည်။ သူသည် ဝမ်းဇွေချင်း၏လည်တိုင်တွင် ထောက်ထားသော ဓားအား အနည်းငယ်စိုက်လိုက်၏။



"အ"

"အု"

"အင့်"

"အား"

ဝမ်းဇွေချင်းသည် နာကျင်လွန်းသဖြင့် ခန္ဓာကိုယ်တစ်ချက်တုန်ခါသွားကာ မျက်ရည်များ စီးကျလာလေ၏။ ကို့ကျဲကျုံးလီရင်ထဲ၌ နာကျင်လာမိလေသည်။

"ဟေ့ ... ရပ်လိုက်စမ်း"

ကြိုးတန္ဆေကျောက်စုစု၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလျက် ရှိလေသည်။

"ဘယ်လိုလဲ ... ဒေါင်းမင်းလက်နက်ပုန်းနဲ့ ဒီမိန်းကလေးရဲ့အသက် ဘယ်ဟာက ပိုပြီးအရေးကြီးတယ်ဆိုတာ သဘောပေါက်ပြီလား"

ကို့ကျဲကျုံးလီ၏ရင်ထဲ၌ တင်းကျပ်လာလေသည်။ ယခု ... သူ ရင်ဆိုင်နေရသော လူများသည် ကြေးစားများ ဖြစ်ကြသည်။

ထို့ကြောင့် ... ရက်စက်ကြမ်းကြုတ်ရန်အရေးတွင် မည်သူမည်ဝါဟု ရွေးချယ်မည်မဟုတ်ကြောင်း သဘောပေါက်ထားလေသည်။

သို့ရာတွင် ... ဒေါင်းမင်းလက်နက်ပုန်းအား ယူဆောင်ပေးပါလျှင်လည်း ဒေါင်းမင်းဂေဟာအပေါ် သစ္စာဖောက်သလို ဖြစ်နေပေတော့မည်။ သူက တွေဝေနေသည်။

နီပွန်သိုင်းသမားလောက်တိန်သည် သူ့အား အေးတိအေးစက်မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

“လုံမင်းသား ... မင်းရှေ့မှာ မိန်းကလေး ရုပ်ပျက်ဆင်းပျက်နဲ့ သေဆုံးသွားတာကို မတွေ့ချင်ဘူးဆိုရင် ဒေါင်းမင်းလက်နက်ပုန်းကို ရအောင်ယူပေးပါ”

ဝမ်းဗွေချင်းသည် ရုတ်တရက်စူးရှစွာ အော်ဟစ်လိုက်လေသည်။

“အစ်ကို ကို့ကျဲကျုံးလီ ... ကျွန်မအသက် သေချင်သေပါစေ၊ သူတို့ကို ဒေါင်းမင်းလက်နက်ပုန်း လုံးဝမပေးပါနဲ့”

နီပွန်သိုင်းသမား လောက်တိန်က ခေါင်းညိတ်လိုက်၏။

“ကောင်းပြီ၊ မင်း ဒီလောက် သေချင်တယ်ဆိုရင် ကျုပ်တို့က ဆန္ဒဖြည့်ဆည်းပေးရမှာပဲ”

ပြောပြီး သူမ၏လည်တိုင်မှဓားကို အားဖြင့်ဖိစိုက်ရန် ဟန်



ပြင်လိုက်လေသည်။ လုံမင်းသားက ကမန်းကတန်း ဟန့်တားလိုက်၏။

“နေဦး”

သူ၏စကားကြောင့် နီပွန်သိုင်းသမားလောက်တိန်၊ ကြိုးတစ္ဆေကျောက်စုစုနှင့် ဓားပါရဂူအစ်ကိုကြီး ကျုံးတို့၏ မျက်လုံးအစုံတွင် မျှော်လင့်ချက်အရိပ်အယောင်များ ပေါ်လွင်လာလေသည်။ ကြိုးတစ္ဆေကျောက်စုစုသည် လုံမင်းသားအား စေ့စေ့ကြည့်လိုက်လေသည်။

“မင်း ဒေါင်းမင်းလက်နက်ပုန်းကို ယူပေးမယ် မဟုတ်လား”

ကို့ကျဲကျုံးလီက အံကို တင်းတင်းကြိတ်ကာ ခေါင်းညိတ်လိုက်သည်။

“ယူပေးမယ် ... ဒါပေမဲ့”

နီပွန်သိုင်းသမားလောက်တိန်သည် သူ့အား စေ့စေ့ကြည့်လိုက်သည်။

“ဒါပေမဲ့ ဘာဖြစ်သလဲ”

ကို့ကျဲကျုံးလီ အေးတိအေးစက်အသံဖြင့် ...

“ဒါပေမဲ့ ဒေါင်းမင်းလက်နက်ပုန်းကို ကျုပ်က တစ်ကြိမ်တစ်ခါမှ မမြင်ခဲ့ဖူးဘူး၊ နောက်ပြီး သူတို့ ဘယ်နေရာမှာ သိမ်းထား

တယ်ဆိုတာလည်း မသိဘူး"

ကြီးတစ္ဆေ ကျောက်စုစုက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒီကိစ္စဟာ မင်းအတွက် သိပ်မခက်ခဲပါဘူးကွာ၊ ဒေါင်းမင်းဂေဟာတစ်ခုလုံးက လူတွေက မင်းကို အကြွင်းမဲ့ ယုံကြည်တာပဲ၊ တစ်ခုတော့ ရှိတယ်"

ကို့ကျဲကျုံးလီက သူ့အား မျက်ခုံးပင့်၍ ကြည့်လိုက်သည်။

"ပြောပါ"

ကြီးတစ္ဆေကျောက်စုစုက သူ့အား ကြည့်လိုက်သည်။

"ဒေါင်းမင်းဂေဟာကို ဝင်ချိန်ကျရင် မင်း ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာရထားမယ်ဆိုရင် သူတို့က သံသယဝင်ကြမှာ မဟုတ်ဘူး၊ နို့မို့ဆိုရင်တော့"

ကို့ကျဲကျုံးလီက မချိပြုံး ပြုံးလိုက်သည်။

"ခင်ဗျားစကားက ကျုပ် ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာတွေရှိနေမှ ဒေါင်းမင်းဂေဟာကလူတွေ သံသယကင်းမယ် ဆိုပါတော့"

ကြီးတစ္ဆေကျောက်စုစုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ နို့မို့ဆိုရင် မင်းဟာ ဘယ်တော့မှ မိန်းကလေးကို ရန်သူတွေလက်ထဲမှာ ပစ်ထားခဲ့ပြီး ကိုယ်လွတ်ရုန်းမပြေးလာဘူးဆိုတာ သူတို့ သိထားလိမ့်မယ်"



ကို့ကျဲကျုံးလီက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ဒါဆိုရင် ကျုပ်ကိုယ်ပေါ်မှာ အခု ဘာဒဏ်ရာမှမရှိဘဲ ဒေါင်းမင်းဂေဟာကို သွားလို့မဖြစ်ဘူး မဟုတ်လား"

ကြီးတစ္ဆေကျောက်စုစုက ပြုံးလိုက်သည်။ အလွန်ကောက်ကျစ်စဉ်းလဲသော အပြုံးဖြစ်သည်။

"အင်း ... ဒီကိစ္စက လွယ်ပါတယ်၊ အရေးကြီးတာက ဒဏ်ရာရဖို့အတွက် ကျုပ်တို့ကူညီတာကို မင်းလက်ခံနိုင်တယ် မခံနိုင်ဘူး ဆိုတာပဲ ပြောပါ"

ကို့ကျဲကျုံးလီ၏ရင်ထဲ၌ ခံပြင်းလာလေသည်။ သို့သော် ... သူသည် အခုအချိန်တွင် ဝမ်းစွေချင်း၏အသက်အန္တရာယ်အတွက် မိမိအနေနှင့် ကြီးတစ္ဆေကျောက်စုစုတို့၏အမိန့်အတိုင်းသာ ဆောင်ရွက်ရန်မှတစ်ပါး တခြားမရှိပါ။ ယင်းကြောင့် ... ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီ"

သူ၏စကားဆုံးသွားသည်နှင့် ကြီးတစ္ဆေကျောက်စုစုက နီပွန်သိုင်းသမား လောက်တိန်အား လှည့်ကြည့်လိုက်သည်။ နီပွန်သိုင်းသမားလောက်တိန်သည် သူ၏မျက်လုံးအကြည့်ကို သဘောပေါက်ဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

ရုတ်တရက် ... သူ၏ ဝဖိုင့်သော ခန္ဓာကိုယ်တို့သည် လေထဲတွင် ဘောလုံးတစ်လုံးပမာ ဝဲပျံလျက် ကို့ကျဲကျုံးလီ၏အနီးသို့ ရောက်ရှိသွားသည်။ တစ်ဆက်တည်းမှာပင် လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

'ဝှစ်'

သူ၏ဓားသည် ကို့ကျဲကျုံးလီ၏ကျောပြင်အား ရုပ်ထိသွားလေသည်။ ထိုတဒင်္ဂမျှလေးမှာပင် ... ဓားပါရဂူအစ်ကိုကြီးကျုံးသည် ကို့ကျဲကျုံးလီ၏အနီးသို့ ခုန်ပျံရောက်ရှိလာကာ ပခုံးပေါ်သို့ ဓားတစ်ချက် ခုတ်ချလိုက်သည်။

ကို့ကျဲကျုံးလီ၏နဖူးပြင်မှ ချွေးသီးချွေးပေါက်များ ကျဆင်းလာလေတော့သည်။ သို့သော် ... အံကိုတင်းတင်းကြိတ်လျက် မတ်တတ်ရပ်နေသည်။ သူ၏ခန္ဓာကိုယ်ပေါ်မှ သွေးများ ယိုစီးကျလာလေသည်။

ဝမ်းရွှေချင်း မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။ သူမက ရုန်းကန်ထရပ်ကာ ပြေးထွက်ရန် ဟန်ပြင်လိုက်၏။ ကြိုးတစ္ဆေကျောက်စုစုသည် လက်ကိုတစ်ချက်လှုပ်ခါလိုက်လေသည်။

'ဝုန်း'

ဝမ်းရွှေချင်း၏ခန္ဓာကိုယ်သည် မြေပြင်ပေါ်သို့လဲကျသွား



သည်။ ထိုအခါကျမှ ... သူမသည် မိမိခန္ဓာကိုယ်ပေါ်၌ ရစ်ပတ်ထားသော ကြိုးတစ္ဆေကျောက်စုစု၏ကြိုးစား သတိရကာ လက်နှစ်ဖက်ဖြင့် ဆွဲဖြည်ရန် ကြိုးစားလိုက်သည်။

"လွှတ် လွှတ် ... ကျွန်မကိုလွှတ်၊ အစ်ကို ကို့ကျဲကျုံးလီ ... ရှင် ဘာဖြစ်သွားသလဲ၊ ရှင် ဘာဖြစ်သွားသလဲ"

ကို့ကျဲကျုံးလီ၏မျက်နှာပေါ်တွင် နာကျင်သောဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရသည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ဝမ်းမိန်းကလေး ... ကျုပ် ဘာမှမဖြစ်ဘူး၊ မင်း ငြိမ်ငြိမ်လေး နေလိုက်ပါ၊ ဒီလူတွေဟာ မြေခွေးထက် ရက်စက်ကြမ်းကြုတ်တဲ့ ကြေးစားတွေနော်၊ မင်းကို ညှာတာကြမှာ မဟုတ်ဘူး"

ဝမ်းရွှေချင်း၏မျက်ဝန်းအစုံမှ မျက်ရည်များ တွင်တွင်ကျဆင်းလာလေသည်။ သူမသည် ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"မယုံဘူး၊ ကျွန်မ မယုံဘူး၊ ရှင့်မှာ ဒဏ်ရာပြင်းပြင်းထန်ထန် ရနေတယ်မဟုတ်လား၊ ကျွန် ... ကျွန်မ သွေးနံ့တွေရနေတယ်"

ကို့ကျဲကျုံးလီက သက်ပြင်းတစ်ချက် ကျိတ်၍ချလိုက်သည်။ သူသည် ဝမ်းရွှေချင်းအား နှစ်သိမ့်လိုက်သည်။

"ကျုပ် တကယ် ဘာမှမဖြစ်ပါဘူး၊ ဒီဒဏ်ရာက ခေါင်းမင်းဂေဟာထဲကို ဝင်ကောင်းရုံပါပဲ၊ အရေးကြီးတာက မင်း ဒီမှာ ငြိမ်ငြိမ်

လေးနေခဲ့ပါ၊ ကျုပ် ဒေါင်းမင်းလက်နက်ပုန်းယူပြီးတာနဲ့ အမြန်ပြန်ခဲ့မယ်"

နီပွန်သိုင်းသမား လောက်တိန်က ပြုံးလိုက်သည်။ ကျေနပ်အားရသော အပြုံးများ ဖြစ်သည်။

"ဒါဆိုရင် မင်း အချိန်မဆွဲသင့်တော့ဘူး"

ကို့ကျဲကျုံးလီက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ၊ ကျုပ် မသွားခင် ခင်ဗျားတို့ကို အရေးကြီးတဲ့ အချက်နှစ်ချက်တော့ မှာခဲ့မယ်"

နီပွန်သိုင်းသမားလောက်တိန်က ခေါင်းညိတ်လိုက်၏။

"ပြောပါ"

ကို့ကျဲကျုံးလီသည် သူတို့သုံးယောက်အား မျက်လုံးဖွေ့ကြည့်လိုက်သည်။

"တစ်အချက် ... ဝမ်းမိန်းကလေးကို မှဲ့တစ်ပေါက်မစွန်းရအောင် စောင့်ရှောက်ထားပါ"

နီပွန်သိုင်းသမား လောက်တိန်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ နောက်တစ်ချက်ကရော"

ကို့ကျဲကျုံးလီသည် အေးတိအေးစက်လေသံဖြင့် ...

"ကျုပ် ဒေါင်းမင်းဂေဟာကို သွားမယ့်ခရီးတစ်လျှောက်မှာ



ဘယ်သူမှ လိုက်မလာပါနဲ့၊ အကယ်၍ နောက်ယောင်ခံလိုက်ခဲ့ရင် အဲဒီလူရဲ့အသက်ကို ကျုပ် တာဝန်မယူဘူး"

ကြိုးတန္တွေကျောက်စုစုက ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဒါတော့ စိတ်ချပါ၊ ဒီနေရာဟာ အင်မတန်သာယာလှပပြီး စိတ်ချမ်းသာစရာကောင်းတဲ့နေရာပဲ မဟုတ်လား၊ ဒေါင်းမင်းလက်နက်ပုန်းကို ဒီလိုနေရာမျိုးမှာ သဘာဝရှုခင်းအလှကို ခံစားရင်း စောင့်နေပါ"

ကို့ကျဲကျုံးလီသည် ရှုံ့ရှာမုန်းတီးသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"ကောင်းပြီ ... ဒါဆိုရင် ကျုပ်သွားမယ်"

ပြောပြီး ထွက်ခွာရန် ဟန်ပြင်လိုက်သည်။"ခဏ"

ဓားပါရဂူအစ်ကိုကြီးကျူးသည် သူ့အနီးသို့ တစ်လှမ်းချင်း လျှောက်လာလေသည်။ ကို့ကျဲကျုံးလီက လှည့်ကြည့်လိုက်လေသည်။ ဓားပါရဂူအစ်ကိုကြီးကျူးသည် သူ့အနီးသို့ တစ်လှမ်းချင်း လျှောက်လာလေသည်။

"မင်းကို ဆက်ရက်ပဲ အချိန်ပေးမယ်၊ အကယ်၍ ဆယ်ရက်ကျော်လွန်ခဲ့ရင် ဝမ်းမိန်းကလေးရဲ့ အသက်ကို အာမမခံဘူး၊ နောက်ပြီး မင်းပြန်လာတဲ့အခါ ဒေါင်းမင်းလက်နက်ပုန်းရယ်၊ မင်းရယ်ကလွဲ

ရင် လူပိုပါမလာပါစေနဲ့"

ကို့ကျဲကျုံးလီ မဲ့ပြုံး ပြုံးလိုက်လေသည်။

"ကောင်းပါပြီ"

သူသည် စကားဆုံးသည်နှင့် တစ်ပြိုင်နက် လှည့်ပင်မကြည့်တော့ဘဲ ခြေလှမ်းကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

* * *



## အခန်း (၁၈)
## နက္ခတ်ဝက်ပါ

ဤနေရာသည် အလွန်ခေါင်သောနေရာတစ်ခုဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး ဝါးစိမ်းပင်များ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် အဝေးမှကြည့်လိုက်ပါလျှင် မြစိမ်းရောင် ကတ္တီပါကော်ဇောတစ်ချပ် ခင်းထားသည့်အလား ...။

အမှန်တွင် ... ထိုဝါးစိမ်းပင်များသည် သဘာဝအလျောက် ပေါက်ရောက်နေကြသည်မဟုတ်ပါ။ လူသားတို့၏ လုပ်အားနှင့် နက္ခတ်ဝက်ပါပညာတို့ ပေါင်းစုစည်းထားကာ စိုက်ပျိုးထားသော ဝက်ပါတစ်ခုဖြစ်သည်။

ယင်းကြောင့် မည်သူမဆို ဤနေရာသို့ရောက်ရှိလျှင် ဝါးပင်များဖြင့် တည်ဆောက်ထားသော ဝက်ပါကြားတွင် လမ်းစပျောက်ကာ အစာရေစာငတ်ပြတ်ပြီး သေဆုံးရမည်ဖြစ်သည်။

သို့သော် ...

ယနေ့ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော လူရွယ်တစ်ယောက်သည် ဤနေရာသို့ ရောက်ရှိလာလေသည်။ ထိုလူရွယ်၏ လက်မောင်းနှစ်ဖက်တွင် ရရှိထားသော ဓားဒဏ်ရာများမှ သွေးများစိမ့်ထွက်နေသဖြင့် အနီရောင်သွေးကွက်များအား မြင်တွေ့နေရသည်။

သူသည် ခြေလှမ်း ဒယီးဒယိုင်ဖြင့် လျှောက်လာကာ ဝါးစိမ်းပင်များကြားသို့ တဖြည်းဖြည်း လျှောက်သွားနေလေသည်။ သူ၏ခြေလှမ်းများသည် ရှေ့သို့ တည့်မတ်စွာ လှမ်းသွားခြင်းမရှိဘဲ ဂဏန်းတစ်ကောင်ပမာ ဘေးတိုက်ရွေ့လျားနေသည်။

ညာဘက်သို့ ဘေးတိုက်ရွေ့လျားသွားသော ခြေလှမ်းတို့ ဆယ်လှမ်းပြည့်သွားသည့်အခါ ရှေ့သို့ ဆယ်လှမ်းမျှ လျှောက်သွားလေသည်။ ယင်းနောက် … ခန္ဓာကိုယ်အား လေထဲသို့ဝဲပျံကာ ဝါးပင်များ အနည်းငယ်ကျဲနေသည့် မြေကွက်လပ်ဆီသို့ ခုန်ပျံရောက်ရှိသွားသည်။

ဤနည်းဖြင့် … ငါးကြိမ်တိတိ ပြုလုပ်ပြီးသောအခါ သူသည် ဝါးပင်များ ထူထပ်စွာပေါက်ရောက်နေသော ဝင်္ကပါအား ဖြတ်ကျော်ပြီး အလွန်ကျယ်ဝန်းသော မြေကွက်လပ်တစ်ခုဆီသို့ ရောက်ရှိသွားလေသည်။



ထိုအခါ …

မြင်ကွင်းတစ်ခုလုံးမှာ ပြောင်းလဲသွားလေတော့သည်။

✻

အလွန်ကျယ်ဝန်းသော မြေကွက်လပ်ကြီးသည် တောင်နံရံတစ်ခုဖြင့် အနားသတ်ထားလေသည်။

မြေကွက်လပ်၏တစ်ဖက်ခြမ်းတွင် ဆန်စပါးနှင့်ဂျုံပင်များ စိုက်ပျိုးထားလေသည်။ ယာဘက်ခြမ်းတွင်မူ အသီးအနှံပင်ပေါင်းစုံအား စနစ်တကျ စိုက်ပျိုးထားလေသည်။

မြေကွက်လပ်အလယ်တွင် အဆောက်အအုံကြီးတစ်ခု ရှိနေသည်။ ကြီးကျယ်ခမ်းနားလှသော အဆောက်အအုံ၏သွင်ပြင်သည် ရဲတိုက်ကြီးတစ်ခုအလား ဝင့်ထည်လှပေသည်။

ရဲတိုက်ကြီး၏နံဘေးတွင် အဆောင်ငယ်လေးများ စီတန်းလျက်ရှိနေသည်။ ရဲတိုက်ရှေ့တွင်မူ အလွန်လှပသော ပန်းရောင်စုံများ စနစ်တကျ စိုက်ပျိုးထားသည့် ပန်းဥယျာဉ်တစ်ခု ရှိနေလေသည်။ ယင်းကြောင့် … ဤနေရာသည် သီးခြားကမ္ဘာတစ်ခုကဲ့သို့ ရှိနေပြီး သို့ဝှက်လွန်းလှပေသည်။

မည်သူသည် မည်သည့်လျှို့ဝှက်ချက်ကြောင့် ဤမျှခေါင် လွန်းပြီး လျှို့ဝှက်လွန်းသည့်နေရာတွင် လာရောက်နေထိုင်လျက် ရှိပါသနည်း။

*

အဖြူရောင်ဝတ်ဆင်ထားသောလူရွယ်သည် မြေကွက်လပ် အလယ်တွင်ရှိနေသော အဆောက်အအုံကြီးအား တစ်ချက်လှမ်း ကြည့်လိုက်သည်။ ယင်းနောက် ... ခြေလှမ်း ဒယီးဒယိုင်ဖြင့် မြေနီ လမ်းကလေးအား ဖြတ်ကျော်နင်းလျက် အဆောက်အအုံကြီးဆီသို့ လျှောက်သွားလေတော့သည်။

တစ်ခဏအကြာ ... သူသည် အဆောက်အအုံကြီး၏ တံခါး မကြီးဆီသို့ ရောက်ရှိလာလေသည်။ တံခါးမကြီးဝတွင် ရပ်ကာ အဆောက်အအုံကြီးထဲသို့ လှမ်းမျှော်ကြည့်လိုက်လေသည်။

ကျယ်ဝန်းခမ်းနားသော ဧည့်ခန်းမကြီးအလယ်တွင် စိမ်း ဖန့်ဖန့်ရောင် တောက်ပနေသည့် ခေါင်းရပ်ကြီးတစ်ကောင်သည် ကျောက်စင်မြင့်တစ်ခုပေါ်တွင် ရပ်နားနေသည်ကို တွေ့မြင်လိုက်ရ သည်။



သက်ရှိခေါင်းရပ် မဟုတ်ပါ။ သို့သော် ... ခေါင်းရပ်လုံးပေါ် တွင် ခေါင်းတစ်ကောင်၏အမွေးအတောင်များအား တပ်ဆင်ထား သောကြောင့် သက်ရှိခေါင်းရပ်နှင့်မခြား တည်ရှိနေသည်။

သူသည် ထိုခေါင်းရပ်အား စိုက်ကြည့်ရင်း ဦးခေါင်းတစ်ခုလုံး မူးဝေလာလေသည်။ အမှန်တွင် ... သူ၏ခန္ဓာကိုယ်ပေါ်မှ ဓားဒဏ် ရာသည် ပြင်းထန်လှခြင်းမရှိသော်လည်း သွေးယိုစီးမှုများပြားနေ သည် မဟုတ်ပါလော။ ထို့ပြင် ... ခရီးပြင်းနှင်ခဲ့ရသည့်အတွက် အင် အားချည့်နဲ့နေပြီ ဖြစ်လေသည်။

သူသည် ခေါင်းရပ်ကြီးအားကြည့်ရင်း ခေါင်းရပ်ကြီးသည် တဖြည်းဖြည်းမှုန်ဝါးလာကာ ပြိုလဲကျသွားလေသည်။

"ဟာ ... လှံမင်းသားကိုး၊ ဒဏ်ရာတွေနဲ့ပါလားဟေ့"

ဤစကားသံသည် သူ၏နားတွင် နောက်ဆုံး ကြားသိခဲ့ရ သော အကြားအာရုံပင် ဖြစ်သည်။ ယင်းနောက် ... သူ၏ အကြားအာ ရုံသည်လည်းကောင်း၊ သူ၏အမြင်အာရုံသည်လည်းကောင်း မှောင် အတိကျသွားကာ လောကကြီးနှင့် အဆက်အသွယ် ပြတ်တောက် သွားလေသည်။

*

ကို့ကျဲကျုံးလီသည် ပြန်လည်သတိရလာပြီဖြစ်၏။ ယင်းသို့ သတိရလာသည်နှင့် ပထမဆုံးသူ သတိပြုမိသည်မှာ အလွန်သန့်ပြန့်သန့်ရှင်းသော ခုတင်ထက်တွင် လဲလျောင်းနေခြင်းဖြစ်၏။

ထို့ပြင် ... သူ၏ခန္ဓာကိုယ်ပေါ်တွင် ပိုးသားဝတ်စုံဖြူကို လဲလှယ်ဝတ်ဆင်ထားလေသည်။ ကျောပြင်မှ ဓားဒဏ်ရာသည်လည်း ဆေးပတ်တီးများစည်းထားပြီး နာကျင်မှု ဝေဒနာတစ်စုံတစ်ရာကိုမျှ မခံစားရတော့ပါချေ။

သူသည် ဝန်းကျင်အား မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ ထိုအခါ ... ချန်းစွမ်းချိုဖုန်းသည် သူ့အား ပြုံးလျက် ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

“ညီလေးကို့ ... မင်း သတိရလာပြီလား”

လုံမင်းသားက သူ့အား ပြန်လည်ပြုံးပြလိုက်သည်။ အားအင်ချည့်နဲ့သော အပြုံးဖြစ်သည်။

“ကျုပ်ကြောင့် ဒုက္ခရောက်နေပြီ ထင်တယ်”

ချန်းစွမ်းချိုဖုန်းသည် ရယ်မောလျက် ခေါင်းခါယမ်းလိုက်လေသည်။

“မင်းနဲ့ကျုပ်ကြားမှာ ဒီစကားမျိုး လိုအပ်သလား”



ကို့ကျဲကျုံးလီက တစ်ချက်ပြုံးလိုက်သည်။

“ခွင့်လွှတ်ပါ ... ကျုပ် စကားပြောတာ မှားသွားတယ်”

ချန်းစွမ်းချိုဖုန်း၏ မျက်နှာတစ်ခုလုံး တည်ကြည်သွားလေသည်။

“ဒါနဲ့ မင်း ဘယ်လိုဖြစ်လာတာလဲ”

ကို့ကျဲကျုံးလီ၏ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားလေသည်။

“အင်း ... အစ်ကိုကြီးပြန်သွားပြီး သုံးရက်အကြာမှာ နီပွန်သိုင်းသမားလောက်တိန်တို့ ရောက်လာကြတယ်လေ”

ချန်းစွမ်းချိုဖုန်းက မျက်မှောင်ကြုတ်လိုက်သည်။

“ဟော့ ... မင်းတို့ ဟိုလျှို့ဝှက်တဲ့နေရာကို မပြောင်းရွှေ့ခင်မှာ သူတို့ရောက်လာကြတာပါ”

ချန်းစွမ်းချိုဖုန်း၏မျက်နှာပေါ်တွင် အံ့ဩသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

“ဘယ်လို၊ အဲဒီလျှို့ဝှက်တဲ့နေရာကို ပြောင်းရွှေ့ပြီးမှ သူတို့ရောက်လာကြတယ် ဟုတ်လား”

ကို့ကျဲကျုံးလီက ခေါင်းညိတ်လိုက်သည်၊ ချန်းစွမ်းချိုဖုန်းသည် သူ့စကားကြောင့် ဘဝင်မကျနိုင်အောင် ဖြစ်ခဲ့ရလေသည်။

“ငါ တကယ်စဉ်းစားလို့မရဘူးကွာ၊ သူတို့က လျှို့ဝှက်တဲ့

နေရာအထိရောက်အောင် လာတယ်ဆိုတာ တစ်စုံတစ်ခုမှားယွင်းနေပြီထင်တယ်"

ကို့ကျဲကျုံးလီ၏မျက်ခုံးအစုံမှာ နဖူးပေါ်သို့ ခုန်တက်သွားလေသည်။

"အစ်ကိုကြီး ဘာကိုဆိုလိုတာလဲ ခင်ဗျား"

ချန်းစွမ်းချိုဖုန်း၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာသွားလေသည်။

"ဒီလောက်လျှို့ဝှက်တဲ့နေရာကို သူတို့ ဘယ်လိုသိသလဲ"

ကို့ကျဲကျုံးလီသည် ယခုမှ ဤအချက်ကို သတိထားမိလေ၏။

မိမိနှင့် ဝမ်းဇွေချင်းတို့နှစ်ယောက်သာ သိရှိသော လျှို့ဝှက်လိုဏ်ဂူဆီ လောက်တိန်တို့ ရောက်ရှိလာခြင်းသည် အမှန်တကယ်ပင် အံ့သြဖွယ်ရာ ကောင်းနေလေသည်။

လောက်တိန်တို့သည် အဘယ်ကြောင့် ဤနေရာအား သိရှိနေပါသနည်း။ စဉ်းစား၍မရနိုင်ပါချေ။

သို့သော် ... သူသည် ဆက်လက်စဉ်းစားလိုခြင်း မရှိပါချေ။ အကြောင်းကား ... ရက်စက်ကြမ်းကြုတ်သော ကြေးစားလူသတ်သမားသုံးယောက်၏လက်ထဲတွင် ကျန်ရစ်ခဲ့သော မျက်မမြင်



ဒုက္ခိတမလေး ဝမ်းဇွေချင်းအတွက် စိုးရိမ်ခြင်းက ကြီးစိုးလွှမ်းမိုးလာသောကြောင့် ဖြစ်၏။

ချန်းစွမ်းချိုဖုန်းသည် သူ့အား အကဲခတ်ကြည့်လိုက်၏။

"ညီလေး ... မင်း တစ်ခုခုကို စိုးရိမ်နေပုံပဲ"

"ဟုတ်ပါတယ်"

ချန်းစွမ်းချိုဖုန်းက မျက်မှောင်ကြုတ်လိုက်သည်။

"နေပါဦး ... မင်း ဘာကိုစိုးရိမ်နေတာလဲ"

ကို့ကျဲကျုံးလီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... ဒဏ်ရာရထားလို့ ကျုပ်ထွက်ပြေးလာချိန်မှာ ဝမ်းမိန်းကလေးတစ်ယောက်တည်း လျှို့ဝှက်ဂူမှာ ကျန်ခဲ့တယ်၊ အဲဒါ သူ့အတွက် စိုးရိမ်လို့ပါ"

"ဟား ဟား ဟား ဟား"

ရုတ်တရက် ... ရယ်မောသံတစ်သံ ထွက်ပေါ်လာလေသည်။ ချန်းစွမ်းချိုဖုန်း၏ရယ်မောသံ မဟုတ်ပါ။ ဤသို့ဆိုလျှင် ... မည်သူ၏ရယ်မောသံ ဖြစ်မည်နည်း။

ကို့ကျဲကျုံးလီသည် ရယ်မောသံလာရာသို့ လှမ်းကြည့်လိုက်သည်။ ထိုအခါ ... အသက်ခုနစ်ဆယ်ခန့် ရှိပြီဖြစ်သော အဘိုးအိုတစ်ယောက်သည် တောင်ဝှေးတစ်ချောင်းကို ကြမ်းပြင်ပေါ်တွင်

ကြမ်းတမ်းစွာထောက်ရင်း အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

* * *



## အခန်း (၁၉)

## အကြားအမြင်ဝိဇ္ဇာ ဘွားဘွားလျူ

အဘွားအိုသည် ကြမ်းပြင်ပေါ်သို့ တောင်ဝှေးတစ်ချောင်းအား ကြမ်းတမ်းစွာထောက်လျက် တစ်လှမ်းချင်း လျှောက်လာသည်။

သူမ၏ခြေတစ်ချက် ရွှေ့လျားလိုက်တိုင်း ဦးခေါင်းပေါ်တွင်ရှိနေသော ခေါင်းဥသျှောင်သည် အရောင်တလက်လက်တောက်ပစွာ လှုပ်ယမ်းလျက် ရှိသည်။ ထို့ပြင် ... တောင်ဝှေးထိပ်တွင် တပ်ဆင်ထားသော ခေါင်းလောင်းလေးများသည် တချွင်ချွင်မြည်သံပြုကာ လှုပ်ခါယမ်းသွားကြလေသည်။

သူမသည် စူးရှတောက်ပသော မျက်လုံးအစုံဖြင့် ကို့ကျဲကျူးလီအား စိုက်ကြည့်ရင်း တစ်လှမ်းချင်း လျှောက်လာလေသည်။ ကို့ကျဲကျူးလီသည် သူမအား တစ်ကြိမ်တစ်ခါမှ တွေ့မြင်ဖူးခြင်း မရှိပါ။

ယင်းကြောင့် ... ချန်းစွမ်းချိုဖုန်းအား လှည့်ကြည့်လိုက်သည်။ သူ၏အကြည့်တွင် အမေးပုစ္ဆာများ ပါဝင်နေလေသည်။

ချန်းစွမ်းချိုဖုန်းသည် သူ့အား ပြုံး၍ကြည့်နေသည်။ ထိုအချိန် ... အဘွားအိုသည် လုံမင်းသားကိုကျဲကျုံးလီ၏ခုတင်နံဘေးရှိ ကုလားထိုင်ပေါ်တွင် ဝင်ရောက်ထိုင်ချလိုက်သည်။

သူမက လုံမင်းသား၏ ဦးခေါင်းပေါ်သို့ လက်ဝါးဖြင့်အုပ်ကာ မျက်လုံးစုံမှိတ်၍ တစ်စုံတစ်ခုအား ရွတ်ဖတ်နေလေသည်။ တစ်ခဏအကြာတွင် ... သူမသည် လုံမင်းသား၏ဦးခေါင်းပေါ်မှ လက်အား ဖယ်ရှားလိုက်ပြီး စူးရှအေးစက်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"တစ်သက်လုံးသစ္စာတရားကြီးမားတဲ့ သူရဲကောင်းလူတော်လူကောင်းတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်အတွက် လမ်းမှားတစ်ခုကို ရောက်တော့မှာပါလား"

သူမ၏အသံသည် အိုမင်းရင့်ရော်ခြင်း၊ နိမ့်ကျခြင်း၊ အက်ကွဲခြင်း စသော အသံမျိုးဖြစ်သည်။ သို့သော် ... ဩဇာညှောင်းသော (သို့မဟုတ်) ဆွဲအောင်အား အပြည့်ရှိနေသည်။

လုံမင်းသားကို့ကျဲကျုံးလီသည် သူမ၏အသံအား ကြားလိုက်ရသောအခါ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားလေသည်။

"ဘွားဘွားက ဘယ်သူပါလဲ၊ ကျုပ်ကို ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"



ချန်းစွမ်းချိုဖုန်းက သူ့အား အကဲခတ်သော မျက်လုံးအစုံဖြင့် ငေးကြည့်လိုက်သည်။

"ကို့ညီလေး ... ဒီဘွားဘွားလျှုဟာ ကျုပ်တို့ ခေါင်းမင်းဂေဟာရဲ့ အထူးကိုယ်ကွယ်ယုံကြည်နေတဲ့ အကြားအမြင်ဝိဇ္ဇာတစ်ပါးပဲ၊ သူ့ကို ဘာမှပြန်မမေးပါနဲ့၊ သူ မေးတာကိုသာ ဖြေလိုက်ပါကွာ"

ကို့ကျဲကျုံးလီသည် အလွန်ပင် အံ့သြသွားသည်။ မိမိနှင့် ရင်းနှီးပတ်သက်သည့်ကာလတစ်လျှောက်တွင် ခေါင်းမင်းဂေဟာ သခင်ကြီးချန်းမာချူးသည် မည်သည့်အခါမျှ ဤကဲ့သို့အကြားအမြင် ဝိဇ္ဇာဟူသော ပုဂ္ဂိုလ်မျိုးအား ယုံကြည်ထားခြင်းမရှိကြောင်း ကောင်းစွာ သဘောပေါက်မိသည် မဟုတ်ပါလော။

မည်သို့ဆိုစေ ... အကြားအမြင် ဘွားဘွားလျှု၏ပညာကို သူ အထင်မသေးဝံ့ပါ။ သူသည် ဤခေါင်းမင်းဂေဟာသို့ ရောက်ရှိလာကာ ခေါင်းမင်းလက်နက်ပုန်းအား ခိုးယူပြီး ဝမ်းစွေချင်းအား ကယ်တင်ရန် အကြံအစည်ဖြင့် ရောက်ရှိလာသည်ကို သေချာစွာ ပြောဆိုနေသည် မဟုတ်ပါလော။

သူက တွေဝေစဉ်းစားနေစဉ် ... အကြားအမြင်ဝိဇ္ဇာ ဘွားဘွားလျှုသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ဒါပေမဲ့ မင်းဟာ ဒေါင်းမင်းဂေဟာကို မကောင်းတဲ့စိတ် မရှိပါဘူး၊ ဒါကြောင့် မင်းရဲ့အကျပ်အတည်းကို သခင်လေးချန်းနဲ့ ရိုးသားစွာ တိုင်ပင်သင့်ပါတယ်"

ကို့ကျဲကျုံးလီ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။ ယင်းအချိန် … ချန်းစွမ်းချိုဖုန်းသည် သူ့အား စိုက်ကြည့်လိုက်သည်။

"ကိုညီလေး … မင်းမှာ အခက်မခဲရှိရင် ပွင့်ပွင့်လင်းလင်း ပြောပါကွာ၊ ကျုပ်တို့ဟာ သွေးသောက်ညီအစ်ကိုတွေပဲ မဟုတ်လား"

ထိုစကားသည် ကို့ကျဲကျုံးလီ၏အသည်းနှလုံးအား မြားတစ်စင်းပမာ စူးရှစွာကျစေလေသည်။ သူက ဖြည်းလေးစွာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ အကြားအမြင်ဝိဇ္ဇာ ဘွားဘွားလျူပြောသလိုပဲ ကျုပ်ဟာ မိန်းမတစ်ယောက်အတွက်နဲ့ အမှားအယွင်းတစ်ခုကို ကျူးလွန်မိတော့မလို့ပါပဲ"

ချန်းစွမ်းချိုဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဘယ်လိုအမှားအယွင်းလဲဟင်"

ကို့ကျဲကျုံးလီသည် ဝမ်းစွေချင်းအား ချုပ်ကိုင်၍ လောက်တိန်သုံးယောက်မှ မိမိအား ဤနေရာသို့ စေလွှတ်ခဲ့သလို အသေး



စိတ်ပြောပြလိုက်လေတော့သည်။ ချန်းစွမ်းချိုဖုန်းသည် ကို့ကျဲကျုံးလီ၏စကား ဆုံးသောအခါ ပြုံးလိုက်သည်။ ကျေနပ်အားရသောအပြုံးမျိုးဖြစ်၏။

"ကိုညီလေးရယ် … ဒီကိစ္စကို အစောကြီးကတည်းက ကျုပ်တို့ ခန့်မှန်းမိပြီးသားပါ"

ကို့ကျဲကျုံးလီက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဘယ်လို အစ်ကိုကြီးတို့ ခန့်မှန်းမိပြီးသား ဟုတ်လား"

ချန်းစွမ်းချိုဖုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် … ဒါကလည်း မင်းရဲ့စိတ်ရင်းကို ကျုပ်တို့က သိနေလို့ပဲလေ"

လုံမင်းသား၏မျက်ဝန်းအစုံတွင် နားမလည်နိုင်သော ဟန်မူရာများ ပေါ်လွင်နေလေ၏။

"အစ်ကိုကြီးပြောတာ ကျုပ် တကယ်ပဲ နားမလည်ဘူး"

ချန်းစွမ်းချိုဖုန်းသည် လျှို့ဝှက်စွာ ပြုံးနေလေသည်။

"ဒီလိုလေ … မင်းဟာ သွေးထွက်လွန်းလို့ သတိလစ်သွားတာကလွဲရင် ခန္ဓာကိုယ်ပေါ်က ဓားဒဏ်ရာတွေဟာ သေလောက်တဲ့ ဒဏ်ရာမျိုးမဟုတ်ဘူး၊ ဒါလောက် ဒဏ်ရာမျိုးနဲ့ မင်းဟာ ဝမ်းမိန်းကလေးကို ရန်သူတွေကြားမှာ စွန့်ပစ်ထားခဲ့မယ့်လူမျိုး မဟုတ်ဘူး

ဆိုတာ အစ်ကိုကြီး သိနေတယ်လေ”

သူက စကားဆက်လိုက်သည်။

“ဒီလိုသိနေတာကို အစ်ကိုကြီးတို့ကမေးရင် မင်းအဖြေခက်နေမယ်ဆိုတာ စဉ်းစားမိလို့”

သူ၏စကားမဆုံးမီ ကို့ကျဲကျုံးလီက ကြားဖြတ်ပြောလိုက်သည်။

“သြော် ... ဒါကြောင့် အစ်ကိုကြီးတို့က အကြားအမြင်ဝိဇ္ဇာဘွားဘွားလျူကို အသုံးချပြီး မေးမြန်းကြတယ်ဆိုပါတော့၊ ဟုတ်လား”

ချန်းစွမ်းချိုဖုန်းက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်”

ယင်းအချိန် ... အကြားအမြင်ဝိဇ္ဇာဘွားဘွားလျူသည် ကို့ကျဲကျုံးလီအား လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်သည်။

“သခင်လေးက လုံမင်းသားကို့ရဲ့အကြောင်းကို မကြာခဏပြောနေပါတယ်၊ လုံမင်းသားလေးကို့နဲ့ အခုလို ဆုံဆည်းရတာကို ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး”

ကို့ကျဲကျုံးလီ၏ရင်ထဲ နင့်ခနဲ ခံစားလိုက်ရလေသည်။ သူသည် မိမိအပေါ်တွင် ဖွဲ့ထားသော မိတ်ဆွေအဖော် ဝမ်းစွေချင်း၏



အသက်အတွက် စိုးရိမ်မိကာ လိမ်ညာမိခဲ့သည်မဟုတ်ပါလော။ ယင်းကြောင့် ... ခုတင်ပေါ်မှဆင်းလာကာ လက်နှစ်ဖက်ဆုပ်လျက် ဂါရဝပြုလိုက်လေသည်။

“အစ်ကိုကြီးချန်း ... ကျုပ်ဟာ တကယ်အသုံးမကျတဲ့ လူတစ်ယောက်ပါ၊ ဒါကြောင့် ကျုပ်ကို ညီအစ်ကိုအဖြစ်က စွန့်လွှတ်လိုက်ပါတော့”

ချန်းစွမ်းချိုဖုန်းသည် ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

“ဒီလိုမဟုတ်ပါဘူး၊ မင်းနေရာမှာ ကျုပ်ဆိုရင်လည်း ဒီလိုပဲ လုပ်မိမှာပါ၊ ဒါတွေ ပြောမနေပါနဲ့တော့၊ ကျုပ်တို့ ညီအစ်ကိုတွေ့ဆုံခိုက်မှာ အရက်အတူသောက်ကြရအောင်”

ကို့ကျဲကျုံးလီက သက်ပြင်းတစ်ချက် ချလိုက်သည်။

“အင်း ... ခွင့်လွှတ်ပါဗျာ၊ ကျုပ် လျှို့ဝှက်ချက်လိုဏ်ဂူကို အမြန်ဆုံးပြန်ပြီး ဝမ်းစွေချင်းကို ကယ်တင်ရဦးမယ်”

ချန်းစွမ်းချိုဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်လေသည်။

“မင်း ခေါင်းမင်းလက်နက်ပုန်းမပါဘဲ ပြန်သွားမယ်ဆိုရင် သူတို့က ဝမ်းစွေချင်းကို အလှကြည့်နေမယ် ထင်သလား”

ကို့ကျဲကျုံးလီ မျက်မှောင်ကုတ်လိုက်သည်။

“အစ်ကိုကြီးစကားက ဘာအဓိပ္ပာယ်လဲ”

ချန်းစွမ်းချိုဖုန်းက ပြုံးလိုက်သည်။

"ဒေါင်းမင်းလက်နက်ပုန်းကို မင်းအတွက် ထည့်ပေးလိုက်ဖို့ ဖေဖေက ကျုပ်ကို တာဝန်ပေးထားပါတယ်"

"ဗျာ"

ကို့ကျဲကျုံးလီသည် မျက်လုံးများ အဆမတန် ပြူးကျယ်သွားမိသည်။ သူသည် ချန်းစွမ်းချိုဖုန်းအား စိုက်ကြည့်နေလေသည်။ အတန်ကြာမှ ... ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

"ကျုပ် ... ကျုပ် မယူပါရစေနဲ့၊ ဒီလက်နက်ဟာ သိုင်းလောကမှာ အထွတ်အမြတ်လက်နက်တစ်ခုပါ၊ လောက်တိန်တို့လို ကြေးစားတွေရဲ့လက်ထဲ ရောက်သွားမယ်ဆိုရင် သိုင်းလောကတစ်ခုလုံး ဒုက္ခအကြီးအကျယ်ရောက်သွားပါလိမ့်မယ်"

ချန်းစွမ်းချိုဖုန်းက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"ဒီလိုသိထားရက်နဲ့ အစက ဘာဖြစ်လို့ ဒေါင်းမင်းလက်နက်ပုန်းကို ယူပေးမယ်လို့ ဆုံးဖြတ်တာလဲ"

ကို့ကျဲကျုံးလီ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... အမှန်တော့ ကျုပ်က ဒီလက်နက်ပုန်းကိုယူသွားပြီး ဝမ်းစွေချင်းကို ကယ်မယ်၊ ပြီးရင် မဖြစ်ဖြစ်တဲ့နည်းနဲ့ ဒီလက်နက်ပုန်းတွေကို ဒေါင်းမင်းဂေဟာကို ပြန်လာပို့မယ်ဆိုပြီး ဆုံးဖြတ်ထား



လို့ လာခဲ့တာပါ"

ချန်းစွမ်းချိုဖုန်းသည် ပြုံးလျက် သူ၏ပခုံးအား ပုတ်လိုက်သည်။

"ဒီလိုဆုံးဖြတ်ထားတယ်ဆိုရင် မင်း ဘာဖြစ်လို့ မယူသွားဝံ့ရမှာလဲ၊ ယူသွားပါ၊ မင်းကိစ္စပြီးရင်သာ ဒေါင်းမင်းလက်နက်ပုန်းကို ဒီနေရာရောက်အောင် ပြန်ပို့ပါ"

ကို့ကျဲကျုံးလီ၏ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားမှုများ ခံစားလိုက်ရလေသည်။ ချန်းစွမ်းချိုဖုန်းတို့သည် မိမိအား အကြွင်းမဲ့ ယုံကြည်နေကြသည် မဟုတ်ပါလော။ ထိုအချိန် ... ချန်းစွမ်းချိုဖုန်းသည် သူ့အား ပြုံးပြလေသည်။

"မင်း ဘယ်လိုသဘောရသလဲ"

ကို့ကျဲကျုံးလီသည် လက်ဝါးတစ်ဖက်အား ထောင်လိုက်သည်။

"ကျုပ် ကို့ကျဲကျုံးလီ သစ္စာဆိုပါတယ်၊ ဒေါင်းမင်းလက်နက်ပုန်းကို ဒေါင်းမင်းဂေဟာအရောက် ပြန်မပို့နိုင်ရင် လူ့လောကနဲ့ ကင်းကွာတဲ့လူဖြစ်ပါစေ"

ချန်းစွမ်းချိုဖုန်းက ရယ်မောလိုက်သည်။ ယင်းနောက် ... အခန်းထဲမှ ထွက်ခွာသွားလေသည်။

"ညီလေးကို့ ... ကျုပ်နောက်လိုက်ခဲ့ပါ"

ကို့ကျဲကျုံးလီသည် သူ့နောက်မှ လိုက်ပါသွားလေ၏။

* * *



## အခန်း (၂၀)

### ဒေါင်းမင်းလက်နက်ပုန်းနှင့်ဒေါင်းမင်းယပ်တောင်

ချန်းစွမ်းချိုဖုန်းသည် ရှေ့မှလျှောက်သွားလေသည်။ ကို့ကျဲကျုံးလီက သူ့နောက်မှ ထက်ကြပ်မကွာ လိုက်သွားလေသည်။

ချန်းစွမ်းချိုဖုန်းသည် ဧည့်ခန်းမထဲရှိ ပန်းချီကားကြီး အလှချိတ်ထားသည့်နံရံအနီးသို့ ရောက်ရှိလာသောအခါ ခြေလှမ်းရပ်တန့်လိုက်သည်။ ယင်းနောက် အင်္ကျီအိတ်ထဲရှိ သော့နှစ်ချောင်းကို ပြိုင်တူလှည့်ကာ လက်ကောက်ဝတ်များအား လှည့်လိုက်သည်။

'ကျွီ'

ရုတ်တရက် ပန်းချီကားချပ်ကြီးသည် ထက်ခြမ်းကွဲ၍ တရွေ့ရွေ့ ဖြည်းညင်းစွာ ရွေ့လျားသွားလေသည်။ ထိုအခါ ... ကျယ်ဝန်းသော ခန်းမကြီးတစ်ခုကို တွေ့လိုက်ရလေသည်။

ချန်းစွမ်းချိုဖုန်းသည် ကို့ကျဲကျုံးလီအား လှည့်ကြည့်လိုက်သည်။ ကို့ကျဲကျုံးလီသည် ငေးငိုင်၍ ရပ်နေလေသည်။ သူသည်

ဒေါင်းမင်းဂေဟာသို့ အကြိမ်ကြိမ်ရောက်ခဲ့ဖူးသော်လည်း ဤလျှို့ဝှက်ခန်းအား တစ်ခါမျှ တွေ့မြင် ဖူးခြင်း မရှိခဲ့ချေ။

ချန်းစွမ်းချိုဖုန်းသည် သူ၏ပခုံးအား ပုတ်လိုက်သည်။

"ကျုပ်တို့ အခန်းထဲဝင်ကြမယ်"

ပြောပြီးသည်နှင့် အခန်းထဲ လှမ်းဝင်သွားသည်။ ကို့ကျဲကျုံးလီက သူ့နောက်မှ လိုက်ပါဝင်သွားသည်။

သူတို့နှစ်ယောက် အထဲသို့ လှမ်းဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ပန်းချီကားကြီးမှာ ပြန်လည်ပိတ်သွားလေသည်။ ချန်းစွမ်းချိုဖုန်းသည် သူ့အား လက်ကိုဆွဲကိုင်လျက် ခန်းမကြီးအား ဖြတ်လျှောက်လာလေသည်။

တစ်ခဏအကြာ၌ ရှေ့တွင် နံရံတစ်ချပ် ပိတ်ဆို့ထားသည်ကို တွေ့မြင်လိုက်ရသည်။ ချန်းစွမ်းချိုဖုန်းက နံရံတစ်နေရာရှိ ရွှေရောင်တောက်ပနေသော သံကွင်းကြီးအား ဖြည်းညင်းစွာ ဆွဲဖွင့်လိုက်သည်။

ကို့ကျဲကျုံးလီသည် သံကွင်းဆွဲချနေသည့် ဟန်မူရာကိုကြည့်ကာ ရင်ထဲ၌ လေးလံလာလေသည်။ အကြောင်းကား ဤနေရာတွင် ထောင်ချောက်များစွာ ရှိနေပြီး သံကွင်းဆွဲသည့်အချိန်၌ အမှားအယွင်း ရှိခဲ့ပါလျှင် အသက်အန္တရာယ်ကြီးမားမည်ဟု သဘောပေါက်မိသော



ကြောင့်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် … မိမိကသာ တစ်ယောက်တည်း စွန့်စားကာ ဒေါင်းမင်းလက်နက်ပုန်းအားရယူရန် ကြိုးစားမိပါလျှင် ဤနေရာ၌ပင် လဲကျသေဆုံးနေရမည်ကို နားလည်လိုက်မိကာ ခန္ဓာကိုယ်တစ်ခုလုံး အေးစိမ့်သွားလေသည်။

ယင်းအချိန် …

'ဒီ … ဒီ … ဒီ'

မြည်ဟည်းသံနှင့်အတူ အခန်းနံရံတွင် လူတစ်ကိုယ်ဝင်စာ အပေါက်ကလေးတစ်ခု ပေါ်လာတော့သည်။ ချန်းစွမ်းချိုဖုန်းသည် ရှေ့မှ အခန်းထဲသို့ လှမ်းဝင်လိုက်သည်။ ကို့ကျဲကျုံးလီက နောက်မှ လိုက်လေသည်။

ထိုအခါ … သူ၏မြင်ကွင်းတစ်ခုလုံးမှာ မီးရောင်များဖြင့် ထိန်ထိန်လင်းလွန်းသဖြင့် မိမိမျက်လုံးအား လက်တစ်ဖက်နှင့် ကမန်းကတန်း ကာရံလိုက်ရလေသည်။ ယင်းတဒင်္ဂလေးမှာပင် …

"ဟား ဟား ဟား … လုံမင်းသားကို ကြိုဆိုပါတယ်"

ဟူသော အသံတစ်သံအား ကြားလိုက်ရလေသည်။ ကို့ကျဲကျုံးလီသည် မိမိမျက်လုံးရှေ့တွင် ကာရံထားသော လက်အား ဖြည်းညင်းစွာ ဖယ်ရှားလိုက်သည်။

ထိုအခါ ... ခန်းမကြီး၏ထိပ်ဆုံး ကုလားထိုင်အမြင့်ပေါ်တွင် အားပါးတရ ရယ်မောနေသော အဘိုးအိုအား တွေ့မြင်လိုက်ရလေသည်။

"ဒေါင်းမင်းသခင်ကြီး"

မှန်ပါသည် ...။

ထိုအဘိုးအိုသည် ဒေါင်းမင်းသခင်ကြီး ချန်းမာချူးပင် ဖြစ်သည်။ ချန်းမာချူးက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

"သား ... သူဟာ ဖေဖေတို့ ဒေါင်းမင်းလက်နက်ပုန်းရဲ့ ဂယက်ထဲမှာ ဒုက္ခရောက်ခဲ့ရတဲ့ မိတ်ဆွေရင်းချာပဲ၊ ဒါကြောင့် သူ့ရဲ့ ဒုက္ခမှန်သမျှ ဖေဖေတို့ ကူရမယ်"

ချန်းစွမ်းချိုဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ဖေဖေ"

ယင်းနောက် ... သူသည် ချန်းမာချူး၏ကုလားထိုင်အနီးသို့ လျှောက်သွားကာ ကုလားထိုင်အား တစ်ချက်ဆွဲလှည့်လိုက်သည်။

'ဝေါ'

ရုတ်တရက် ... မြည်ဟည်းသံတစ်သံ ထွက်ပေါ်လာပြီး ချန်းမာချူးနောက်ကျောရှိ နံရံသည် အောက်ဘက်သို့ နိမ့်ဆင်းသွားလေသည်။



ထိုအခါ ... ကျောက်စိမ်းအစစ်ဖြင့် ပြုလုပ်ထားပြီး ဒေါင်းတစ်ကောင်၏အမွေးအတောင်များ တပ်ဆင်ထားသော ကြီးမားသည့် ဒေါင်းရုပ်ကြီးတစ်ရုပ်အား ကြီးမားသောကျောက်စင်မြင့်ပေါ်တွင် တွေ့မြင်လိုက်ရလေသည်။

ကို့ကျဲကျူးလီသည် ထိုဒေါင်းရုပ်ကြီးအား တွေ့မြင်လိုက်ရသောအခါ ဧည့်ခန်းဝတွင် တွေ့မြင်ရသော ဒေါင်းရုပ်ကြီးအား အမှတ်ရလိုက်သည်။

ယင်းအချိန် ... ချန်းစွမ်းချိုဖုန်းသည် စင်မြင့်ထံသို့ လျှောက်သွားကာ ခလုတ်တစ်ခုအား နှိပ်လိုက်သည်။

'ဒီ ... ဒီ ... ဒီ'

ဟူသော အော်မြည်သံနှင့်အတူ ဒေါင်းရုပ်ကြီးရှေ့ရှိ စင်မြင့်တွင် ယပ်တောင်ကလေးတစ်ခု ပေါ်လွင်လာသည်။

ကျောက်စိမ်းယပ်တောင်လေးပင်ဖြစ်သည်။

ယပ်တောင်ကလေး၏အလယ်ဗဟိုတွင်မူ ခရမ်းရောင် ကျောက်သလင်းပြားဖြင့် ဒေါင်းမြီးကွက်သဏ္ဍာန် ပုံဖော်ထားသည်။

ချန်းစွမ်းချိုဖုန်းသည် ထိုယပ်တောင်လေးအား လှမ်းယူကာ ဒေါင်းရုပ်ကြီး၏မျက်လုံးထဲသို့ ချိန်ရွယ်လျက် လက်ကောက်ဝတ်အား ဖြည်းညင်းစွာ လှည့်လိုက်သည်။

ထိုအခါ ယပ်တောင်ပုံသဏ္ဌာန် ကျောက်စိမ်းရောင်အလင်းတန်းများသည် ဒေါင်း ရုပ်ကြီးမျက်လုံးဆီသို့ ထင်ဟပ်သွားလေသည်။

ဒေါင်းရုပ်ကြီးသည် ကျောက်စိမ်းရောင်အလင်းတန်း ထင်ဟပ်မှုကြောင့်လောမသိ ...။ ဦးခေါင်းသည် တဖြည်းဖြည်း ငုံ့စောင်းကျသွားလေသည်။ တစ်ချိန်တည်းမှာပင် ... ကျိုးကျသွားသော ဒေါင်းရုပ်လည်ပင်းထဲမှ ကျောက်စိမ်းရောင် ဒေါင်းရုပ်ကလေးတစ်ရုပ် ထွက်ပေါ်လာလေသည်။

ချန်းစွမ်းချိုဖုန်း၏ခန္ဓာကိုယ်သည် လေထဲသို့ ခုန်လျက် ထိုကျောက်စိမ်း ဒေါင်းရုပ်လေးအား လှမ်းယူလိုက်၏။ ယင်းနောက် ... စင်မြင့်ပေါ်သို့ ချထားလိုက်လေသည်။

ဒေါင်းမင်းသခင်ကြီးချန်းမာချုးက ကုလားထိုင်မှဆင်းကာ သူတို့အနီးသို့ လျှောက်လာသည်။ သူသည် လုံမင်းသားအား စိုက်ကြည့်လိုက်သည်။

"လုံမင်းသား ကို ... ဒီဒေါင်းရုပ်လေးဟာ သိုင်းလောကသားတိုင်း လိုချင်တပ်မက်နေကြတဲ့ ဒေါင်းမင်းလက်နက်ပုန်းပါ၊ ဝမ်မိန်းကလေးရဲ့အသက်ကို ကယ်တင်ပါ"

ကိုကျဲကျုံးလီက ဦးညွှတ်ဂါရဝ ပြုလိုက်လေသည်။

"ဟုတ်ကဲ့ ... စိတ်ချပါ၊ သူ့ကို ကျွန်တော် ကြိုးစားပြီး ကယ်



တင်ပါ့မယ်"

ဒေါင်းမင်းသခင်ကြီး ချန်းမာချုးက သူ့အား တည်ကြည်လေးနက်သောအကြည့်ဖြင့် ကြည့်လိုက်၏။

"ကျုပ်က ဒီဒေါင်းမင်းလက်နက်ပုန်းကို နိုင်ငံတော်အတွက် ပေးလှူမယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဒါကြောင့် ဂရုစိုက်ပါ"

လုံမင်းသားသည် ဦးညွှတ်လိုက်သည်။

"စိတ်ချပါ ခင်ဗျာ၊ ဒေါင်းမင်းလက်နက်ပုန်းရှိရင် ကျွန်တော်ရှိမယ်၊ ဒေါင်းမင်းလက်နက်ပုန်းမရှိရင် ကျွန်တော် မရှိစေရပါဘူး"

ဒေါင်းမင်းသခင်ကြီးချန်းမာချုးသည် သူ၏ပခုံးအား ပုတ်လိုက်လေသည်။

"မင်းရဲ့သစ္စာတရားကို ကျုပ် ယုံကြည်ပါတယ်၊ ဒါကြောင့်လည်း ဒီဒေါင်းမင်းလက်နက်ပုန်းကို ပေးဝံ့တာပေါ့"

ကိုကျဲကျုံးလီသည် ဒုတိယအကြိမ် ဦးညွှတ်လိုက်၏။

"ကျွန်တော့်ကို ယုံကြည်တာ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဒေါင်းမင်းသခင်ကြီးချန်းမာချုးက လက်တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

"ကဲ ... မင်း အမြန်ဆုံး ခရီးထွက်ပါ၊ ဒီကိစ္စတွေပြီးရင် မင်းတို့နှစ်ယောက် ဒီမှာလာနေနိုင်အောင် ကြိုးစားပါကွာ"

လုံမင်းသားသည် ဦးညွှတ်လိုက်သည်။ ယင်းနောက် ... ဒေါင်းမင်းသခင်ကြီး ချန်းမာချူးနှင့် ချန်းစွမ်းချိုဖုန်းတို့အား နှုတ်ဆက်ကာ ဒေါင်းမင်းလက်နက်ပုန်းအား ယူဆောင်လျက် လျှို့ဝှက်ဒေါင်းမင်းဂေဟာမှ ပြန်ထွက်ခဲ့လေတော့၏။

* * *



အခန်း (၂၃)

ပြန်လည်ဆုံတွေ့ကြခြင်း

လုံမင်းသား ကိုကျဲကျုံးလီသည် ခြေလှမ်းသုတ်သုတ်ဖြင့် တောလမ်းကလေးအတိုင်း လျှောက်လာလေသည်။

သူ၏လက်ထဲတွင် သေတ္တာတစ်လုံးရှိနေပြီး သေတ္တာထဲတွင် သိုင်းလောကသားတိုင်း လိုချင်မက်မောနေကြသော ဒေါင်းမင်း လက်နက်ပုန်း ပါရှိလာသည်။ ယင်းကြောင့် ... ဝမ်းမြှေချင်း၏အသက်အား ကယ်တင်နိုင်လိမ့်မည်ဟု ယုံကြည်နေ၏။

အဘယ်ကြောင့်မှန်းမသိ ... သူ၏ရင်ထဲ၌ တစ်စုံတစ်ရာ လိုအပ်နေသကဲ့သို့ ဟာလာဟင်းလင်း ဖြစ်နေလေသည်။

အကြောင်းကား ...

သူ ဒေါင်းမင်းဂေဟာသို့ ရောက်ရှိချိန်မှစ၍ ပြန်လည်ထွက်ခွာလာချိန်တိုင်အောင် သခင်မလေးချန်းစုံထန်အား မမြင်မတွေ့ခဲ့ရသောကြောင့်ဖြစ်သည်။

မည်သို့ဆိုစေ ... သူသည် ဝမ်းစွေချင်း၏အသက်အား ကယ်တင်ရန် ခြေလှမ်းသွက်သွက်ဖြင့် လှမ်းလာခဲ့ရသည်။

ဝမ်းစွေချင်းအား အမှန်တကယ် ကယ်တင်နိုင်ပါမည်လော။

✳

နေဝန်းသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းအောက်သို့ ငုပ်လျှိုးဝင်ရောက်သွားပြီဖြစ်သည်။ လခြမ်းကလေးသည် ကြယ်တာရာများ ဝိုင်းရံလျက် ကောင်းကင်ပေါ်တွင် နေရာယူလာလေသည်။

ကို့ကျဲကျုံးလီသည် လခြမ်းနှင့် ကြယ်တာရာတို့အား အဖော်ပြုကာ ခြေလှမ်းသွက်သွက်ဖြင့် ခရီးနှင်လျက် ...။ အချိန်သည် သူ့အတွက် အလွန်အရေးကြီးနေသည် မဟုတ်ပါလော။

ယင်းအချိန် ...

ကောင်းကင်ပေါ်ရှိ လခြမ်းနှင့် ကြယ်တာရာများအား တိမ်ညိုတိမ်မည်းများ ဖုံးအုပ်သွားလေသည်။ ကောင်းကင်တစ်ခုလုံး မည်းမှောင်သွားသည်။ လေပြင်းထန်စွာ တိုက်ခတ်လာလေသည်။

တစ်ခါတစ်ရံ လျှပ်စီးများ ဝင်းလက်လျက်ရှိသည်။ မကြာမီ ... မိုးသည်းထန်စွာ ရွာသွန်းတော့မည် ဖြစ်သည်။ ဝန်းကျင်တစ်ခု



လုံးမှာ လေတိုက်ခတ်မှုနှင့် မိုးရိပ်များကြောင့် အေးစိမ့်လာသည်ဟု ထင်ရလေသည်။

"ဂျိမ်း ... ဂျိမ်း"

ကို့ကျဲကျုံးလီသည် ခေါင်းမင်းလက်နက်ပုန်း ထည့်ထားသော သေတ္တာလေးအား လက်ထဲတွင် တင်းကျပ်စွာ ဆုပ်ကိုင်လျက် ရှေ့သို့ ခြေလှမ်းသွက်သွက်ဖြင့် ခရီးနှင်လေသည်။ ထိုအချိန်မှာပင် ... မိုးသည် ရုတ်တရက်သည်းထန်စွာ ရွာသွန်းချလိုက်လေတော့သည်။

ကို့ကျဲကျုံးလီသည် မိုးကောင်းကင်ပေါ်သို့ တစ်ချက်မော့ကြည့်ကာ ခေါင်းခါယမ်းလိုက်လေသည်။ ဤအတိုင်းသာ ဆက်လက်ခရီးနှင်နေမည်ဆိုပါလျှင် ဝမ်းစွေချင်းထံသို့ မရောက်နိုင်မီ မိမိမှာ ဒုက္ခရောက်နိုင်သည် တွေးမိသည်။ ယင်းကြောင့် ... တစ်နေရာတွင် တည်းခိုရန် ဆုံးဖြတ်လိုက်လေသည်။

ရုတ်တရက် ...

လျှပ်စီးတစ်ချက် ဝင်းလက်သွားကာ မိုးခြိမ်းသံကိုလည်း တစ်ဆက်တည်းကြား လိုက်ရလေသည်။ ထိုတဒင်္ဂလေးမှာပင် ... အဝေးမှ အိမ်ပျက်ကြီးတစ်လုံးအား လျှပ်စီး၏အလင်းရောင်အောက်တွင် တွေ့မြင်လိုက်ရလေသည်။

သူသည် ထိုနေရာသို့ ဦးတည်လျက် အားကုန်ပြေးသွားလေတော့သည်။

✻

မီးအိမ်တစ်လုံးသည် အိမ်ပျက်ကြီး၏တံစက်မြိတ်တွင် ချိတ်ဆွဲထား၏။

မှုန်ပျပျမီးရောင်ကြောင့် နှစ်ပေါင်းအတန်ကြာ ပျက်စီးယိုယွင်းနေဟန်ဖြင့် ပင့်ကူမျှင်များနှင့် ဖုန်များက မင်းမူနေလေသည်။

ကြီးမားလှသော မြေကြွက်ကြီးတစ်ကောင်သည် အိမ်ပျက်ပေါ်သို့ တက်ရောက်လာသည့် ကို့ကျဲကျုံးလီအား တစ်ချက်မျှ ပြူးကြောင်၍ကြည့်ပြီး ထုပ်တန်းပေါ်သို့ ပြေးတက်သွား၏။

ကို့ကျဲကျုံးလီသည် ရင်ထဲ၌ ထိတ်ခနဲ ခံစားလိုက်ရလေသည်။ အကြောင်းကား .. မြေကြွက်ကြီး၏မျက်လုံးများကဲ့သို့ တခြားလူ တစ်စုံတစ်ယောက်သည် မိမိအား ကြည့်နေသည်ဟု ခံစားလိုက်မိသောကြောင့် ဖြစ်သည်။

တစ်ခါတစ်ရံ ... သူ၏တုံ့ပြန်မှုသည် မထင်မှတ်အောင် မြန်ဆန်လှပေသည်။ စူးရှသောမျက်လုံးအစုံသည် ဝန်းကျင်အား ဝေ့ကြည့်



လျက် ခန္ဓာကိုယ်အား တစ်ပတ်လှည့်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် တစ်ပတ်မပြည့်မီ တုံ့ခနဲရပ်တန့်သွားလေသည်။ အလွန်လှပသော မျက်ဝန်းအစုံနှင့် တွေ့ကြုံလိုက်ရသည် မဟုတ်ပါလော။

ယခင်က ... ထိုမျက်ဝန်းအစုံသည် ကြည်လင်တောက်ပလျက် ရွှန်းလက်နေခဲ့သည်။ သို့သော် ... ယခု ထိုမျက်ဝန်းအစုံသည် တောက်ပခြင်း ကင်းမဲ့သကဲ့သို့ ရွှန်းလဲ့ခြင်းလည်း မရှိပါချေ။

သူမ၏မျက်လုံးများမှ မျက်ရည်များ ကျရလွန်း၍လောမသိ ... အနည်းငယ် စိုစွတ်နေလေသည်။ ၎င်းပြင် ... ထိုမျက်ဝန်းအစုံမှာ ကြေကွဲလွမ်းဆွတ်ရိပ်များအား တွေ့မြင်နေရလေသည်။

ဤသို့ဆိုလျှင် ... ထိုမျက်ဝန်းပိုင်ရှင်သည် မည်သူဖြစ်မည်နည်း။

သူမကား တခြားလူမဟုတ်ပါ။ ဒေါင်းမင်းဂေဟာသခင်မလေး ချန်းစုံထန်ပင် ဖြစ်လေတော့သည်။

✻

ချန်းစုံထန်သည် သူ့အား ငေးမော၍ကြည့်နေ၏။ ကို့ကျဲ

ကျုံးလီကလည်း သူမအား ငေးငိုင်လျက် ကြည့်နေမိလေသည်။ ထို တဒင်္ဂ၌ ... သူတို့နှစ်ယောက်သည် ဝန်းကျင်ကိုသော်လည်းကောင်း၊ အသက်ရှူမှုန်ကိုသော်လည်းကောင်း မေ့လျော့နေကြလေသည်။

'ဂျိမ်း'

ရုတ်တရက် ... ကျယ်လောင်သောမိုးကြိုးပစ်သံကြောင့် သူတို့နှစ်ယောက်သည် သတိလက်လွတ် ငေးမောကြည့်ရှုနေရာမှ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားလေသည်။

ကို့ကျဲကျုံးလီသည် သူမအနီးသို့ လျှောက်သွားသည်။

"ချန်းစုံထန် ... မင်း ဒီကို ဘယ်လိုလုပ်ရောက်နေတာလဲ"

ချန်းစုံထန်သည် သူ့အား စိုစွတ်သော မျက်ဝန်းအစုံဖြင့် ကြည့်လိုက်၏။ သို့သော် ... သူမ၏နှုတ်ခမ်းအစုံကမူ ပြုံးယောင် သမ်းလျက် ...

"ရှင်ရော"

ကို့ကျဲကျုံးလီသည် ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျုပ်လား ... ကျုပ်က ခရီးသွားရင်း မိုးရွာလာလို့ ဝင်ခို တာပါ"

ချန်းစုံထန်သည် ပြုံးလျက် ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်မလည်း ခရီးသွားရင်း မိုးမိလို့လေ၊ အဲဒါ



ကျွန်မလိုပဲ ခရီးသွားရင်း မိုးမိတဲ့ခရီးသည်ရှိခဲ့ရင် လာပြီး နားခိုလို့ရ အောင် ဒီနေရာမှာ အသင့်တွေ့ထားတဲ့ မီးအိမ်ကို ထွန်းထားတာပါ"

ကို့ကျဲကျုံးလီက ဘဝင်မကျနိုင်အောင် ဖြစ်သွားရလေ သည်။ သူသည် ချန်းစုံထန်မှ တစ်စုံတစ်ရာ လိမ်ညာပြောဆိုနေ ကြောင်း ရိပ်စားမိလိုက်သဖြင့် မေးမြန်းရန် ပါးစပ်ပြင်လိုက်သည်။

ထိုတဒင်္ဂမှာပင် ... ချန်းစုံထန်သည် အရက်အိုးတစ်လုံးကို မြှောက်ပြလိုက်သည်။

"စကားမများနဲ့၊ ဒီအချိန်ဟာ အရက်သောက်ပြီးမှ စကား ပြောသင့်တဲ့အချိန်ပဲ"

ပြောပြီး အရက်အိုးအား နှုတ်ခမ်းတွင်တေ့ကာ မော့ သောက်လိုက်သည်။ ယခုမှ ... ကို့ကျဲကျုံးလီသည် မိမိ၏ခန္ဓာကိုယ် တစ်ခုလုံး အေးစက်နေမိသည်ကို သတိရလာလေသည်။

သူသည် ချန်းစုံထန် အရက်သောက်နေသည်ကိုကြည့်ကာ အရက်သောက်လိုသည့်ဆန္ဒများ ပြင်းပြလာသည်။ ယင်းကြောင့် ... တံတွေးတစ်ချက် မျိုချလိုက်သည်။

ချန်းစုံထန်သည် အရက်အိုးကို မော့သောက်နေသော်လည်း သူ့အား စိုက်ကြည့်နေလေသည်။ ထို့ကြောင့် ကို့ကျဲကျုံးလီ တံတွေး မျိုချသည်ကို ကောင်းစွာတွေ့မြင်လိုက်သည်။

သူမက လှပစွာ ပြုံးပြလိုက်သည်။

"ရော့"

ရှတ်တရက် ... အရက်အိုးကို ကို့ကျဲကျုံးလီထံ ကမ်းပေးလိုက်သည်။

ကို့ကျဲကျုံးလီသည် အရက်အိုးအား လှမ်းယူကာ ကမန်းကတန်း မော့ချလိုက်လေသည်။ ချိုမွှေး၍ ပူးနွေးနေသော အရက်များသည် သူ၏လည်တိုင်တစ်လျှောက်ဖြတ်သန်းကာ ဝမ်းဗိုက်ထဲသို့ ရောက်ရှိသွား၏။

"အား ... အရသာရှိလိုက်တာ"

သူသည် စကားကိုဆုံးအောင် မပြောနိုင်ပါ။ မျက်လုံးများ မှေးစင်းကျလာကာ ခေါင်းငိုက်စိုက်ကျ၍ နောက်ဆုံးတွင် နှစ်ခြိုက်စွာ အိပ်မောကျသွားခဲ့လေတော့သည်။

✳

ညကန့်လန့်ကာကိုဖွင့်လိုက်သည်နှင့် နေမင်းသည် အရှေ့ဘက်မှ ခေါင်းပြူလာပြီဖြစ်သည်။

နွေးထွေးသောနေရောင်ခြည်က အိမ်ပျက်ကြီး၏ပြတင်းပေါက်မှတစ်ဆင့် ကြမ်းပြင်ပေါ်တွင် လဲလျောင်းအိပ်ပျော်နေသော ကို့ကျဲကျုံးလီ၏မျက်နှာပေါ်သို့ ထိုးကျလာသောအခါ သူသည် တစ်ချက်လူးလွန့်၍ နိုးလာလေသည်။



သူသည် အိပ်ရာမှနိုးထလာသောအခါ ဦးခေါင်းတစ်ခုလုံး ကြည်ကြည်လင်လင်ဖြစ်ကာ ခန္ဓာကိုယ်မှာ ပေါ့ပါးလန်းဆန်းနေလေသည်။

ယင်းကြောင့် ... ချန်းစုံထန် မနေ့ညက တိုက်ခဲ့သောအရက်သည် သာမန်အရက်မဟုတ်ဘဲ တစ်စုံတစ်ခုသော အတွင်းအားတိုးဆေးရည် ဖြည့်စွက်ပါဝင်ကြောင်း နားလည်လိုက်လေသည်။

သူသည် ရုတ်ခြည်းပင် ဝန်းကျင်အား မျက်လုံးဝေ့ကာ ချန်းစုံထန်အား ရှာဖွေကြည့်လိုက်သည်။ သို့သော် ... ချန်းစုံထန်၏ အရိပ်အယောင်မျှကိုပင် မတွေ့ပါချေ။

သူသည် ချန်းစုံထန် ပြန်လည်ထွက်သွားပြီဟု နားလည်လိုက်သည်။ ထို့ကြောင့် ... ဒေါင်းမင်းလက်နက်ပုန်း ထည့်ထားသော သေတ္တာအား ဆွဲကိုင်လျက် ပန်းပေါင်းစုံတောင်ကြားဆီသို့ ခရီးဆက်ခဲ့လေတော့သည်။

✳ ✳ ✳

## အခန်း (၂၂)
## သားကောင်မဟုတ်သော မုဆိုး

ကောင်းကင်ပေါ်တွင် လဝန်းမရှိပါ။

ကြယ်ကလေးများသည်လည်း မိုးသားများအောက်တွင် ငုပ်လျှိုးပျောက်ကွယ်နေသည်။ ထို့ကြောင့် … မြင်ကွင်းအားလုံးသည် မှောင်မည်းနေလေသည်။ အထူးသဖြင့် … မန်းပေါင်းစုံတောင်ကြားသည် မြို့ထဲထက် ပို၍မည်းမှောင်နေသည်။

မြို့ထဲတွင် လူနေအိမ်ခြေများမှလည်းကောင်း၊ စားသောက်ဆိုင်နှင့် တည်းခိုခန်းများမှလည်းကောင်း၊ လူအများ သွားလာရာတွင် ကိုင်ဆောင်ထားသော မီးပုံးအိမ်များမှလည်းကောင်း မီးရောင်များရှိနေသည် မဟုတ်ပါလော။

မည်သို့ဆိုစေ … ပန်းပေါင်းစုံတောင်ကြား၏ လျှို့ဝှက်မြေအောက်လိုဏ်ဂူတစ်ခု၌မူ ညလင်းပုလဲရောင်များကြောင့် ဖျော့တော့ဝါကြင့်ကြင့်မီးရောင်ရှိနေသေးသည်။



ထိုမီးရောင်ကြောင့် လျှို့ဝှက်မြေအောက်လိုဏ်ဂူထောင့်ရှိ မီးဖိုအနီးတွင် ထင်းများကို တစ်ချောင်းချင်းထည့်ကာ ရေနွေးအိုးကျိုနေသော ဝမ်းစွေချင်းအား တွေ့မြင်လိုက်ရလေသည်။

မီးပုံမှ မီးလျှံများသည် လေတိုက်ခတ်ခြင်း မရှိသော်လည်း အနည်းငယ် ယိမ်းထိုးကခုန်နေကြသည်။ ယင်းကြောင့် … မီးပုံအနီးတွင် ထိုင်နေသော ဝမ်းစွေချင်း၏မျက်နှာလေးသည် မီးရောင်ဟပ်ကာ နတ်မိမယ်လေးတမျှ ချောမောလှပနေလေသည်။

နီပွန်သိုင်းသမားလောက်တိန်သည် သူမနံဘေးတွင် ငြိမ်သက်စွာထိုင်လျက် ကွမ်းများ အဆက်မပြတ်ဝါးနေသည်။ သူ၏ခန္ဓာကိုယ်သည် မြေကြီးပေါ်တွင် ငြိမ်သက်စွာထိုင်နေသော်လည်း မျက်ဝန်းအစုံကမူ ဂနာမငြိမ်ဖြစ်နေလေသည်။

ထိုဂနာ မငြိမ်ဖြစ်နေသောမျက်ဝန်းအစုံသည် ဝမ်းစွေချင်း၏ခန္ဓာကိုယ်ပေါ်ရှိ ရှိုက်ကြီးဖိုငယ်အသွယ်သွယ်တို့အား တပ်မက်စွာ အပြန်ပြန်အလှန်လှန်ကြည့်ရင်း မကြာခဏဆိုသလို တံတွေးများ အကြိမ်ကြိမ်မျိုချနေလေသည်။

ကြိုးတန္တွေကျောက်စုစုနှင့် ဓားပါရဂူအစ်ကိုကြီးကျူး တို့ကမူ ကျောက်ကုလားထိုင်နှစ်လုံးတွင် မျက်နှာချင်းဆိုင်ထိုင်လျက် နီပွန်သိုင်းသမားလောက်တိန်အား ကြည့်နေသည်။

ဓားပါရဂူအစ်ကိုကြီးကျူးသည် ကြိုးတန္တေကျောက်စုစုအား တီးတိုးပြောလိုက်သည်။

"ကြိုးတန္တေ"

ကြိုးတန္တေကျောက်စုစုက သူ့အား လှည့်ကြည့်လိုက်သည်။

"ဟုတ်တယ်၊ သူဟာ အဲဒီမိန်းကလေးကို တစ်ချိန်လုံး မျက်တောင်မခတ်ကြည့်နေတယ်၊ ဒါဟာ ကျုပ်တို့အတွက် အခွင့်အရေးတစ်ခုပဲ"

ဓားပါရဂူအစ်ကိုကြီးကျူးသည် သူ့အား နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်ကာ ကြည့်လိုက်သည်။

"ခင်ဗျားစကားက ဘာအဓိပ္ပာယ်လဲ"

ကြိုးတန္တေကျောက်စုစုသည် ခန္ဓာကိုယ်အား ရှေ့သို့ကိုင်းကာ အသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

"သူဟာ ဒေါင်းမင်းလက် နက်ပုန်းထက် ဒီမိန်းကလေးကို တပ်မက်နေမှတော့ မိန်းကလေးကို ရအောင် အခွင့်အရေးကြံစည်ပေးပြီး သူ့အတွက် ဂိုဏ်းခွဲမှူးရာထူး ပေးရုံပဲ"

ဓားပါရဂူအစ်ကိုကြီးကျူးက အနည်းငယ် စဉ်းစားလိုက်သည်။ သူ၏မျက်လုံးများ တစ်ချက်ဝင်းလက်သွားလေသည်။

"ဒါဆိုရင် သိုင်းလောကကို စိုးမိုးဖို့ ဂိုဏ်းတစ်ခုထူထောင်ချိန်



မှာ ဂိုဏ်းချုပ်ကြီးဟာ ကျုပ်တို့နှစ်ယောက်ထဲက တစ်ယောက်ဖြစ်ရမှာပေါ့"

ကြိုးတန္တေကျောက်စုစုက ခေါင်းညိတ်ပြလိုက်လေသည်။

ယင်းအချိန် ...

နီပွန်သိုင်းသမားလောက်တိန်သည် ဝမ်းစွေချင်းအား စိုက်ကြည့်ရာမှ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချဟန်ဖြင့် ထရပ်လိုက်သည်။ ယင်းနောက် ... ဝမ်းစွေချင်းထံသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။

ကြိုးတန္တေ ကျောက်စုစုက ကမန်းကတန်း ဟန့်တားလိုက်သည်။

"လောက်တိန် ... မင်း ဘာလုပ်မလို့လဲ"

နီပွန်သိုင်းသမားလောက်တိန်က သူတို့အား လှည့်မကြည့်ပါ။ ဝမ်းမိန်းကလေးအနီးတွင် ရပ်တန့်လိုက်သည်။

"ကျုပ် ဒီမိန်းကလေးကို ဒီအတိုင်း အလကြည့်မနေချင်တော့ဘူး"

ကျောက်စုစု မျက်လုံးများ ပြူးကျယ်သွားလေသည်။

"ဟေ့ ... မင်း ဒီလိုလုပ်လို့မရဘူးနော်၊ ကို့ကျဲကျုံးလီ ပြောတဲ့စကားကို မင်း မှတ်မိပါ"

လောက်တိန်က ချာခနဲလှည့်ကြည့်လိုက်သည်။

"ခင်ဗျား သူ့ကို မျှော်လင့်နေတုန်းပဲလား၊ အခု ကိုးရက်နဲ့ ကိုးည ရှိသွားပြီ၊ သူပြန်လာမယ် မထင်တော့ဘူး"

ဓားပါရဂူအစ်ကိုကြီးကျူးသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"လောက်တိန် ... သူ့ကို ကျုပ်တို့က ဆယ်ရက်အချိန်ပေးထားတယ်လေ၊ မနက်ဖြန် သူ ကျိန်းသေပြန်ရောက်လာမှာပါ၊ သူနဲ့ အတူ ဒေါင်းမင်းလက်နက်ပုန်း ပါလာလိမ့်မယ်"

လောက်တိန်၏မျက်ခုံးအစုံ ပင့်တက်သွားသည်။

"သေချာလှချည်လား"

ဓားပါရဂူအစ်ကိုကြီးကျူးသည် သူ့အား စေ့စေ့ကြည့်လိုက်သည်။

"သေချာပါတယ်၊ သူဟာ အင်မတန် သစ္စာတရားကြီးမားတဲ့လူတစ်ယောက်ဆိုတာ ကျုပ် သိတယ်"

လောက်တိန်သည် အားပါးတရ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... လောကပေါ်မှာ ကိုယ့်အသက်ထက် သူများအသက်ကို ဘယ်သူကရစိုက်နိုင်မှာလဲ၊ ဒါကြောင့် လက်နက်ပုန်း ကျုပ်တို့လက်ထဲရောက်ပြီးရင်လည်း သူတို့ကို ဒီအတိုင်း လွှတ်



မပေးဘူးဆိုတာ သူ မသိဘဲနေပါ့မလား"

ကျောက်စုစုက ကြားဖြတ်ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့က သူ့ကို မနက်ဖြန်အထိ စောင့်သင့်တယ်"

လောက်တိန်သည် ဝမ်းရွှေချင်းအား တပ်မက် မျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"သူလာမှ မီးစင်ကြည့်ကမယ်၊ အခုတော့ ကျုပ် ဒီမိန်းကလေးကို အလှမကြည့်ချင်တော့ဘူး"

ကျောက်စုစုက သူ၏စကားကြောင့် မျက်နှာတစ်ခုလုံး နီရဲလာလေသည်။ သူသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

'ချွမ်း'

သူ၏ဓားရှည်သည် ကျောက်နံရံပေါ်သို့ စိုက်ဝင်သွားလေသည်

နီပွန်သိုင်းသမားလောက်တိန်၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။ သူသည် ဝမ်းရွှေချင်းအား မချင့်မရဲဖြင့် တစ်ချက်ကြည့်ကာ မူလနေရာတွင် ပြန်ထိုင်ချလိုက်၏။

အမှန်တွင် ... သူသည် ဓားပါရဂူ အစ်ကိုကြီးကျူးအား ထိတ်လန့်တုန်လှုပ်၍ မဟုတ်ပါ။ အကယ်၍ ... ဓားပါရဂူအစ်ကိုကြီး

ကျူးနှင့် ရင်ဆိုင်တိုက်ခိုက်ပါလျှင် ကြိုးတန္တွေကျောက်စုစုသည် ဤအတိုင်း ကြည့်နေမည်မဟုတ်ဟု ယုံ ကြည်ထား၏။

ဤသို့ဆိုပါလျှင် ... သူသည် နှစ်ယောက်နှင့်တစ်ယောက် ယှဉ်ပြိုင်ရတော့မည်ဖြစ်သဖြင့် မိမိဘက်မှ အနိုင်ရရန် သုံးပုံတစ်ပုံသာ ရှိတော့သည်။

သူသည် အံကိုတင်းတင်းကြိတ်ကာ အေးတိအေးစက်ဖြင့် ပြောလိုက်သည်။

"ကောင်းပြီ၊ အခု ကျုပ် ဒီအတိုင်း ထိုင်နေမယ်၊ လှံမင်းသားကို့ကျဲကျူးလီ ရောက်လာရင်တော့ ကျုပ် ဒီမိန်းကလေးကို ရအောင်ယူရမယ်"

တားပါရဂူအစ်ကိုကြီးသည် သူ၏စကားကြောင့် အလွန်ဝမ်းသာသွားသည်၊၊ ထို့ကြောင့် ... ကျောက်နံရံပေါ်တွင် စိုက်ဝင်နေသောမိမိ၏ဓားကိုပင် နှုတ်မယူနိုင်တော့ဘဲ လောက်တိန်အနီးသို့ လျှောက်လာလေသည်။

"လောက်တိန် ... မင်းက ဒီမိန်းကလေးကလွဲပြီး ဒေါင်းမင်းလက်နက်ပုန်းကိုတောင်မှ စိတ်မဝင်စားတော့ဘူးလား"

လောက်တိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ တစ်ခုတော့ရှိတယ်၊ ကို့ကျဲကျူးလီရောက်လာရင် သူ့ကို ခင်ဗျားတို့နှစ်ယောက်က ထိန်းထားရမယ်၊ ကျုပ်က ဒီမိန်းကလေးကို ရအောင်ယူမယ်"

ကြိုးတန္တွေကျောက်စုစုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်တို့နှစ်ယောက် ထိန်းထားရင် မင်းနဲ့ ဒီမိန်းကလေးကြား‌မှာ သူ မနှောင့်ယှက်နိုင်ပါဘူး"

ထိုအချိန် ... စကားတစ်ခွန်းမျှမပြောဘဲ ငြိမ်သက်စွာထိုင်နေသော ဝမ်းမိန်းကလေးသည် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

"ဟော ... သူပြန်လာပြီ"

အားလုံးသောသူများသည် သူမ၏စကားကြောင့် လိုဏ်ဂူပေါက်ဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်သည်။

ထိုအခါ ... ကို့ကျဲကျူးလီသည် အနီရောင်ကတ္တီပါစဖြင့် ထုပ်ထားသော သေတ္တာတစ်လုံးအား ပိုက်ကာ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

*

ကို့ကျဲကျူးလီသည် အနီရောင်ကတ္တီပါစဖြင့် ထုပ်ပိုးထားသော သေတ္တာတစ်လုံးအားပိုက်ကာ လှမ်းဝင်လာသည်။ ကြိုးတန္တွေ

ကျောက်စုစုက အော်ဟစ်ဟန့်တားလိုက်သည်။

"ရပ်လိုက်"

ကို့ကျဲကျုံးလီက ခြေလှမ်းရပ်တန့်လိုက်သည်။ သူသည် ဝမ်းစွေချင်းအား စိုးရိမ်စွာဖြင့် လှမ်းကြည့်လိုက်သည်။

"ဝမ်းမိန်းကလေး မင်း ဘာဖြစ်သေးလဲ"

ဝမ်းစွေချင်းသည် ထရပ်ဟန်ပြင်လိုက်သည်။ နီပွန်သိုင်းသမားလောက်တိန်က သူမ၏လည်တိုင်အား ဓားဖြင့် ထောက်ထားလိုက်သည်။

"ငြိမ်ငြိမ်နေစမ်း ... မျက်စိနောက်အောင်မလုပ်နဲ့"

ဝမ်းစွေချင်း၏မျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်သောဟန်မူရာများ ပေါ်လွင်လာလေသည်။ သူမသည် ဖြည်းညင်းစွာပြောလိုက်သည်။

"ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ဒါနဲ့ ရှင် ဒေါင်းမင်းလက်နက်ပုန်းရခဲ့ရဲ့လားဟင်"

ကို့ကျဲကျုံးလီက သူမအား ကရုဏာသက်စွာ ကြည့်လိုက်သည်။

"ရခဲ့ပါတယ်၊ မင်း ဘာမှမဖြစ်စေရဘူး၊ စိတ်အေးအေးထားပါ"



သူသည် လက်ထဲမှ သေတ္တာအား မြှောက်ပြလိုက်သည်။

"ဟော့ ... ဒီမှာ ခင်ဗျားတို့လိုချင်တဲ့ ဒေါင်းမင်းလက်နက်ပုန်းပါလာပြီ၊ ဒါကြောင့် ဝမ်းမိန်းကလေးကို လွှတ်လိုက်ပါ၊ ပြီး ကျုပ်ရဲ့လှံတိုနှစ်ချောင်းကို ပြန်ပေးပါ"

နီပွန်သိုင်းသမားလောက်တိန်သည် အားပါးတရ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဒီလောက်လွယ်ပါ့မလား၊ ခင်ဗျားရဲ့လက်ထဲက ဒေါင်းမင်းလက်နက်ပုန်းကိုရမှပဲ ကျုပ်တို့က သူ့ကိုလွှတ်ပေးမယ်၊ အဲဒီအချိန်ကျမှပဲ လှံတိုနှစ်ချောင်းကိုလည်း ပြန်ပေးနိုင်မယ်"

ကို့ကျဲကျုံးလီ၏ရင်ထဲ ခံပြင်းလာလေသည်။

"ခင်ဗျားတို့ဟာ အင်မတန်ကြမ်းကြုတ်တဲ့ကြေးစားတွေပါ၊ ဒါကြောင့် ကျုပ် မယုံဘူး"

ကြိုးတချွေကျောက်စုစုက ကြားဖြတ်လိုက်သည်။

"ကြေးစားလည်း လူပဲ၊ ခင်ဗျားလည်း လူပဲ၊ ဒါကြောင့် ပုထုဇဉ်လူအချင်းချင်းမှာ ခင်ဗျားက ကျုပ်တို့ကို မယုံကြည်ဘူးဆိုရင် ကျုပ်တို့ကတော့ ခင်ဗျားကို ယုံကြည်ရမတဲ့လား"

ကို့ကျဲကျုံးလီသည် အံကို တင်းတင်းကြိတ်လိုက်လေသည်။

သူသည် မည်သို့ပြုလုပ်ရမည်ကို ငြိမ်သက်စွာ စဉ်းစားနေသည်။ အမှန်တွင် ... သူသည် ဒေါင်းမင်းလက်နက်ပုန်းအား ဒေါင်းမင်းဂေဟာသို့ ပြန်ပေးရန် ဆုံးဖြတ်ထားရာ ဝမ်းမိန်းကလေးအား ကယ်တင်ပြီးသည်နှင့် တစ်ပြိုင်နက် လောက်တိန်တို့သုံးယောက်အား တိုက်ခိုက်ရန် ဆုံးဖြတ်ထားသည် မဟုတ်ပါလား။

သို့သော် ...လောက်တိန်တို့သည် အလွန်ပါးနပ်၍ ကောက်ကျစ်စဉ်းလဲကြသူများဖြစ်သဖြင့် သူ့အား အကျပ်ကိုင်နေချေပြီ။

ယင်းအချိန် ... အခြေအနေကိုစောင့်ကြည့်နေသော ဓားပါရှုရူ အစ်ကိုကြီးကျူးက ကြားဖြတ်ပြောလိုက်လေသည်။

"ဒီလိုလုပ်ကြမယ် ... လောက်တိန်က ဝမ်းမိန်းကလေးကို အခန်းထဲ ခေါ်သွားပါ၊ ကျုပ်တို့က ဒေါင်းမင်းလက်နက်ပုန်း ရပြီးပြီဆိုရင် သူ့ကို ကို့ကျဲကျူးလီလက်ထဲ ပြန်ထည့်ပေးလိုက်ကြတာပေါ့"

လောက်တိန်က ပြုံးလိုက်သည်။ အလွန်ကောက်ကျစ်စဉ်းလဲသော အပြုံးဖြစ်သည်။ သူသည် ဓားပါရှုရူအစ်ကိုကြီးကျူးသည် မိမိအတွက် ဝမ်းဇွေချင်းအား သိမ်းပိုက်ခွင့်ပေးလိုက်ကြောင်း နားလည်လိုက်မိသည် မဟုတ်ပါလား။

"ကောင်းပြီ၊ ခင်ဗျားတို့ ဒေါင်းမင်းလက်နက်ပုန်းကို သိမ်း



ပိုက်ပြီးရင် ကျုပ်က သူ့ကို လွှတ်ပေးမယ်"

ပြောပြီး ဝမ်းဇွေချင်းအား ကြမ်းတမ်းစွာ ဆွဲလိုက်ရင်း အိမ်ခန်းထဲသို့ ဆွဲခေါ်သွားလေသည်။ ကို့ကျဲကျူးလီသည် ကမန်းကတန်း ဟန့်တားလိုက်သည်။

"ဟေ့ ... နေဦး"

သူက ယင်းသို့အော်ဟစ်ဟန့်တားကာ လောက်တိန်နောက်သို့လိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ... ကြိုးတချွေကျောက်စုစုနှင့် ဓားပါရှုရူအစ်ကိုကြီးကျူးတို့သည် သူ၏သွားလာရာလမ်းအား ရှေ့မှ ပိတ်ဆို့ဟန့်တားလိုက်ကြလေသည်။

"ကို့ကျဲကျူးလီ ... မင်းဟာ အခြေအနေကို တွက်ဆတတ်တဲ့ လူရွယ်တစ်ယောက်ပါ၊ ဒါကြောင့် အခုအချိန်မှာ ဘယ်ကိစ္စကို အရင်ဆောင်ရွက်သင့်တယ်ဆိုတာ နားလည်မှာပါ"

ဓားပါရှုရူအစ်ကိုကြီးကျူးသည် ယင်းသို့ပြောရင်း လက်ဖြန့်ထားလိုက်လေသည်။ ကို့ကျဲကျူးလီ၏နဖူးပြင်မှချွေးများ စို့လာလေသည်။ သူသည် အံကိုတင်းတင်းကြိတ်ကာ ဝမ်းဇွေချင်းအား ခေါ်သွားသော အခန်းဆီသို့ မျက်လုံးမှေ့ကြည့်လိုက်သည်။

ယင်းအချိန် ...

ထိုအခန်းထဲမှ ရုန်းကန်အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

"လွှတ် ... လွှတ် ... ဒီလိုမလုပ်နဲ့၊ ဒီလိုမလုပ်ပါနဲ့ရှင် ... ကျွန် ... ကျွန်မ တောင်းပန်ပါတယ်"

ဝမ်းရွှေချင်း၏သနားစဖွယ် တောင်းပန်တိုးလျှိုးသံသည် ကို့ကျဲကျုံးလီ၏ခန္ဓာကိုယ်အား တစ်ချက်တုန်ခါသွားစေလေသည်။

သူသည် အံကိုတင်းတင်းကြိတ်ကာ စဉ်းစားခြင်းပင် မပြုတော့ဘဲ ကတ္တီပါအနီရောင်စဖြင့် ထုပ်ပိုးထားသော ဒေါင်းမင်းလက်နက်ပုန်းထည့်ထားသည့် သေတ္တာအား ဓားပါရဂူအစ်ကိုကြီးကျူး၏လက်ထဲသို့ ထည့်ပေးလိုက်လေတော့သည်။

*

လောက်တိန်သည် ဝမ်းရွှေချင်းအား ကြမ်းတမ်းစွာ ဆွဲခေါ်လာသည်။ ဝမ်းရွှေချင်းသည် အော်ဟစ်ရုန်းကန်ရင်း သူ့အား ကုတ်ဖဲ့နေလေသည်။

"လွှတ် ... လွှတ် ... ဒီလိုမလုပ်ပါနဲ့၊ ဒီလိုမလုပ်ပါနဲ့ရှင် ... ကျွန် ... ကျွန်မ တောင်းပန်ပါတယ်"



သူမသည် အော်ဟစ်ရုန်းကန်နေသည်။ ရုတ်တရက် ... သူမ၏လက်ချောင်းများသည် မိမိအင်္ကျီရင်ဘတ်အား ဆွဲကုတ်မိရာ အင်္ကျီစုတ်ပြဲသွားပြီး ဝင်းဝါတင်းရင်းသော အသားစိုင်များ ထင်ရှားစွာ ပေါ်လွင်လာလေသည်။

နီပွန်သိုင်းသမားလောက်တိန်၏ မျက်လုံးအစုံသည် ရမ္မက်ခိုးများဖြင့် ပြူးကျယ်သွားလေသည်။ သူက ဝမ်းရွှေချင်းအား ခုတင်ပေါ်သို့ တွန်းလှဲကာ ခုန်အုပ်လိုက်သည်။

ဝမ်းရွှေချင်းသည် မည်သို့မျှ အင်အားချင်းမမျှသဖြင့် ရုန်းကန်ခြင်းမပြုတော့ပါ။ နီပွန်သိုင်းသမားလောက်တိန်က ကျေနပ်စွာ ပြုံးလျက် ဓားကို နံဘေးတွင်ချ၍ သူမ၏အင်္ကျီခါးစည်းကြိုးစအား ဆွဲဖြည်ရန် ဟန်ပြင်လိုက်သည်။

ယင်းတဒင်္ဂလေးမှာပင် ... ဝမ်းရွှေချင်းသည် နံဘေးတွင်ချထားသော ဓားကိုလက်ဖြင့် ဖြည်းညင်းစွာ စမ်းလိုက်လေသည်။

သူမ၏လက်သည် ကံကောင်းထောက်မစွာဖြင့် ဓားရိုးအား ဆုပ်ကိုင်မိသွားခဲ့ရာ မိမိ၏ခန္ဓာပေါ်၌ အုပ်မိုးထားသော နီပွန်သိုင်းရာဇာ လောက်တိန်၏နံကြားသို့ ထိုးထွင်းလိုက်လေတော့သည်။

*

ဓားပါရဂူအစ်ကိုကြီးကျူးသည် အနီရောင်ကတ္တီပါစဖြင့် ထုပ်ပိုးထားသော ဒေါင်းမင်းလက်နက်ပုန်းထည့်ထားသည့် သေတ္တာလေး လက်ထဲသို့ရောက်ရှိသည်နှင့်တစ်ပြိုင်နက် မျက်နှာပေါ်တွင် လောဘရမ္မက်၏အဆီခိုးများ ပျံတက်လာသည်။

သူသည် သေတ္တာလေးအား ကျောက်စားပွဲပေါ်သို့တင်ကာ အနီရောင်ကတ္တီပါစအား ဖြည်ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန် ... ကြိုးတစ်ချောင်းသည် သူ၏လက်အား ရစ်ပတ်လာလေသည်။ သူ၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ကြိုးတစ္ဆေ ... ဒါက ဘာသဘောလဲ"

ကြိုးတစ္ဆေကျောက်စုစုက သူ့အား စိုက်ကြည့်လိုက်သည်။

"ဒီဒေါင်းမင်းလက်နက်ပုန်းရလာတာဟာ မင်းတစ်ယောက်တည်းရဲ့ အရည်အချင်းကြောင့် ရလာတာမဟုတ်ဘူးနော်၊ ဒါကြောင့် မင်းတစ်ယောက်တည်း အပိုင်စီးပြီး ကိုင်ထားမယ်ဆိုရင် သိုင်းလောကကို စိုးမိုးမယ့် ဂိုဏ်းချုပ်ဟာ မင်းတစ်ယောက်တည်း ဖြစ်သွားမှာပေါ့"

ဓားပါရဂူအစ်ကိုကြီးကျူး၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားလေသည်။ သူသည် ကြိုးတစ္ဆေကျောက်စုစုက မိမိအကြံအား



သိရှိသွားသဖြင့် ရင်ထဲ၌ ခံပြင်းသွားမိသည်။

သို့သော် ... ယခုကဲ့သို့အချိန်မျိုးတွင် မိမိနှင့် ကျောက်စုစုတို့ ပဋိပက္ခဖြစ်ခဲ့ပါလျှင် ကို့ကျဲကျူးလီအား ထိန်းမရဘဲဖြစ်မည်ကို စိုးရိမ်သဖြင့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ မင်းနဲ့ကျုပ်ဟာ ဂိုဏ်းချုပ်နှစ်ယောက် အတူတူဖြစ်သင့်တဲ့လူတွေပဲ၊ ဒါကြောင့် မင်းလည်း ဒေါင်းမင်းလက်နက်ပုန်းကို လာကြည့်ပါ"

လုံမင်းသား ကို့ကျဲကျူးလီ၏ရင်ထဲ ကျိတ်၍ဝမ်းသာမိသွားသည်။

သို့သော် ... သူသည် ကြိုးတစ္ဆေကျောက်စုစုနှင့် ဓားပါရဂူအစ်ကိုကြီးကျူးတို့အား လက်နက်မရှိဘဲ ဝင်တိုက်ခိုက်လျှင် မိမိ၏အသက် အလဟဿ ဆုံးရှုံးသွားမည်ကို ကောင်းစွာနားလည်သဘောပေါက်ထားလေသည်။ ထို့ကြောင့် ... အခြေအနေကို အကဲခတ်ကြည့်နေ၏။

ယင်းအချိန် ... ကျောက်စုစုသည် ဒေါင်းမင်းလက်နက်ပုန်းထည့်ထားသော သေတ္တာလေးဆီသို့ လျှောက်သွားသည်။

လုံမင်းသားသည် ရရှိလာသောအခွင့်အရေးကို လက်လွတ်မခံပါ။ သူက ခြေလှမ်းကို ဖြည်းညင်းစွာရွှေ့လျားလျက် ဝမ်းစွေချင်း

အား လောက်တိန်၏လက်ထဲမှ အရင်ဆုံးကယ်တင်ရန် အခန်းဆီသို့ လျှောက်သွားလေသည်။

ရုတ်တရက် ... သူ၏မျက်လုံးအစုံသည် ကျောက်နံရံတွင် စိုက်ဝင်နေသော ဓားပါရဂူအစ်ကိုကြီးကျူး၏ဓားကို တွေ့မြင်လိုက်သည်။ သူသည် ထိုဓားအား လျှပ်တစ်ပြက်ဆွဲနှုတ်ကာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် အခန်းဆီသို့ လှမ်းသွားလေသည်။

ကျောက်စုစုနှင့်ဓားပါရဂူအစ်ကိုကြီးကျူးတို့သည် ဒေါင်းမင်းလက်နက်ပုန်းနှင့် သေတ္တာတွင် အာရုံရောက်နေကြသဖြင့် သူ၏လှုပ်ရှားမှုကို သတိမပြုမိကြပါချေ။ ယင်းတဒင်္ဂလေးမှာပင် ...

"ယား"

နီပွန်သိုင်းသမား လောက်တိန်၏စူးရှနက်ကျောသော အော်ဟစ်သံသည် ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းအောင် ထွက်ပေါ်လာလေသည်။

ထိုအချိန် ... ဝမ်းစွေချင်းသည် အကျီရင်ဘတ်တစ်ခုလုံး စုတ်ပြဲလျက် ရင်ဘတ်အား လက်နှစ်ဖက်ဖြင့်ပိုက်ကာ ပြေးထွက်လာသည်။

ကျောက်စုစုနှင့် ဓားပါရဂူအစ်ကိုကြီးကျူးတို့၏ ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။



သူတို့သည် ဝမ်းစွေချင်း လွတ်မြောက်သွားပါလျှင် လုံမင်းသားအား ထိန်းချုပ်ရန်မလွယ်ကူကြောင်း နားလည်မိလိုက်သည်။ ထို့ကြောင့် ... ဝမ်းစွေချင်းအား ဖမ်းချုပ်နိုင်ရန် ပြိုင်တူထရပ်လိုက်ကြသည်။

ထိုအချိန်မှာပင် ... လုံမင်းသားသည် လေ၏အဟုန်ဖြင့် သူတို့နှစ်ယောက်အနီးသို့ ရောက်ရှိလာကာ လက်တစ်ချက်ဝှေ့ယမ်းလိုက်လေသည်။

သူ၏လှုပ်ရှားမှုသည် လျင်မြန်၍ တိကျလှပေသည်။ ဓားသည် ကျောက်စုစုနှင့် အစ်ကိုကြီးကျူးတို့၏လည်တိုင်အား ထိုးဖြတ်သွားခဲ့လေသည်။

"အား"

"အင့်"

အစ်ကိုကြီးကျူးနှင့် ကျောက်စုစုတို့သည် စူးရှစွာအော်ဟစ်လျက် ပြိုင်တူလဲကျသွားလေသည်။ ဝမ်းစွေချင်းက ထိတ်လန့်တုန်လှုပ်စွာဖြင့် လုံမင်းသားအနီးသို့ ပြေးလွှားသွားလေသည်။

"အစ်ကိုကြီး ဘာဖြစ်သွားလဲ"

သူမသည် လုံမင်းသား၏ခန္ဓာကိုယ်အား လက်ဖြင့် စမ်းလျက် စိုးရိမ်စွာမေးလိုက်သည်။

"အင်း ... ဘာမှမဖြစ်ပါဘူး၊ မင်းရော"

ဝမ်းစွေချင်းက ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး"

သူမသည် ကို့ကျဲကျုံးလီ၏လက်ကို ဆွဲကိုင်လျက် ထိတ်လန့်တုန်လှုပ်စွာ ပြောလိုက်၏။

"အင်း ... အစ်ကို၊ ကျွန် ... ကျွန်မ ဒီမှာ မနေဝံ့တော့ဘူး၊ ခေါင်းမင်းလက်နက်ပုန်းကိုယူပြီး ခေါင်းမင်းဂေဟာကို သွားနေကြရအောင်နော်"

ကို့ကျဲကျုံးလီက သူမအား စေ့စေ့ကြည့်လိုက်သည်။

"ဝမ်းမိန်းကလေး ... မင်း ဘာဖြစ်လို့ ဒီလောက်ပြောင်းလဲသွားတာလဲ"

ဝမ်းစွေချင်း၏မျက်လုံးအစုံမှ မျက်ရည်များ သွင်သွင်ကျဆင်းလာလေသည်။

"ကျွန် ... ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ ဒီပန်းပေါင်းစုံတောင်ကြားကို မက်မောတွယ်တာမိခဲ့လို့ ဒီလောက် ထိတ်လန့်တုန်လှုပ်စရာတွေနဲ့ တိုးရတဲ့အဖြစ်မျိုးနဲ့ ကြုံခဲ့ရတာ မဟုတ်လား"

ကို့ကျဲကျုံးလီက သက်ပြင်းတစ်ချက်ချလိုက်သည်။ သူသည် ဝမ်းစွေချင်းအား သနားကြင်နာစွာ ကြည့်လိုက်လေသည်။



"ဒါတွေ တွေးမနေပါတော့နဲ့ကွာ၊ ကျုပ်တို့ ဒီနေရာက အမြန်ဆုံး ထွက်သွားပါတော့မယ်"

ပြောပြီး လက်တစ်ဖက်မှ ဝမ်းစွေချင်း၏လက်အား ဆုပ်ကိုင်ကာ ကျန်လက်တစ်ဖက်မှ ခေါင်းမင်းလက်နက်ပုန်းထည့်ထားသော သေတ္တာလေးအား ဆုပ်ကိုင်လိုက်သည်။

ယင်းတခဏ်လေးမှာပင် ...

'ဝှစ်'

ရုတ်တရက် လက်တစ်ဖက်သည် သူ၏လက်ထဲမှ ခေါင်းမင်းလက်နက်ပုန်းထည့်ထားသော သေတ္တာအား ဆွဲလုကာ ကျန်လက်တစ်ဖက်မှ သူ့ရင်ဝအား ရိုက်ချလာလေသည်။

'ဝုန်း'

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ကို့ကျဲကျုံးလီသည် အဝေးသို့ လွင့်စဉ်လဲကျသွားလေသည်။ သူသည် လူးလိမ့်၍ထရပ်လိုက်စဉ် ရင်ဝမှ စူးခနဲနာကျင်လာပြီး နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာသည်။

မိမိမှာ အတွင်းဒဏ်ရာရရှိသွားပြီဟု နားလည်လိုက်ကာ တိုက်ခိုက်လာသူအား မျက်လုံးဝိုင်းကြည့်လိုက်သည်။ သူ၏မျက်လုံးများ အဆမတန် ပြူးကျယ်သွားရလေသည်။

အကြောင်းကား ... ဝမ်းစွေချင်းသည် ဒေါင်းမင်းလက်နက် ပုန်းထည့်ထားသော သေတ္တာအား ကတ္တီပါစမှ ဆွဲကိုင်လျက် မတ်မတ် ရပ်နေသည်ကို တွေ့မြင်လိုက်ရသည်။

သူမသည် ကျားသစ်မလေးတစ်ကောင်အလား အားမာန် အပြည့်ရှိကာ မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်သော ဟန်မူရာ များ ပေါ်လွင်နေလေသည်။

ကို့ကျဲကျုံးလီသည် သူမအား ပြုံးကျယ်သောမျက်လုံးဖြင့် ကြည့်ကာ ...

"မင်း ... မင်း သိုင်းပညာတတ်တယ် ... ဟုတ်လား"

ဝမ်းစွေချင်းသည် သူ၏စကားကိုကြားသဖြင့် မျက်ခုံးကို ပင့်ကာ ကြည့်လိုက်သည်။ ယင်းနောက် စူးရှကျယ်လောင်စွာသော အသံဖြင့် အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား"

❋

ဝမ်းစွေချင်းသည် အားပါတရ ရယ်မောနေသည်။ အတန် ကြာမှ ရယ်မောခြင်းကို ရပ်တန့်လိုက်သည်။



"ကို့ကျဲကျုံးလီ ... ကို့ကျဲကျုံးလီ ... ဒီကမ္ဘာပေါ်မှာ အ,အ ဆုံး၊ အတုံးဆုံးယောကျ်ားဟာ ရှင်ပဲ"

ကို့ကျဲကျုံးလီက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်က မင်း သိုင်းပညာတတ်မှန်း မသိ အောင် အ,ခဲ့တယ်, တုံးခဲ့တယ်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ မင်းက လည်း မာယာတစ်သိန်းနဲ့ ကျုပ်ကို လှည့်စားခဲ့တယ် မဟုတ်လား"

ဝမ်းစွေချင်းက မဲ့ပြုံး ပြုံးလိုက်သည်။

"ဒါပေမဲ့ ရှင်မသိခဲ့လို့ပါ၊ ရှင်နဲ့ကျွန်မ စတွေ့ခဲ့စဉ်မှာ မျက် မမြင်လိုနေထိုင်တဲ့ ကျွန်မဟာ လုံ့မင်းသား ကို့ကျဲကျုံးလီကို အတိ အကျ ဘာကြောင့်ပြောနိုင်သလဲဆိုတာ ရှင်ကသာ ဉာဏ်ကောင်းရင် စဉ်းစားလို့ရတာပဲ"

လုံ့မင်းသားကို့ကျဲကျုံးလီသည် ယခုမှ ထိုအချက်ကို ပြန် လည်မှတ်မိကာ မိမိကိုယ်မိမိ ကျိတ်၍ အပြစ်တင်လိုက်မိသည်။ ထို အချိန် ဝမ်းစွေချင်းက စကားဆက်လိုက်သည်။

"နောက်ပြီး ဖိုမလခြမ်းကျူးမာဝေတို့ ရောက်လာချိန်မှာ လက်နက်မဲ့ဖြစ်နေတဲ့ရှင့်ဆီကို လုံ့တိုနှစ်လက် တန်းတန်းမတ်မတ် ရောက်လာအောင် အတွင်းအားသုံးပြီး ပစ်ပေးနိုင်ခဲ့တာကိုလည်း ရှင် သတိရှိမယ်ဆိုရင် ကျွန်မရဲ့ သိုင်းပညာအဆင့်ကို အကဲခတ်မိသင့်

ပါတယ်"

ကို့ကျဲကျုံးလီသည် ဒုတိယအကြိမ် မိမိကိုယ်မိမိ အပြစ်တင်မိပြန်သည်။ သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... ဒါဆိုရင် ကျုပ်ကို ဒဏ်ရာပြင်းပြင်းထန်ထန်ရအောင် ဝိုင်းတိုက်ပြီးမှ မသတ်ဘဲ မင်းနဲ့တွေ့အောင် ဖန်တီးခဲ့တဲ့ တရားခံဟာ မင်းလူတွေကိုး"

"သိပ်ဟုတ်တာပေါ့၊ အင်း ... ဒီလူတွေဟာ ကျွန်မ အထူးငှားရမ်းခဲ့တဲ့ ကြေးစားတွေပါ၊ သူတို့က ရှင့်ကို ဒဏ်ရာပြင်းပြင်းထန်ထန်ရစေပြီး ကျွန်မက ရှင့်ကို ဆေးကုပေးခဲ့တယ်၊ ပြုစုခဲ့တယ်၊ ဒါတွေဟာ ကျွန်မရဲ့ကြံစည်မှုတွေပါပဲ"

ကို့ကျဲကျုံးလီ၏ရင်ထဲ နာကျင်လာလေသည်။ သူက သူမအား စေ့စေ့ကြည့်လိုက်ပြီး ...

"ကျုပ်ရောက်နေတဲ့ နေရာတိုင်း ဘယ်လောက်ပဲ လျှို့ဝှက်ပါစေ ကြေးစားတွေသိနေတာလည်း မင်းလက်ချက်ပေါ့ ဟုတ်လား"

ဝမ်းစွေချင်းက ပြုံးလိုက်သည်။ အလွန်ရက်စက်ကြမ်းကြုတ်၍ ကြောက်စရာကောင်းသော အပြုံးဖြစ်သည်။

"သိပ်ဟုတ်တာပေါ့၊ ကျွန်မက ရှင်တို့ရှိမယ့်နေရာကို မြေပုံဆွဲပြီး စာပို့ခိုတစ်ကောင်ကို အသုံးချခဲ့တယ်၊ ဒီစာပို့ခိုလေးဟာ ချန်



အန်းမြို့က ကိုးနဂါးသခင်ကြီးရဲ့ဆီကိုရောက်အောင် ပို့ဆောင်ပေးခဲ့တယ်လေ"

ကို့ကျဲကျုံးလီ၏မျက်နှာပေါ်တွင် ခံပြင်းသောဟန်မူရာများ ပေါ်လွင်လာသည်။

"နေပါဦး၊ မင်းနဲ့ကျုပ် ဘာရန်ငြိုးမှမရှိပါဘူး၊ ရန်ငြိုးမရှိတဲ့အပြင် မင်းရဲ့ဂရုစိုက်မှုတွေပေါ်မှာတောင်မှ ကျုပ် အမှန်တကယ် သာယာယစ်မူးခဲ့မိပါသေးတယ်"

ကို့ကျဲကျုံးလီက သူမအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်လေသည်။

"နေစမ်းပါဦး ... ကျုပ်နဲ့ ရန်ငြိုးမရှိဘဲ ဘာဖြစ်လို့ ဒီလောက်တောင်မှ အချိန်ယူပြီး ဒီလိုရက်စက်ယုတ်မာမှုကို ကြံစည်ရတာလဲ"

ဝမ်းစွေချင်း၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာလေသည်။

"ချန်း ... ချန်းမာချူးကြောင့်ပေါ့"

ကို့ကျဲကျုံးလီ၏မျက်ခုံးအစုံ နဖူးပေါ်သို့ ခုန်တက်သွားသည်။

"ဘယ်လို ... ဒေါင်းမင်းဂေဟာသခင်ကြီးကြောင့် ... ဟုတ်လား"

ဝမ်းဧွေချင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သူဟာ ကျွန်မရဲ့မျက်လုံးထဲက ဆူး၊ အစကတည်းကပဲလေ၊ သူနဲ့ကျွန်မဟာ အကြီးအကျယ် ရန်ငြိုးရှိခဲ့လို့ သူနဲ့သစ္စာတရား ကြီးမားတွယ်တာနေတဲ့ ရှင့်ကို တည်ကြက်အဖြစ် အသုံးချပြီး ဒေါင်းမင်းလက်နက်ပုန်းရယူဖို့ ကြံစည်ရတာပဲ"

ကို့ကျဲကျုံးလီသည် မယုံကြည်နိုင်အောင် ဖြစ်သွားရလေသည်။

"မဖြစ်နိုင်ဘူး၊ မင်းအသက်အရွယ်နဲ့ ဒေါင်းမင်းဂေဟာသခင်ကြီးရဲ့ အသက်ဟာ ကွာခြားလွန်းပါတယ်၊ ဘယ်လိုဖြစ်ပြီး ကြီးကျယ်တဲ့ ရန်ငြိုးရှိနိုင်မှာလဲ"

ဝမ်းဧွေချင်း၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာပြီး လွန်စွာကြောက်မက်ဖွယ်ကောင်းအောင် ဖြစ်လာသည်။

"ရှင်နားလည်အောင် ကျွန်မပြောရရင် ကျွန်မဟာ ဝမ်းသမားတော်ကြီးရဲ့သမီးမဟုတ်ဘူး၊ နောက်ပြီး ဝမ်းဧွေချင်းဆိုတဲ့ အမည်နာမဟာ ကျွန်မနာမည်အရင်း မဟုတ်ဘူး"

ကို့ကျဲကျုံးလီက သူမအား စိုက်ကြည့်လိုက်သည်။

"ဒါဖြင့်"

ဝမ်းဧွေချင်းသည် လက်တစ်ဖက်မှ သေတ္တာအား ချည်



နှောင်ထားသော ကတ္တီပါစအား ဆွဲကိုင်လျက် ကျန်လက်တစ်ဖက်မှ အင်္ကျီရင်ဘတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူလိုက်လေသည်။

ထိုအခါ ...

အလွန်လှပသော နဂါးရုပ်တစ်ရုပ်အား နဂါးလေးရှစ်ကောင်က ဝိုင်းရံထားသော ရွှေဘယက်လေးတစ်ခုကို တွေ့မြင်လိုက်ရသည်။

ကို့ကျဲကျုံးလီသည် ထိုဘယက်လေးအား တွေ့မြင်လိုက်သည်နှင့်တစ်ပြိုင်နက် လမုန့်ရာသီပွဲတော်ရက်ဆီက ကိုးနဂါးဂေဟာအိမ်ပျက်ကြီးပေါ်မှ မီးပုံးအိမ်များထွန်း၍ အချက်ပေးကာ ဒေါင်းမင်းဂေဟာသခင်ကြီးအား တိုက်ခိုက်ရန် အားပေးခဲ့သော အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးအား အမှတ်ရလိုက်သည်။

"ကိုးနဂါး"

သူက တီးတိုးရေရွတ်လိုက်မိလေသည်။ ဝမ်းဧွေချင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်မဟာ ကိုးနဂါးသခင်ကြီးရဲ့သမီး၊ ကိုးနဂါးဒေဝီ ချူးဖုံးလျှံပါ"

ကို့ကျဲကျုံးလီ၏မျက်နှာပေါ်တွင် တစ်စုံတစ်ခုအား သဘောပေါက်လာဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ဟုတ်လား ... ဒါဆိုရင် ကျူပ် အစ်ကိုကြီးချန်းပြောတဲ့အ

တိုင်း ငွေရဲတင်း လွှေထင်းရှုန်နဲ့ မင်းဟာ အမှန်တကယ် ပတ်သက်ခဲ့တာကိုး"

ဝမ်းရွှေချင်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဦးလေးလွှေဟာ ဖေဖေ့ရဲ့သစ္စာအရှိဆုံး လူယုံပါ။ သူဟာ ချန်းမာချူးရဲ့ခေါင်းမင်းလက်နက်ပုန်းကြောင့် အခြေအနေမဟန်ဘဲ ကျဆုံးသွားတာတွေ့ရလို့ ကျွန်မကိုထမ်းပြီး ထွက်ပြေးခဲ့တယ်လေ၊ အဲဒီအချိန်တုန်းက ဆယ်နှစ်သမီးဖြစ်တဲ့ ကျွန်မရဲ့နုနယ်တဲ့မျက်လုံးအိမ်တွေဟာ ခေါင်းမင်းဂေဟာအရှင်သခင်ရဲ့ ခေါင်းမင်းဂေဟာအဆိပ်ကြောင့် ကွယ်ခဲ့ရတယ်လေ"

သူမ၏မျက်ဝန်းအစုံတွင် နာကျင်သောဟန်မူရာများ ပေါ်လွင်လာလေသည်။

"ကျွန်မကိုတွေ့တဲ့လူတိုင်းက ချောတယ်,လှတယ်လို့ ပြောကြပေမယ့် မျက်မမြင်တစ်ယောက်ဖြစ်ခဲ့ရတဲ့ ဘဝကို နာကြည်းကြေကွဲအောင် ပံ့ပိုးအားပေးနေကြတယ်လို့ ခံစားခဲ့ရတယ် ...၊

ဦးလေးလွှေနဲ့ ဒီနေရာမှာ ရှောင်ပုန်းရင်း ကျွန်မ ကလဲ့စားချေဖို့ကြိုးစားခဲ့တာ အခုမှပဲ အောင်မြင်တော့တယ်၊ ခေါင်းမင်းဂေဟာက လူတွေအကုန်လုံး ခေါင်းမင်းလက်နက်ပုန်းနဲ့ သေဆုံးစေရမယ်"



ကို့ကျဲကျုံးလီ သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... မင်းရဲ့ခံစားမှုတွေဟာ ဘယ်လောက်ပြင်းထန်ခဲ့မယ်ဆိုတာ ကျုပ် နားလည်ပါတယ်၊ ဒါပေမဲ့ အခုချိန်မှာ ခေါင်းမင်းသခင်ကြီးဟာ နှလုံးခြေလက်ဝါးရိုက်ချက် ဒဏ်ကြောင့် သေဆုံးရတော့မှာပါ၊ ဒါကြောင့် ကလဲ့စားဆိုတဲ့ ရန်ငြိုးတွေ ပြေလိုက်ပါတော့၊ ဒါဆိုရင် ကျုပ် မင်းကို တစ်သက်လုံး စောင့်ရှောက်သွားပါ့မယ်"

ဝမ်းရွှေချင်းက အားပါးတရ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ကျွန်မကို တစ်သက်လုံးစောင့်ရှောက်မယ် ဟုတ်လား"

"ဒါဆိုရင် ရှင် တကယ်ပဲ သခင်မလေး ချန်းစုံထန်ကို မေ့နိုင်ပြီပေါ့"

ကို့ကျဲကျုံးလီက ပါးစပ်ပိတ်ထားလိုက်လေသည်။ ဝမ်းရွှေချင်းသည် ခန္ဓာကိုယ် တုန်ခါလာသည်အထိ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ... ရှင် သူ့ကို မမေ့နိုင်ပါဘူး၊ ဘယ်တော့မှ မေ့နိုင်မှာလည်း မဟုတ်ဘူး၊ ရှင့်ရဲ့ခန္ဓာကိုယ်က ကျွန်မရဲ့အနီးဆုံးမှာရှိနေပေမယ့် ရှင့်ရဲ့နှလုံးသားက ချန်းစုံထန်ဆီမှာ ကျန်ရစ်ခဲ့ပြီ မဟုတ်လား"

ကို့ကျဲကျုံးလီ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... မင်းကသာ ဒီကလဲ့စားချေမှုကို ပြီးဆုံးစေမယ်ဆိုရင် မင်းကို ကျုပ်ရဲ့ခန္ဓာကိုယ်နဲ့နှလုံးသားကို အကောင်းဆုံးပေးဆပ်နိုင်အောင် ကြိုးစားပါ့မယ်"

"ဒါဟာ မရေရာတဲ့စကားပဲ၊ အကုန်မရခဲ့ရင် ကျွန်မက ဘာမှမငို့ချင်ဘူး၊ တကယ်တော့ ချန်းမာချူးဟာ ကျွန်မနှလုံးသားကို နာကျင်စေခဲ့တဲ့ မကောင်းဆိုးဝါးတွေပဲ"

ကို့ကျဲကျုံးလီ၏ရင်ထဲ လေးလံလာလေသည်။

"မင်းကို ကျုပ်တောင်းပန်ပါတယ်၊ ဒီလက်နက်ပုန်းကို ကျုပ်ယူလာစဉ်က သူတို့လက်ထဲ ပြန်အပ်ပါ့မယ်ဆိုတာ အသက်နဲ့ထပ်ပြီး ကတိပေးခဲ့ပါတယ်၊ ဒါကြောင့် မင်းပြန်ပေးပါ၊ ကျုပ်တို့နှစ်ယောက် ဘဝတစ်ခုကို အေးအေးဆေးဆေး လက်တွဲသွားကြမယ်လေ"

ဝမ်းဇွေချင်းက အားပါးတရ ရယ်မောလိုက်သည်။ အတန်ကြာမှ သူမသည် ရယ်မောခြင်းကိုရပ်တန့်ကာ ခေါင်းခါယမ်းလိုက်သည်။

"ဒီခေါင်းမင်းလက်နက်ပုန်းဟာ လူတိုင်းရဖို့မလွယ်တဲ့ အိပ်မက်တစ်ခုပါ။ ဒီပစ္စည်းကို လူတိုင်းမက်မောသလို ကျွန်မလည်း မက်မောတယ်၊ ဒါဟာ ကျွန်မအတွက် တကယ်အရေးကြီးတဲ့ ပစ္စည်းပဲ"



ကို့ကျဲကျုံးလီက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ဝမ်းမိန်းကလေးရယ် ... လောကပေါ်မှာ အမှန်တရား၊ မေတ္တာ၊ သံယောဇဉ် ဒါတွေကတော့ အရေးမကြီးဘူးတဲ့လား၊ အခုလို ကျုပ်ရဲ့မေတ္တာတရားကို စော်ကားနေတာကရော မင်းကိုယ်မင်း စိတ်လုံရဲ့လား"

ဝမ်းဇွေချင်းသည် တွေဝေသွားလေသည်။ သို့သော် ...ရုတ်ခြည်းပင် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မက တမလွန်က မိဘတွေ စိတ်အေးနိုင်ဖို့ ကလဲ့စားချေရလိမ့်မယ်၊ ဒါကြောင့် ရှင့်ရဲ့မေတ္တာတရားကို မျက်ကွယ်ပြုရမှာပါပဲ"

ကို့ကျဲကျုံးလီသည် သူမအား စိုက်ကြည့်လိုက်လေသည်။ ဝမ်းဇွေချင်းက ပြုံးပြလိုက်သည်။

"ဘယ်လို ... ရှင်က ကျွန်မကို ရင်ဆိုင်မယ်ဟုတ်လား၊ အင်းပေါ့လေ ... ကျွန်မက မျက်မမြင်တစ်ယောက်ပဲ၊ အစစအရာရာ ပြည့်စုံနေတဲ့ ချန်းစုံထန်လောက် ဘယ်မှာဆွဲဆောင်မှု ရှိနိုင်မှာလဲ"

လုံမင်းသားက ရှင်းပြရန် ပါးစပ်ပြင်လိုက်သည်။ ဝမ်းဇွေချင်း၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာလေသည်။

"ကို့ကျဲကျုံးလီ ... ရှင့်ကို ကျွန်မ သိပ်မုန်းတယ်၊ ဒီကနေ့ ရှင် သေစေရမယ်"

ပြောပြီး ကတ္တီပါအနီရောင်စကို ဖြည်ကာ သေတ္တာအား ဆွဲဖွင့်လိုက်သည်။

လုံမင်းသား ကို့ကျဲကျုံးလီသည် ရင်ထိတ်သွားသည်။ ဒေါင်းမင်းလက်နက်ပုန်းအား မည်မျှသိုင်းပညာထက်မြက်သည့် ထိပ်သီးသိုင်းသမားများ မရှောင်နိုင်ကြောင်း ကောင်းစွာသဘောပေါက်ထားသည် မဟုတ်ပါလော။

ထိုအချိန်မှာပင် ... ဝမ်းစွေချင်းသည် သေတ္တာထဲမှ ဒေါင်းမင်းလက်နက်ပုန်းအား ဆွဲထုတ်လိုက်ပြီဖြစ်သည်။ သို့သော် ... သူမ၏လက်ထဲတွင် ကျောက်တုံးတစ်တုံးသာ ပါရှိလာလေသည်။

လုံမင်းသား၏မျက်လုံးအစုံသည် အဆမတန် ပြူးကျယ်သွားသည်။ ဝမ်းစွေချင်းသည် မျက်မှောင်ကြုတ်လျက် ကျောက်တုံးအား လက်တစ်ဖက်ဖြင့် အပြန်ပြန်အလှန်လှန် စမ်းနေသည်။ သူမ၏မျက်နှာတစ်ခုလုံး ညိုမည်းလာလေသည်။

"ရှင် ... ရှင် ... လူလိမ် ... လူညာ"

အော်ဟစ်ကာ ရုတ်တရက် ကျောက်တုံးဖြင့် လုံမင်းသားထံသို့ ပစ်ပေါက်လိုက်သည်။



လုံမင်းသားသည် ထိတ်လန့်သွားလေသည်။ဝမ်းစွေချင်းက ကျောက်တုံးပစ်ပေါက်ရာတွင် အတွင်းအားသုံးကာ ပစ်ပေါက်လိုက်ခြင်းဖြစ်သဖြင့် ထိမှန်လိုက်ပါလျှင် သေဆုံးရန်သာရှိကြောင်း နားလည်လိုက်သည်။

သူက ကမန်းကတန်း ခေါင်းငုံ့၍ ရှောင်တိမ်းလိုက်လေသည်။ ကျောက်တုံးသည် သူ၏ဦးခေါင်းအနီးမှ ပွတ်ကာသီကာ ကျော်ဖြတ်သွားလေသည်။

ထိုတဒင်္ဂလေးမှာပင် ... ဝမ်းစွေချင်း၏ခန္ဓာကိုယ်သည် သူ့အနီးသို့ ခုန်ပေါက်ရောက်လာကာ သိမ်းငှက်လက်ချောင်းများပမာ ပခုံးအား ဖမ်းဆုပ်လိုက်သည်။

လုံမင်းသားသည် ခန္ဓာကိုယ်အား ဘေးသို့ ခုန်ထွက်ရှောင်တိမ်းလိုက်ရလေသည်။ သို့သော် ... ဝမ်းစွေချင်းသည် ထက်ကြပ်မကွာ လိုက်ပါလာကာ သူ၏ရင်ဘတ်ဆီသို့ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ဆွဲလိုက်သည်။

ကို့ကျဲကျုံးက နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းလိုက်ရသည်။ သို့ရာတွင် ... သူ၏လှုပ်ရှားမှုထက် ဝမ်းစွေချင်း၏လှုပ်ရှားမှုက ပို၍မြန်ဆန်နေရာ ရင်ဘတ်အား လက်ချောင်းများဖြင့် ကုတ်ဆွဲမိသွား လေသည်။

'ဖြဲ'

သူ၏အင်္ကျီစမှာ ဝမ်းခွေချင်း၏လက်ထဲသို့ ပါရှိသွားတာ ရင်ဘတ်မှ နီရဲသောသွေးများ စိမ့်ထွက်လာလေသည်။ ဝမ်းခွေချင်းက နှာခေါင်းတရှုံ့ရှုံ့ဖြင့်ပြုကာ မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားလေသည်။

"သွေး ... သွေးနံ့ရတယ်၊ ရှင် ဒဏ်ရာရသွားတယ် မဟုတ်လား"

ကို့ကျဲကျုံးလီက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သေလောက်တဲ့ဒဏ်ရာမျိုးတော့ မဟုတ်ပါဘူး"

ဝမ်းခွေချင်းက မဲ့ပြုံးပြုံးလိုက်သည်။

"စိတ်ချပါ ... ရှင် မကြာခင်သေရမှာပါ"

ပြောပြီး ကို့ကျဲကျုံးလီထံသို့ ခုန်ပျံရောက်ရှိလာကာ ဦးခေါင်းအား လက်ငါးချောင်းဖြင့် ကုတ်ဆွဲလိုက်သည်။

ကို့ကျဲကျုံးလီသည် သူမ ယင်းသို့တိုက်ခိုက်လာမည်ကို ကြိုတင်သိရှိထားသည့်အလား မြေပြင်ပေါ်သို့ လှိမ့်၍ ရှောင်တိမ်းလိုက်လေသည်။

ဝမ်းခွေ ချင်း၏လက်ငါးချောင်းသည် ကျောက်မြေပြင်သို့



ကုတ်မိသွားလေသည်။ ကျောက်စကျောက်နများသည် ဖြာထွက်လာသည်။

ကို့ကျဲကျုံးလီ ရင်ထဲ၌ လေးလံလာလေသည်။ ဝမ်းခွေချင်း၏သိုင်းပညာသည် မိမိတတ်ထားသည်ထက်ပင် ကြောက်စရာကောင်းနေသည် မဟုတ်ပါလား။

မိမိက သူ့အား ယခုကဲ့သို့ ဆက်လက်ရှောင်တိမ်းနေပါလျှင် မကြာမီ သေဆုံးရလိမ့်မည်ဟု နားလည်ထား၏။

ထိုအချိန် ... ဝမ်းခွေချင်းသည် ဦးခေါင်းကို စောင်းငဲ့ကာ နားစွင့်နေသည်။ တစ်ဆက်တည်းမှာပင် ... ကို့ကျဲကျုံးလီ၏ လှုပ်ရှားသံ တစ်စုံတစ်ရာ ကြားရှိပါက တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ... ကို့ကျဲကျုံးလီသည် ထူးခြားစွာ ငြိမ်သက်တိတ်ဆိတ်နေလေသည်။ ဝမ်းခွေချင်း မျက်မှောင်ကြုတ်လိုက်သည်။

"ကို့ကျဲကျုံးလီ ... ရှင် သိပ်ကြောက်နေပြီထင်တယ်၊ ဒီလောက်လည်း ခေါင်းဝှက်မနေပါနဲ့ရှင်၊ ကျွန်မက ရှင့်ကို အသေမသတ်ပါဘူး၊ ရှင့်ကို ဖမ်းချုပ်ပြီး ဒေါင်းမင်းဂေဟာက လူတွေ ရောက်လာအောင် သိုင်းလောကကို သတင်းဖြန့်ရုံပါပဲ"

ကို့ကျဲကျုံးလီက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။ သူသည် ဝမ်းခွေချင်းက မိမိမည်သည့်နေရာတွင် ရှိနေကြောင်း သိရှိစေရန်

ဒေါသဖြစ်အောင် ဆွပေးနေခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့် ... ခန္ဓာကိုယ်ပေါ်ရှိ အပေါ်ဝတ်ရုံကို ဖြည်းညင်းစွာ ချွတ်လိုက်သည်။ ဝမ်းဇွေချင်းသည် မသဲမကွဲအသံကြောင့် ခေါင်းကို စောင်းကာ နားစွင့်လျက် ရှိသည်။

ထိုအချိန် ... ကို့ကျဲကျုံးလီသည် ရုတ်တရက် အပေါ်အင်္ကျီ ပစ်လွှတ်လိုက်သည်။ ဝမ်းဇွေချင်းသည် အပေါ်အင်္ကျီပစ်လွှတ်လိုက်ရာသို့ ခုန်ပျံရောက်ရှိသွားကာ လက်ငါးချောင်းဖြင့် ကုတ်ဆွဲလိုက်သည်။

သူမ၏လက်ချောင်းများသည် ပျော့ပျောင်းသော ပိုးသားဝတ်စုံအား ဆုပ်ကိုင်မိသွားလေသည်။ သူမ၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားလေသည်။ ကို့ကျဲကျုံးလီ၏ ထောင်ချောက်ထဲသို့ ရောက်ရှိသွားပြီဟု နားလည်လိုက်သောကြောင့် ဖြစ်သည်။

ထိုအချိန် ... သူမ၏နောက်ကျောမှ အင်အားကြီးမားသော လေတိုးသံများ ထွက်ပေါ်လာသည်။ သူမသည် ထိတ်လန့်သွားကာ ရှေ့သို့ ကျွမ်းပစ်၍ ရှောင်သွားလိုက်သည်။

သို့သော် နောက်ကျသွားချေပြီ။

ကို့ကျဲကျုံးလီ၏ လက်ဝါးနှစ်ဖက်ရိုက်ချက်သည် သူမ၏ ကျောပြင်အား ပြင်းထန်စွာ ရိုက်ချလိုက်သည်။



'ဝုန်း'

ဟူသော အသံကျယ်လောင်စွာမြည်ဟည်းလာကာ ဝမ်းဇွေချင်း၏ခန္ဓာကိုယ်သည် ကြိုးပြတ်သွားသည့် စွန်ပမာ လွင့်စဉ်သွားလေသည်။ ယင်းနောက် ... ကျောက်နံရံနှင့် ရိုက်မိကာ ပြုတ်ကျလာလေသည်။

'ဝေါ့'

သွေးများသည် ပါးစပ်ထဲမှ လွင့်စဉ်ကျလာသည်။ သူမသည် တစ်ချက်မျှ လူးလွန့်ပြီးနောက် သူမ၏ဝိညာဉ်သည် သူမခန္ဓာကိုယ်မှ ဖယ်ခွာသွားလေတော့သည်။

✻ ✻ ✻

## အခန်း (၂၃)
## အတုမဲ့သစ္စာ

နံနက်ခင်း၏နေရောင်ခြည်သည် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းဆီမှ အလင်းရောင်ဖြန့်ဝေလျက်ရှိသည်။

ထို့ကြောင့် ... သတ္တလောကကြီးတစ်ခုလုံးတွင် နေရောင်ခြည်၏အလင်းရောင်ဖြင့် အရာအားလုံးကို ထင်ရှားပြတ်သားစွာ မြင်တွေ့နေရလေသည်။

သို့သော် ... ပန်းပေါင်းစုံတောင်ကြားကလေးထဲတွင်မူ အလင်းရောင်အား ယုတ်လျော့နေသည်။ ထိုအလင်းရောင်ယုတ်လျော့နေသော ပန်းပေါင်းစုံတောင်ကြားကလေးထဲ၌ ယခု လူရွယ်တစ်ယောက် ဖြည်းညင်းစွာ လျှောက်လာနေသည်။

ကို့ကျဲကျုံးလီပင် ဖြစ်ပါသည်။

သူသည် ကျဉ်းမြောင်းမှောင်မည်းနေသော ပန်းပေါင်းစုံတောင်ကြားအတိုင်း လျှောက်လာရင်း ရင်ထဲ၌ ဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရသည်။



မိန်းကလေးတစ်ယောက်၏ မာယာကွန်ရက်တွင် တွယ်ငြိကြင်နာသနားမိခဲ့သော မေတ္တာတရားကြောင့် အလွန်သစ္စာကြီးမားသော ဒေါင်းမင်းသခင်ကြီး၏တန်ဖိုးကြီးမားလှသည့် ဒေါင်းမင်းလက်နက်ပုန်းသည် ပျောက်ဆုံးခဲ့ရချေပြီ။

ယင်းကြောင့် ... မိမိ၏ကတိအတိုင်း ဒေါင်းမင်းဂေဟာသို့ သွားကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မည်ဟု ဆုံးဖြတ်ထားလေသည်။

သူသည် ဤဒေါင်းမင်းလက်နက်ပုန်း ပျောက်ဆုံးသည့် ပြစ်ဒဏ်သည် မိမိအသက် ဆယ်ကြိမ်သေသင့်သည်ဟု ဆုံးဖြတ်ထား၏။ သူ ဤသို့စဉ်းစားရင်း ဖြည်းညင်းစွာ လျှောက် လာစဉ် ...

'ခွပ် ခွပ် ခွပ် ခွပ်'

ရုတ်တရက် မြင်းခွာသံများ ကြားလိုက်ရလေသည်။

သူသည် ရန်သူများ၊ ထပ်မံရောက်ရှိလာသလောဟု တွေးကာ ရင်ထိတ်သွားလေသည်။ ဤနေရာတွင် တိုက်ခိုက်ပါလျှင် မည်မျှသိုင်းပညာ ထိပ်သီးအဆင့်ရှိသော သိုင်းထိပ်သီးတစ်ယောက်ဖြစ်စေကာမူ အခြေအနေဆိုးရွားနိုင်ကြောင်း နားလည်ထားသည်။

ယင်းအချိန်မှာပင် ... မြင်းတစ်ကောင်သည် ဘွားခနဲ ထွက်

ပေါ်လာသည်။ မြင်းပေါ်တွင် အလွန်ချောမောနုနယ်သော မိန်းက လေးတစ်ယောက် ပါရှိလာလေသည်။

သူမသည် ကို့ကျဲကျူးလီအား တွေ့မြင်လိုက်သောအခါ မြင်း ဇက်ကြိုးကို တုံ့ခနဲဆွဲ၍ ရပ်တန့်လိုက်သည်။ ကို့ကျဲကျူးလီသည် သူမ အား အံ့သြစွာဖြင့် ကြည့်လိုက်သည်။ အတန်ကြာမှာ ...

"မင်း ... မင်းက"

မိန်းကလေးသည် လှပစွာပြုံးလျက် ခေါင်းညိတ်လိုက် သည်။

"ဟုတ်ပါတယ် ... ကျွန်မ ချန်းစုံထန်ပါ"

သူမက ပြောပြီး မြင်းပေါ်ခုန်ဆင်းလိုက်သည်။ ကို့ကျဲကျူး လီသည် သူမအား တွေ့မြင်နေသော်လည်း အိပ်မက်မြင်မက်နေ သည့်အလား ငေးငိုင်လျက် ကြည့်နေလေသည်။

ချန်းစုံထန်သည် ဝိုင်းစက်ကြည်လင်သောမျက်လုံးအစုံဖြင့် ဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်သည်။

"ဒါနဲ့ ဝမ်းမိန်းကလေးရော"

ကို့ကျဲကျူးလီ၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာ လေသည်။

"သေပြီ"



ချန်းစုံထန်သည် အံ့သြသွားဟန်ဖြင့် မျက်ခုံးပင့်ကာ ကြည့် လိုက်သည်။

"အို ... သူ့ကို ဘယ်သူ သတ်လိုက်တာလဲ"

ကို့ကျဲကျူးလီ၏မျက်နှာ ပို၍အေးစက်တင်းမာလာလေ သည်။

"ကျုပ်"

ချန်းစုံထန်သည် ဒုတိယအကြိမ် မျက်ခုံးပင့်တက်သွားပြန် သည်။

"ဘယ်လို ... ရှင် သူ့ကိုသတ်လိုက်တယ် ... ဟုတ်လား၊ ရှင်က သူ့ကို စုံမက်မောတွယ်တာခဲ့တယ် မဟုတ်လား"

ကို့ကျဲကျူးလီက ပြုံးလိုက်သည်။

"ဟုတ်ပါတယ် ... ကျုပ်ဟာ အသက်ကယ်ခဲ့ဖူးတဲ့ ကျေးဇူး တရားကြောင့် သူ့ဘဝကို နောက်ဆုံးရလဒ်က နာကျင်ကြေကွဲခဲ့ရ တယ်"

သူက သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်သည်။

"ကျုပ် ဘယ်လောက်နာကျင်ကြေကွဲခဲ့ရသလဲဆိုရင် သူ့ကို သတ်ပစ်ခဲ့တဲ့အထိပါပဲ"

"ရှင် သည်လောက်နာကျင်နေတာကိုကြည့်ရင် ဝမ်းမိန်းက

လေးဟာ လမုန့်ရာသီပွဲတော်မှာ တွေ့ခဲ့ရတဲ့ ကိုးနဂါးဂေဟာပေါ်က မိန်းကလေးများ ဖြစ်နေမလား"

ကို့ကျဲကျုံးလီသည် ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ကျွန်မရဲ့အစ်ကိုကြီး ပြန်ပြောပြလို့ ငွေရဲတင်းအကြောင်း သိလိုက်တာနဲ့ ဖေဖေဟာ ချက်ချင်းပဲ တိကျတဲ့အဖြေတစ်ခု ပြောခဲ့တယ်၊ အဲဒါကတော့ ဒီမိန်းကလေးဟာ ချူးဖုံးလျှံဆိုတာပဲ၊ အဲဒီတုန်းက ချူးသခင်ကြီးရဲ့ လူယုံတော်နဲ့ ချူးဖုံးလျှံတို့ နှစ်ယောက် ထွက်ပြေးလွတ်မြောက်သွားတာကို ဖေဖေက သေချာ မှတ်မိနေတယ်လေ"

ကို့ကျဲကျုံးလီသည် မျက်မှောင်ကြုတ်လိုက်သည်။

"ဒါဖြင့် ဒေါင်းမင်းဂေဟာသခင်ကြီးက ဘာဖြစ်လို့ ကျုပ်ကို ဒီကိစ္စ မပြောတာလဲ"

ချန်းစုံထန်သည် ပါးချိုင့်လေးများပေါ်အောင် ပြုံးလိုက်သည်။

"ရှင်က လူတွေအပေါ် ကရုဏာသက်နေတဲ့ အချိန်မျိုးမှာ သည်ကိစ္စကိုပြောရင် ရှင် ယုံပါ့မလား၊ ဒါကြောင့် ဖေဖေက ရှင့်ကို ဒီကိစ္စမပြောဝံ့တာ"

ကို့ကျဲကျုံးလီသည် ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။



"ကျုပ်က တကယ်အတဲ့လူပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ လှည့်စားမှုကို ခံစားခဲ့ရတယ်"

"ဒါကတော့ ... ရှင့်အပြစ် မဟုတ်ပါဘူး၊ ကံကြမ္မာဆိုတာ ဘယ်သူမှ မှန်းဆလို့ ရတာမဟုတ်ပါဘူး"

ကို့ကျဲကျုံးလီ၏မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။

"မင်းတို့ ဒေါင်းမင်းဂေဟာမိသားစုဟာ တကယ့်ကို စိတ်ထားဖြူစင်ပြီး သဘောထားပြည့်ဝကြပါတယ်၊ ကျုပ်ရင်ထဲမှာ တကယ်ခံစားနေရတယ်"

ချန်းစုံထန်က မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"ဟုတ်လား ... ရှင် ဘာတွေခံစားရလို့လဲ"

ကို့ကျဲကျုံးလီသည် ခေါင်းငုံ့သွားလေသည်။ အတန်ကြာမှ တီးတိုးပြောလိုက်၏။

"ကျုပ်ရဲ့အသုံးမကျမှုကြောင့် ဒေါင်းမင်းလက်နက်ပုန်း ပျောက်ဆုံးသွားရပါပြီ"

ချန်းစုံထန်က ရယ်မောလိုက်သည်။

"ခစ် ခစ် ခစ် ... ဒီအတွက်တော့ ရှင် ဘာမှစိတ်မကောင်း မဖြစ်ပါနဲ့ရှင်၊ အခုလောက်ဆိုရင် ဒေါင်းမင်းလက်နက်ပုန်းဟာ နိုင်ငံ

တော်ကာကွယ်ရေးစီမံချက်တွေမှာ ပါဝင်ကူညီဖို့ နေပြည်တော်ကို ရောက်နေပါပြီ"

ကို့ကျဲကျုံးလီသည် သူမ၏စကားကြောင့် အလွန်အမင်း အံ့အားသင့်နေမိလေသည်။ ရုတ်တရက် ... သူသည် ဒေါင်းမင်းဂေဟာမှ ပြန်ထွက်လာစဉ် မိုးရွာသွန်းသဖြင့် အိမ်ပျက်ကြီးတွင် ချန်းစုံထန်နှင့်တကွ တည်းခိုခဲ့သည်ကို အမှတ်ရမိ၏။

"ဟင် ... ဒါ ... ဒါဖြင့် ဒေါင်းမင်းလက်နက်ပုန်းဟာ ပျောက်ဆုံးခဲ့တာ မဟုတ်ဘူးပေါ့ ...ဟုတ်လား"

ချန်းစုံထန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဖေဖေနဲ့အစ်ကိုကြီးတို့ ပြောနေတဲ့စကားတွေ ကြားတာနဲ့ ကျွန်မက ဒီပစ္စည်းပြန်ယူသွားပြီး ကျောက်ခဲတွေနဲ့ လဲထည့်ပေးလိုက်တာပါ"

သူမက စကားဆက်လိုက်သည်။

"ဒီလိုလုပ်တာက ရှင့်အတွက် အခက်အခဲ ရှိမယ်ဆိုတာ သိထားပေမယ့် ရှင့်ရဲ့အခြေအချင်းကို ယုံကြည်လို့ အခုလို ကြံစည်ခဲ့ရတာပါ"

ကို့ကျဲကျုံးလီသည် အလွန်ဝမ်းသာသွားလေသည်။ သူသည် ချန်းစုံထန်အနီးသို့ လျှောက်သွားကာ လက်နှစ်ဖက်အား ဆုပ်ကိုင်လိုက်သည်။



"ဟာ ... ဒါဆိုရင် ဒေါင်းမင်းလက်နက်ပုန်းက ပျောက်ဆုံးသွားတာ မဟုတ်ဘူးပေါ့နော်"

ချန်းစုံထန်က လှပစွာပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ ကို့ကျဲကျုံးလီက ကျေနပ်စွာ ပြုံးလိုက်သည်။

"ဒါနဲ့ ... ညီမ အခု ပန်းပေါင်းစုံတောင်ကြားကိုလာတာ ကိစ္စရှိလို့လား"

ချန်းစုံထန်သည် ပြုံး၍ ခေါင်းညိတ်ပြလိုက်ပြန်သည်။

"ရှိတာပေါ့"

ကို့ကျဲကျုံးလီက မျက်မှောင်ကြုတ်လိုက်လေသည်။

"ဘာကိစ္စလဲ"

ချန်းစုံထန်က သူ့အား ရွှန်းလဲ့သောမျက်လုံးအစုံဖြင့် ကြည့်လိုက်၏။

"အင်မတန် လှပသေသပ်တဲ့ ထောင်ချောက်တစ်ခုထဲမှာ လမ်းစပျောက်နေတဲ့ ရှင့်ကို ဖေးမကူညီချင်လို့ပါ"

ကို့ကျဲကျုံးလီသည် သူမအား တောက်ပသောမျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။ ယင်းနောက် ရုတ်တရက် တင်းကျပ်စွာ သိုင်းဖက်ထားလိုက်လေသည်။

"ဟုတ်ပါတယ် ... ကျုပ်က အင်မတန်သေသပ်လှပတဲ့ ထောင်ချောက်တစ်ခုထဲမှာ လမ်းစပျောက်နေတဲ့လူပါ၊ အခုမှပဲ ကိုယ့်မေတ္တာ ဘယ်နေရာမှာ ထားသင့်တယ်ဆိုတာ နားလည်သဘောပေါက်ပါပြီ"

ချန်းစုံထန်သည် ကြည်လင်စွာရယ်မောလိုက်သည်။ ကို့ကျဲဂျိုးလီကလည်း ရယ်မောလိုက်လေသည်။ သူတို့နှစ်ယောက်၏ ရယ်မောသံများသည် ပန်းပေါင်းစုံတောင်ကြားတစ်ခုလုံးအား လွှမ်းခြုံသွားလေသည်။

ဝဏ္ဏအောင်